# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်နေ့ ၂၀၁၆ ခုနှစ်၊ မတ် ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ [၅၅]၊ အမှတ် [၁၇၅]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပါကစ္စတန်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် မတ် ၂၃**

၂၀၁၆ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ မမ်နွန်ဟူစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ *စာမျက်နှာ ၅ ကော်လံ ၅* ✱

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးနှင့် ဘိုအောညီလာခံတက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိ

**စန်းယ မတ် ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အဖွဲ့ဝင်များနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘိုအောမြို့တွင် ကျင်းပမည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး ထိပ်သီးအစည်းအဝေးနှင့် အာရှဒေသဆိုင်ရာ ဘိုအောညီလာခံသို့ တက်ရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒေါက်တာသန်းအောင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ သံရုံးယာယီတာဝန်ခံ မစ္စတာ ချန်းချန်းတို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆




**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲ/အစိုးရအဖွဲ့ အကြီးအကဲများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**
(သတင်းစဉ်)

**ပြည်ထောင်စုလွှတ်တော်အစည်းအဝေး**

## နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူကအဆိုပြုထားသည့် ပြည်ထောင်စုဝန်ကြီးများအမည်စာရင်း လွှတ်တော်သို့တင်ပြ

စာမျက်နှာ » ၇




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# သွားနှင့်ခံတွင်းကျန်းမာရေး အလေးထား

ခေတ်မီတိုးတက်လာသည့်အလျောက် လူအများစုမှာ နေ့စဉ်သွားတိုက်ခြင်းအလေ့အထ မှန်မှန်ပြုလုပ်ကြသော်လည်း အချို့မှာမူ သွားနှင့်ခံတွင်း ကျန်းမာရေးကို တန်ဖိုးထားလုပ်ဆောင်နိုင်မှုအားနည်းခြင်းများကြောင့် နောက်ဆက်တွဲဆိုးကျိုးရောဂါများခံစားနေကြရပါသည်။ ယခုအခါ သုတေသနပညာရှင်များ၏ စမ်းသပ်လေ့လာတွေ့ရှိချက်များအရ သွားနှင့်ခံတွင်းရောဂါသည် အခြားရောဂါများဖြစ်ပွားမှုနှင့် ဆက်စပ်လျက်ရှိပါသည်။

သွားဖုံးရောဂါကိုဖြစ်ပွားစေတတ်သော ပိုးမွှားများသည် နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ ကိုယ်ဝန်ဆောင်များလမစေ့ဘဲ မွေးဖွားခြင်း၊ ပေါင်ချိန်မပြည့်သောကလေးများ မွေးဖွားခြင်းစသည့် ကျန်းမာရေးပြဿနာများနှင့် ဆက်စပ်လျက်ရှိပါသည်။ သွားပိုးစားခြင်းနှင့် သွားဖုံးရောဂါများမှသည် အသက်အန္တရာယ်ကိုထိခိုက်နိုင်သည့် ခံတွင်းကင်ဆာအထိ ဖြစ်ပွားနိုင်ပါသည်။ အထူးသဖြင့် ကွမ်းစားခြင်း၊ ကွမ်းငုံခြင်းကြောင့် ခံတွင်းကင်ဆာကို ဖြစ်ပွားစေနိုင်ပါသည်။

ကွမ်းသီးတွင်ပါဝင်သော အေရီကိုလင်းဓာတ်ပစ္စည်းသည် ခံတွင်းကင်ဆာကို ဖြစ်ပွားနိုင်ပါသည်။ ကွမ်းယာကိုအဆက်မပြတ်စားလေ့ရှိပြီး ခံတွင်းကျန်းမာရေးအားနည်းသူများသည် ခံတွင်းကင်ဆာဖြစ်ပွားနိုင်သည့် အလားအလာများစွာရှိနေကြောင်း ပညာရှင်တို့က ဆိုထားပါသည်။

သွားနှင့်ခံတွင်းကျန်းမာရေးကို လူတိုင်းသတိပြုရန် လိုအပ်လာသည်။ ပညာရှင်တို့၏အဆိုအရ နေ့စဉ် နံနက်တစ်ကြိမ်၊ ညအိပ်ရာမဝင်မီတစ်ကြိမ်သွားတိုက်သင့်ကြောင်း အသိပေးလျက်ရှိပါသည်။ သို့သော် နေ့စဉ်တစ်ကြိမ်မျှပင် သွားမတိုက်မိသူများရှိပါသည်။ သွားတိုက်ရာတွင်လည်း သွားတိုက်ဆေးဖြင့်သာတိုက်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ သို့သော် အချို့သောကျေးလက်ဒေသများ၌ သွားတိုက်ရာတွင် မီးသွေးခဲ၊ ပြာ၊ သဲ၊ အုတ်နီခဲမှုန့်တို့ကို အသုံးပြုကြသည်ကိုလည်း တွေ့ဖူးပါသည်။ ယင်းမှာ မှားယွင်းသော ကျန်းမာရေးအသိပင်ဖြစ်သည်။ ဗက်တီးရီးယားပိုးများ ခံတွင်းသို့ဝင်ရောက်ကာ သွားဖုံးများ ထိခိုက်ပျက်စီးစေနိုင်ပါသည်။ သွားဖုံးနှင့်ခံတွင်းသားများသည် အလွန်နူးညံ့ပြီး ထိခိုက်ပျက်စီးလွယ်ပါသည်။

ကမ္ဘာပေါ်တွင် သွားနှင့်ခံတွင်းရောဂါခံစားရသူ အရေအတွက်သည် ကမ္ဘာ့လူဦးရေ၏ ၉၀ ရာခိုင်နှုန်းရှိကြောင်း ပညာရှင်တို့၏ အဆိုအရသိရပါသည်။ ဤအချက်မှာ လူတိုင်းသွားနှင့်ခံတွင်းကျန်းမာရေးကို အထူးသတိပြုကြရန် အသိပေးနေခြင်းဖြစ်ပါသည်။ သွားနှင့်ခံတွင်း ကျန်းမာရေးအားနည်းမှုများကြောင့် သွားနာ၊ သွားကျိုး၊ သွားဖုံးရောင် ရေစီးကမ်းပြိုရောဂါများဖြစ်ပွားရုံသာမက အခြားသောနှလုံး၊ သွေးတိုး၊ ဆီးချို၊ လေဖြတ်အစရှိသော နာတာရှည်ရောဂါများလည်း ဖြစ်ပွားနိုင်ပါသည်။ သို့ဖြစ်၍ လူတိုင်းလူတိုင်း နံနက်၊ ညနေ့စဉ် သွားနှစ်ကြိမ်တိုက်ခြင်းဖြင့် သွားနှင့်ခံတွင်းကျန်းမာရေးကို အလေးထားလုပ်ဆောင်ကြရန် အသိပေးတိုက်တွန်းအပ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


## ကျောက်ချောလမ်းသစ်ဖွင့်

**မာန်အောင် မတ် ၂၂**

(၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ်တွင် မာန်အောင်-ခအုံးမော်-ပင်လယ်ဆင်းလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၀ ရက်က ကျင်းပသည်။ အဆိုပါလမ်းကို မာန်အောင်စီမံလန်းဖွံ့ဖြိုးကုမ္ပဏီမှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၂၆ သန်းဖြင့် ဆက်သွယ် ဖောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**အောင်လှဖြူ**

## (၇၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## စစ်တောင်းတံတား အမှတ်(၃) (ထန်းတပင်) တည်ဆောက်လျက်ရှိ

**နေပြည်တော် မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် ခပေါင်း-မြင်းစု-ထန်းတပင်လမ်းပေါ်ရှိ အရှည်ပေ ၁၂၀၀၊ စစ်တောင်းတံတားအမှတ်(၃) (ထန်းတပင်)သို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် မတ် ၁၉ ရက်က ရောက်ရှိပြီး တံတားချဉ်းကပ်လမ်း ဆောင်ရွက်ပြီးစီးမှု၊ ထန်းတပင် ဘက်ကမ်း အဝိုင်းပတ်လမ်း ဆောင်ရွက်နေမှုနှင့် တံတားအချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးက တံတားကြီး တည်ဆောက်ပြီးစီး၍ မကြာမီခရီးသွားပြည်သူများ အသုံးပြုနိုင်တော့မည်ဖြစ်သည့်အတွက် စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီရေး၊ တံတားအောက် ရေလမ်းကြောင်း ရှင်းလင်းပေးရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တောင်ငူ-ကျောက်ကြီး- စစ်တောင်း-မုပ္ပလင်လမ်းပေါ်ရှိ တပြေးတံတား တည်ဆောက် နေမှု၊ ကြံ့ခိုင်မှုအားနည်းသော ဒိုးသောင်ဘေလီတံတားနေရာတွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၆)မှ အရှည် ပေ ၄၀၀ ကွန်ကရစ်တံတားအသစ် တည်ဆောက်နေမှုနှင့် တောင်ငူခရိုင်မှ တံတားချဉ်းကပ်လမ်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေကူသစ်သားတံတားကြီးကို ပြုပြင်ပေးရန်လိုအပ်နေ

**ထင်သာမြင်သာပြုပြင်စရာ**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ညောင်ရမ်းကျေးရွာနှင့် သာစည်မြို့သို့ ဆက်သွယ်ထားသော မြေသားလမ်းမကြီးပေါ်ရှိ ရွှေကူသစ်သားတံတားကြီးမှာ ယခုအခါ ယာဉ်ကြီး ယာဉ်ငယ်များသွား၍ မရအောင် အခင်းပျဉ်များဖရိုဖရဲဖြစ်ပြီး အချို့နေရာများတွင် အပေါက်ကြီးများ ရှိနေသောကြောင့် ညအချိန်ရပ်ဝေးမှ မောင်းနှင်လာကြသည့် ယာဉ်များအနေဖြင့် အန္တရာယ်ဖြစ်နိုင်ကြောင်း သိရသည်။



အဆိုပါ ပျက်စီးယိုယွင်းနေသော တံတားကြီးမှာ အရှည်ပေ ၁၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၅ ပေရှိကာ အုတ်ခုံခံသစ်သားတံတားဖြစ်သည်။ ညောင်ရမ်းမှ သာစည်သွားမြေသားလမ်းမကြီးမှာ ခုနစ်မိုင်ရှိပြီး ညောင်ရမ်း တိုက်နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၃ အုပ်စုတို့မှ အိမ်ထောင်စု ၂၈၀၅ စု၊ လူဦးရေ ၁၃၂၉၇ ဦး တို့၏ အဓိက အားထားသွားလာနေရသည့် လမ်းမကြီးဖြစ်သည်။

အဆိုပါတံတားကြီးမှာ ညောင်ရမ်း တိုက်နယ်အတွင်းရှိ ကျေးလက်ပြည်သူများ ကုန်စည်စီးဆင်းမှုနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများတွင် အဓိကအားထားနေရသော တံတားကြီးဖြစ်၍ ယခုပျက်စီးနေသည့် တံတားကြီးကို သက်ဆိုင်ရာမှ အမြန်ဆုံးပြန်လည်ပြုပြင်ပေးစေလိုကြောင်း ကျေးလက်နေပြည်သူများက လိုလားလျက်ရှိသည်။

**မောင်ကို(သာစည်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၂-၃-၂၀၁၆

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၀၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၅၇၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၄၇၀ / ၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၂၀ ကျပ် |

### စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)

| | |
|---|---|
| ဒီဇယ် | ၉၃၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၁၀၂၀၀၀/၁၀၃၀၀၀ကျပ် |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၂.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၄.၆၉ |
| ထိုင်း | တစ်ဘတ် | ၃၄.၈၈၁ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၃၃၃ |
| တရုတ် | တစ်ယွမ် | ၁၈၈.၀၅ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၂၄၄ |

ခင်ရတနာ-စုစည်းသည်။



ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းအား ဒုတိယသမ္မတ ဦးဉာဏ်ထွန်း နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်လာသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ လီခချန်း ကြိုဆိုနှုတ်ဆက်စဉ်။



◆ ရှေ့ဖုံးမှ

ဒုတိယသမ္မတနှင့်အတူ အဖွဲ့ဝင်များအဖြစ် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဦးသန့်ကျော်၊ ဦးခင်ဇော်၊ ဦးဇင်ယော်၊ ဒေါက်တာ ပွင့်ဆန်းနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

ဒုတိယသမ္မတနှင့် အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နယ်ပြည်နယ် စန်းယမြို့သို့ ရောက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ တရုတ်နိုင်ငံသံအမတ်ကြီးဟောင်း မစ္စတာကွန်မြူး၊ ဟိုင်နယ်ပြည်နယ် စန်းယမြို့ ဒုတိယမြို့တော်ဝန် မစ္စတာဝူဖန်းနှင့် တာဝန်ရှိသူများက စန်းယလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် MGM ဟိုတယ်သို့ ရောက်ရှိကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် Sheraton ဟိုတယ်၌ တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ လီခချန်းက မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးကို ပထမဆုံးအကြိမ်စတင်ကျင်းပခြင်းဖြစ်ပြီး အစည်းအဝေးဆောင်ပုဒ်အဖြစ် "မြစ်ကို မျှဝေသုံးစွဲမှုမှတစ်ဆင့် အနာဂတ်ကို မျှဝေဖော်ဆောင်ခြင်း" ဟု သတ်မှတ်ထားသည်။ အဆိုပါအစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ကြမည်ဖြစ်သည်။ အာရှဒေသဆိုင်ရာ ဘိုအောညီလာခံကိုလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘိုအောမြို့၌ မတ် ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)



ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းအား တာဝန်ရှိသူများက စန်းယလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

# မိုင်းဝရေအားလျှပ်စစ်စီမံကိန်းအား BOT စနစ်အခြေခံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လက်မှတ်ရေးထိုး

**နေပြည်တော် မတ် ၂၂**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်း ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်တို့အကြား ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းလားမြို့နယ် နမ့်လွေချောင်းပေါ်၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် မိုင်းဝရေအားလျှပ်စစ်စီမံကိန်း ၆၆ မဂ္ဂါဝပ်ကို BOT စနစ်အခြေခံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်ပဋိညာဉ်စာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါပဋိညာဉ်စာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်အရှေ့ပိုင်း ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးကြည်မြင့်နှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေးကို ဆောင်ရွက်ရာတွင် ရေအားလျှပ်စစ်သာမက သဘာဝဓာတ်ငွေ့၊ ဒီဇယ်၊ ကျောက်မီးသွေး၊ နေအားလေအား၊ အခြားဇီဝနှင့် စွန့်ပစ်ပစ္စည်းလောင်စာတို့မှ ထုတ်လုပ်နိုင်သမျှ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနမှ ကိုယ်တိုင်အကောင်အထည်ဖော် တည်ဆောက်ခြင်း၊ ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များ၏ရင်းနှီးမြှုပ်နှံမှု BOT စနစ်ဖြင့် ဆောင်ရွက်ခြင်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ JV/ BOT စနစ်နှင့် ဆောင်ရွက်ခြင်းဆိုသည့် နည်းလမ်းသုံးသွယ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ ပဋိညာဉ်စာချုပ်လက်မှတ်ရေးထိုးခြင်းသည်လည်း လျှပ်စစ်စီမံကိန်းများကို ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များ၏ရင်းနှီးမြှုပ်နှံမှုဖြင့် BOT စနစ်နှင့် ဆောင်ရွက်ခြင်းဆိုသည့် အခန်းကဏ္ဍထဲက တစ်ခုဖြစ်ကြောင်း။

ယခု မိုင်းဝရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်မည့် ရှမ်းပြည်နယ်အရှေ့ပိုင်း ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်အနေဖြင့်လည်း စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် စီမံကိန်းတည်ဆောက်မည့် နေရာဒေသ၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာရန်၊ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်အကူအညီများဆောင်ရွက်ပေးရန်၊ သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်အကျိုးသက်ရောက်မှုအပေါ် အလေးထားဆောင်ရွက်ရန်၊ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကို တိကျစွာလိုက်နာရန်လိုကြောင်း။

နိုင်ငံတော်အနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ဓာတ်အားရရှိရေး အစီအစဉ်အရ ကျေးလက်ဒေသအထိပါ လျှပ်စစ်ဓာတ်အားရရှိနိုင်ရေး ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိရာမှာ ယခု ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းလားမြို့နယ် နမ့်လွေချောင်းပေါ်၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် မိုင်းဝရေအားလျှပ်စစ်စီမံကိန်းသည် ဒေသခံများအတွက် လိုအပ်သောလျှပ်စစ်ဓာတ်အားကိုရရှိရုံသာမက နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် အထောက်အကူပြုမည့် စီမံကိန်းဖြစ်သည့်အတွက် ကြိုဆိုကြောင်းနှင့် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အစီအစဉ်အရ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးဆန်းနှင့် ရှမ်းပြည်နယ် အရှေ့ပိုင်း ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးကြည်မြင့်တို့က မိုင်းဝရေအားလျှပ်စစ်စီမံကိန်းကို BOT စနစ်အခြေခံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်ပဋိညာဉ်စာချုပ်ကို လက်မှတ်ရေးထိုးကြပြီး စာချုပ်များ အပြန်အလှန်လဲလှယ်ကြသည်။

(သတင်းစဉ်)

# သမ္မတအိုဘားမား ကျူးဘားခရီးစဉ်အဆုံးသတ် လူ့အခွင့်အရေးကိစ္စဆွေးနွေးမည်

**ဟာဗားနား မတ် ၂၂**

သမ္မတဘားရက်အိုဘားမားသည် အနာဂတ်ဆက်ဆံရေး မျှော်လင့်ချက်ဖြင့် သမိုင်းဝင်ခရီးနှင့်အတူ မိန့်ခွန်းပြောကြားပြီးနောက် ကျူးဘားကွန်မြူနစ်သမ္မတနှင့်အတူ ဘေ့စ်ဘောပွဲကြည့်ရှုကာ အင်္ဂါနေ့တွင် ခရီးစဉ်အဆုံးသတ်မည်ဟု ဆိုသည်။

လူ့အခွင့်အရေးနှင့်ပတ်သက်၍ သမ္မတရာအူးလ်ကက်စထရိုနှင့် တစ်နေ့တာ တွေ့ဆုံဆွေးနွေးပြီးနောက် ဟားဗားနားကားစက်ရုံမှ ပြည်သူများအား မိန့်ခွန်းပြောကြားမှုကို ကရစ်ဘီယံကျွန်းနိုင်ငံတစ်ဝန်း နိုင်ငံပိုင်မီဒီယာမှ တိုက်ရိုက်ရိုက်ကူးထုတ်လွှင့်သွားမည်ဟုဆိုသည်။

သမ္မတအိုဘားမားသည် အမေရိကန်သံရုံး၌ ကျူးဘားလူ့အခွင့်အရေးနှင့်ပတ်သက်ပြီး လူမှုရေးအဖွဲ့အစည်းများနှင့်လည်းတွေ့ဆုံဆွေးနွေးမည်ဟု ဆိုသည်။

သမ္မတအိုဘားမားအနေဖြင့် ဆယ်စုနှစ်ပေါင်းများစွာ သံတမန်ဆက်ဆံရေး အဆင်မပြေမှုများကို အဆုံးသတ်ရန် မျှော်လင့်ထားသည်။ ကျူးဘား တက်ကြွလှုပ်ရှားသူများနှင့် အိုဘားမားတွေ့ဆုံရန် အစီအစဉ်အပေါ် အိမ်ဖြူတော်က ထုတ်ပြန် ကြေညာခြင်းမရှိပေ။

(ရိုက်တာ)



# မာလီရှိ အီးယူစစ်ရေးလေ့ကျင့်ရာ ဌာနချုပ်ကို သေနတ်သမားများ တိုက်ခိုက်

**ဘာမာကို မတ် ၂၂**

မာလီမြို့တော် ဘာမာကိုရှိ ဟိုတယ်တစ်ခုကို တနင်္လာနေ့တွင် သေနတ်သမားများ ဝင်ရောက်ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။ အဆိုပါဟိုတယ်သည် အီးယူစစ်ရေးလေ့ကျင့်ရာ ဌာနချုပ်အဖြစ် ပြောင်းလဲအသုံးပြုနေခြင်းဖြစ်သည်။ စစ်ဆင်ရေးအရာရှိများကိုမူ တစ်စုံ တစ်ရာ ထိခိုက်မှုမရှိကြောင်း သိရသည်။

ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲအချိန်တွင်ဖြစ်ပွားသော အဆိုပါ တိုက်ခိုက်မှုသည် မည်သည့်အဖွဲ့အစည်း လက်ချက်ဖြစ်ကြောင်း ချက်ချင်းမသိရသေးပေ။ သို့သော်လည်း မာလီနှင့် အနောက်အာဖရိကနိုင်ငံများသည် အယ်ခိုင်ဒါအဖွဲ့ လက်ဝေခံ အိုင်အက်စ်စစ်သွေးကြွများ၏ ပစ်မှတ်ထားတိုက်ခိုက်မှုကို ခံနေကြရသည်။

လုပ်ကြံတိုက်ခိုက်သူများထဲမှ တစ်ဦးကို ပစ်သတ်နိုင်ခဲ့ကာ အခြားသံသယဖြစ်ဖွယ်နှစ်ဦးကို ဖမ်းဆီးနိုင်ခဲ့ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း ပြည်တွင်းလုံခြုံရေးဝန်ကြီးက ပြောသည်။

မာလီလုံခြုံရေးတပ်ကို လေ့ကျင့်ပေးရန်အတွက် စေလွှတ်ထားသော အီးယူအရာရှိ ၆၀၀ ခန့်ရှိရာ ရုံးချုပ်ဖြစ်သော ဘာမာကိုရှိ နောဒ့်စုဟိုတယ်ကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်သည်ဟု မျက်မြင်သက်သေတစ်ဦးက ပြောသည်။

(ရိုက်တာ)

# ဂျပန်နိုင်ငံ၏ အမျိုးသားလုံခြုံရေး ဥပဒေသစ် မတ်လ ၂၉ ရက်နေ့တွင် စတင် အာဏာသက်ရောက်မည်

**တိုကျို မတ် ၂၂**

ဂျပန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးဥပဒေသစ်သည် လာမည့် မတ် ၂၉ ရက်တွင် စတင်အာဏာသက်ရောက်မည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဥပဒေပြုအဖွဲ့က စုပေါင်း ကိုယ်ပိုင်ကာကွယ်ခွင့်ကို ကျင့်သုံးရန် နိုင်ငံတော်ကို ခွင့်ပြုလိုက်ခြင်းဖြစ်ပြီး နိုင်ငံရပ်ခြားရှိ ကိုယ်ပိုင် ကာကွယ်ရေးတပ်အင်အားစု၏ ဆောင်ရွက်ချက်များ ကိုလည်း တိုးမြှင့်လိုက်ခြင်းပင်ဖြစ်ကြောင်း သိရ သည်။

အင်္ဂါနေ့တွင်ပြုလုပ်ခဲ့သော ဝန်ကြီးအဖွဲ့အစည်းအဝေးတွင် အစိုးရက ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။ ယင်းဥပဒေများကို လွှတ်တော်က ပြီးခဲ့သော စက်တင်ဘာလက ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးများက အစားထိုးဥပဒေ ၂၆ ခုကို ပြန်လည်ဆန်းစစ်ရန် ဆုံးဖြတ်ခဲ့သည်။ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ကို ထိန်းချုပ်ထားသော စည်းမျဉ်းစည်းကမ်းများက ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ကို ကုလသမဂ္ဂတာဝန်များအတွက် စေလွှတ်ရန် ခွင့်ပြုထားကြောင်း သိရသည်။

သို့သော်လည်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ကို အစိုးရ၏တာဝန်သစ်များ ပေးအပ်ထမ်းဆောင်စေရန်မှာ ဥပဒေသစ်အာဏာသက်ရောက်ပြီးမှသာ ဖြစ်နိုင်လိမ့်မည်ဖြစ်သည်။

(အင်န်အိတ်ချ်ကေ)

# ဆီးရီးယားသမ္မတအာဆတ်၏ ကံကြမ္မာအပေါ် အစိုးရဆွေးနွေးမည်မဟုတ်ဟုဆို

**ဂျီနီဗာ မတ် ၂၂**

သမ္မတဘတ်ရှာအယ်လ်အာဆတ်၏ ကံကြမ္မာသည် ဆီးရီးယားစစ်ပွဲအဆုံးသတ်ရန် ဆွေးနွေးမှုနှင့်မသက်ဆိုင်ကြောင်း ဆီးရီးယားအစိုးရကိုယ်စားလှယ်တာဝန်ရှိသူက ပြောသည်။

အာဆတ်၏ အနာဂတ်နှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းမှုပြုလုပ်မည်မဟုတ်ကြောင်း ဒမတ်စကတ်ကိုယ်စားလှယ်ဘရှာဂျာအာဖာရီ **(ယာပုံ)** ကပြောသည်။ သို့ရာတွင် အကြမ်းဖက်တိုက်ဖျက်ရေးကြိုးပမ်းမှုသည် အစိုးရ၏ အဓိက ဦးစားပေးအလုပ်အဖြစ် ဆက်လက်ရှိနေဦးမည်ဟုဆိုသည်။

သမ္မတအာဆတ်၏ကံကြမ္မာနှင့်ပတ်သက်၍ ၂၀၁၂ ခုနှစ်ကတည်းက ကုလသမဂ္ဂကကြိုးပမ်းလျက်ရှိရာ အောင်မြင်မှုမရဘဲရှိသည်။ ၂၀၁၄ ခုနှစ်တွင် လူပေါင်း ၂၅၀၀၀၀ သေဆုံးပြီးဒုက္ခသည်အကျပ်အတည်းများဖြစ်ပေါ်နေမှုကိုအဆုံးသတ်ရန် ကြိုးပမ်းလျက်ရှိသော်လည်း အောင်မြင်မှုမရဘဲရှိသည်။ ဆီးရီးယားအရေးနှင့် ပတ်သက်၍ကုလသမဂ္ဂတွင်စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိရာ တနင်္လာနေ့တွင် ဒုတိယသီတင်းပတ်အဖြစ် ဝင်ရောက်လာသည်။

(ရိုက်တာ)



# မက္ကဆီကိုအလယ်ပိုင်း၌ ယမ်းမှုန့်ထည့်လာသည့် စည်ပိုင်းပေါက်ကွဲမှုကြောင့် သုံးဦးသေဆုံး

**မက္ကဆီကိုစီးတီး မတ် ၂၂**

မက္ကဆီကို အလယ်ပိုင်း၌ ယမ်းမှုန့်ထည့်၍သယ်ဆောင်လာသည့် စည်ပိုင်းတစ်ခုပေါက်ကွဲမှုဖြစ်ပွားရာ လူသုံးဦးသေဆုံးပြီး ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသမီဒီယာက တနင်္လာနေ့တွင် ဖော်ပြသည်။

အဆိုပါပေါက်ကွဲမှုသည် မွန်းတည့်ချိန် တူလ်တီပက်မြို့ပြင်၌ တရားမဝင် ယမ်းမှုန့်များသယ်ဆောင်လာသော သို့မဟုတ် ပေါက်ကွဲမှုအန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းများသယ်ဆောင်လာချိန်တွင် ဖြစ်ပွားခြင်းဖြစ်သည်။ အဆိုပါမြို့သည် မက္ကဆီကိုတွင် မီးရှူးမီးပန်းပြုလုပ်သော စက်ရုံများတည်ရှိရာနေရာအဖြစ်ကျော်ကြားသည်။တနင်္လာနေ့က ပြုလုပ်သောသတင်းစာရှင်းလင်းပွဲ၌ ပြည်နယ်အုပ်ချုပ်ရေးအရာရှိ အီရူဗီယယ် အေဗီလာက ပေါက်ကွဲမှုကြောင့် အိမ်ပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ပြောသည်။

ဒေသခံတစ်ဦး၏ တွစ်တာစာမျက်နှာတွင် ၄င်းသည် အရှိန်ပြင်းပေါက်ကွဲသံကိုကြားခဲ့ရကြောင်း တူတီတလန်ရှိ ၄င်း၏ရုံးခန်းထိအောင်ပင် အငွေ့များကို မြင်တွေ့ရသည်ဟု မီလန်နီယို နေ့စဉ်သတင်းစာကို ကိုးကားဖော်ပြထားသည်။ နိုင်ငံတွင်းရှိ မီးရှူးမီးပန်းထုတ်လုပ်သောစက်ရုံများကို သတ်မှတ်ထားသော စည်းမျဉ်းစံနှုန်းများနှင့်ကိုက်ညီမှုရှိသော တရားဝင်ပစ္စည်း များကိုသာအသုံးပြုရန် အေဗီလာက တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)

# မြောက်ကိုရီးယားသည် တနင်္လာနေ့က နည်းပညာသစ်ဖြင့် ဒုံးကျည်ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားပြော

**ဆိုးလ် မတ် ၂၂**

မြောက်ကိုရီးယားနိုင်ငံ အနေဖြင့် တနင်္လာနေ့က ဒုံးကျည်ငါးစင်းပစ်လွှတ်မှုတွင် ဒုံးကျည်ပစ်လွှတ်သည့် နည်းပညာသစ်တစ်ရပ်ကို အသုံးပြုခဲ့ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောခဲ့သည်။

မြောက်ကိုရီးယား အနေဖြင့် ဂျပန်ပင်လယ်ထဲသို့ ဒုံးကျည် ငါးစင်း ပစ်လွှတ်ခြင်းကို ကိုးကားပြောဆိုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ဒုံးကျည်များကို အရှေ့ပိုင်းမြို့တော် ဟမ်ဟန်အနီးမှ ပစ်လွှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ကင်ဂျုံအန်း လက်ထက်တွင် စွယ်စုံသုံး ဒုံးကျည်စနစ်သစ်တစ်ခုကို စမ်းသပ်နေခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် သတင်းအေဂျင်စီက အင်္ဂါနေ့တွင် ပြောခဲ့သည်။

ထိုသို့ ဒုံးကျည်ပစ်လွှတ်ခြင်းများပြုလုပ်ခြင်းသည် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေသော အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားတို့ကို ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။



(အင်န်အိတ်ချ်ကေ)

# ပနားမားတူးမြောင်း ရေခန်းခြောက်လာ၍ သင်္ဘောများ၏အလေးချိန်ကန့်သတ်

**ပနားမားစီးတီး မတ် ၂၂**

ရေလမ်းကြောင်းအတွင်း ရေခန်းခြောက်လာ၍ ပနားမားတူးမြောင်းအတွင်း သွားလာသော သင်္ဘောများအတွက် လာမည့်လတွင် ကန့်သတ်ရေးမူကြမ်းအသစ်ကို ချမှတ်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောသည်။

သင်္ဘောများ ရေလမ်းကြောင်း အသစ်ရှာဖွေရန် ဧပြီ ၁၈ ရက်မှ စတင်၍ အမြင့်ဆုံး ကန့်သတ်ချက် ၃၉ ပေအဖြစ် သတ်မှတ်မည်ဖြစ်သည်။သို့သော်လည်း အကျိုးသက်ရောက်မှု အနည်းငယ်သာရှိလိမ့်မည်ဟု ပနားမားတူးမြောင်းဆိုင်ရာ အာဏာပိုင်အဖွဲ့ကပြောခဲ့သည်။

ယာယီကာကွယ်ရေးကိစ္စရပ်များသည် ဒေသတွင်း အယ်နီညိုရာသီဥတုပြောင်းလဲမှု အကျိုးဆက်များနှင့်ပတ်သက်လျက်ရှိပြီး ရာသီအလိုက် ထူးခြားဖြစ်စဉ်များကြောင့်လည်း တူးမြောင်းအတွင်း ရေခန်းခြောက်စေသည်။ မတ် ၂၁ ရက် နောက်ပိုင်းမှစ၍ ကုန်ပစ္စည်းတင်သင်္ဘောများကို ကန့်သတ်ချက်များ ထပ်မံချမှတ်ရန်လိုအပ်လိမ့်မည်ဟု ပနားမားတူးမြောင်းဆိုင်ရာ အာဏာပိုင်အဖွဲ့ကပြောခဲ့သည်။

(ရိုက်တာ)

# နိုင်ငံတော်အကြီးအကဲ တာဝန်လွှဲပြောင်းရေးအခမ်းအနားကျင်းပရေးနှင့် အသွင်ကူးပြောင်းမှုချောမွေ့ရေး ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းမှု အထောက်အကူပြုကော်မတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အသွင်ကူးပြောင်းရေးအဖွဲ့တို့အကြား ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် သမ္မတအိမ်တော်၌ကျင်းပမည့် နိုင်ငံတော်အကြီးအကဲ တာဝန်လွှဲပြောင်းခြင်း အခမ်းအနားအစီအစဉ်နှင့် ညစာစားပွဲအစီအစဉ်များ၊ ပြည်ထောင်စုဝန်ကြီးများအား ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးနောက် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ သွားရောက်လေ့လာမည့် အစီအစဉ်များ၊ ပြည်ထောင်စုဝန်ကြီးအသစ်များထံ အပ်နှံမည့်အိမ်ရာများဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နိုင်ငံတော်အကြီးအကဲတာဝန် လွှဲပြောင်းမှု အထောက်အကူပြု ကော်မတီမှ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အုန်းနှင့် နိုင်ငံတော်သမ္မတရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ခဲ့ကြပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အသွင်ကူးပြောင်းရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းထိန်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာမျိုးအောင်နှင့် ဒေါက်တာအောင်သူတို့ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

---

**✱ ရှေ့ဖုံးမှ**

အလားတူ မတ် ၂၃ ရက်တွင်ကျရောက်သော ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မူဟာမက် နာဝပ်ဖ်ရှာရစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

---

# (၇၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု အညတရမိုးကောင်းကင်ဇာတ်လမ်း မြဝတီရုပ်သံလိုင်းများမှ ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၂**

၂၀၁၆ ခုနှစ် (၇၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် "အညတရမိုးကောင်းကင်" ဇာတ်လမ်းကို မတ် ၂၃ ရက်နှင့် ၂၅ ရက် ည ၉ နာရီခွဲတွင်လည်းကောင်း၊ မတ် ၂၆ ရက်ည မိုးလေဝသသတင်းအပြီးတွင်လည်းကောင်း၊ MWD Channel ၊ MWD Variety Channel၊ MWD Movies Channel နှင့် MWD Documentary Channel တို့မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မတ် ၂၂

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

(မြန်မာ့အလင်း)

---

# ရန်ကုန်-ပီနန် လေကြောင်းလိုင်း တိုက်ရိုက်ခရီးစဉ်အား အဲအေးရှားမှ စတင်ပျံသန်းပြေးဆွဲ

**ရန်ကုန် မတ် ၂၂**

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းပိုမို ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ရန်ကုန်မြို့မှ မလေးရှားနိုင်ငံ ပီနန်မြို့သို့ တိုက်ရိုက်ပြေးဆွဲမည့် လေကြောင်းလိုင်းသစ် ယနေ့မှစတင်ကာ အဲအေးရှားမှ စတင်ပျံသန်းပြေးဆွဲပေးမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြုလုပ်သည့် ခရီးစဉ်သစ်စတင်ဖွင့်လှစ်မည့် မီဒီယာရှင်းလင်းပွဲမှ သိရသည်။

အဆိုပါ လေကြောင်းလိုင်းသည် ယနေ့မှစတင်ကာ မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မလေးရှားနိုင်ငံ ပီနန်မြို့သို့ တစ်ပတ်လျှင် အင်္ဂါ၊ ကြာသပတေးနှင့် စနေနေ့တို့တွင် ပြေးဆွဲပေးမည်ဖြစ်သည်။ ယင်းလေကြောင်းလိုင်း ခရီးစဉ်တစ်ကြောင်း၌ ခရီးသည်ဝန်ဆောင်မှုအနေဖြင့် ခရီးသည်တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၃၅ ဒေါ်လာ သတ်မှတ်ထားကြောင်း သိရသည်။

"မြန်မာနိုင်ငံရဲ့ ရန်ကုန်မြို့ဟာ ပြီးခဲ့တဲ့နှစ်တွေကတည်းက နိုင်ငံခြားခရီးသွားတွေ ပိုမိုများပြားလာတာ တွေ့ရပါတယ်။ အခုလို ခရီးသည်များလာတာကြောင့် ပီနန်မြို့နဲ့ ခရီးစဉ်ကို စတင်ပြေးဆွဲဖြစ်တာဖြစ်တယ်။ အခုလို ကျွန်မတို့လေကြောင်းလိုင်းအနေနဲ့ ရန်ကုန်မြို့နဲ့ ပီနန်မြို့ကို တိုက်ရိုက်ပျံသန်းမှုဟာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု၊ နှစ်နိုင်ငံအကျိုးစီးပွား အလုပ်အကိုင်တိုးတက်မှုအပြင် ကုန်စည်စီးဆင်းမှုပါ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာပါ"ဟု အဲအေးရှားရဲ့ အမှုဆောင်အရာရှိချုပ် Ms.Aireen Omar က ပြောသည်။

အဲအေးရှား လေကြောင်းလိုင်း၏ ယခု ပီနန်-ရန်ကုန်ခရီးစဉ် ပြေးဆွဲမှုသည် တတိယမြောက်ခရီးစဉ်ဖြစ်ပြီး ယခင်ရန်ကုန်-ကွာလာလမ်ပူနှင့် ဗန်ကောက်ခရီးစဉ်တို့ကိုလည်း တစ်ပတ်လျှင် ၄၅ ကြိမ်နှုန်း ပျံသန်းလျက်ရှိသည်။ ထို့အပြင် အာရှနှင့် သြစတြေးလျနိုင်ငံတစ်ဝန်းရှိ မြို့ပေါင်း ၃၉ မြို့သို့လည်း တိုက်ရိုက်ပျံသန်း ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

ယနေ့ ရန်ကုန်-ပီနန် စတင်ပျံသန်းပြေးဆွဲသည့် အခမ်းအနားနှင့် စာနယ်ဇင်းရှင်းလင်းပွဲတွင် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားရေးမှူးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်၊ အဲအေးရှားမှ အမှုဆောင်အရာရှိချုပ် Ms.Aireen Omar၊ မလေးရှားသံရုံးမှ သံအမတ်ကြီး H.E.Mr.Mohdniff Abd. Rahman နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

---

## နိုင်ငံတကာသတင်း

# ဘရပ်ဆဲလ်လေဆိပ်နှင့် မြေအောက်ရထားဘူတာရုံ၌ ဗုံးပေါက်ကွဲ၊ ၃၄ ဦးသေဆုံး၊ ၁၇၀ ကျော် ဒဏ်ရာရရှိ

**ဘရပ်ဆဲလ် မတ် ၂၂**

ဘယ်လ်ဂျီယံနိုင်ငံ မြို့တော်ဘရပ်ဆဲလ်မြို့ရှိ နိုင်ငံတကာလေဆိပ်၏ ထွက်ခွာနားနေဆောင်တစ်ခုတွင် မတ် ၂၂ ရက် နံနက်ပိုင်းက ဗုံးပေါက်ကွဲမှုနှစ်ခု ဖြစ်ပွားခဲ့သည်။ **(ယာပုံ)** ယင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် မကြာမီအတွင်းမှာပင် မြို့လယ်ကောင်ရှိ ဥရောပသမဂ္ဂရုံးချုပ်အနီး၌ တည်ရှိသည့် မြေအောက်ဘူတာရုံတစ်ခု၌ နောက်ထပ်ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ လူ ၃၄ ဦးသေဆုံးပြီး ၁၇၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါပေါက်ကွဲမှုမှာ အသေခံဗုံးခွဲတိုက်ခိုက်ရေးသမားများ၏ လက်ချက်ပင်ဖြစ်ကြောင်းဖြင့် ဘယ်လ်ဂျီယံရုပ်သံလွှင့်ဌာနတစ်ခုဖြစ်သည့် VRT က ကြေညာသည်။

တိုက်ခိုက်ရေးသမားများသည် လေဆိပ်၌ ဖောက်ခွဲမှုများမပြုလုပ်မီ သေနတ်ပစ်ဖောက်မှုများပြုလုပ်ပြီး အာရေဗျဘာသာစကားဖြင့် အော်ဟစ်ခဲ့ကြောင်း၊ လေဆိပ်တွင်ဖြစ်ပွားသည့် အဆိုပါဗုံးပေါက်ကွဲမှုနှစ်ခုတွင် လူ ၁၁ ဦးသေဆုံးပြီး မြေအောက်ဘူတာရုံပေါက်ကွဲမှုတွင် လူ ၁၅ ဦး သေဆုံးကြောင်း၊ အဆိုပါပေါက်ကွဲမှုများတွင် ဒဏ်ရာရရှိသူ ၁၇၀ ကျော်ရှိကြောင်း ဘယ်လ်ဂျီယံသတင်းအေဂျင်စီ The Belga က ရေးသားဖော်ပြထားသည်။

ဒဏ်ရာရရှိသူများအနက် နောက်ထပ်သေဆုံးသူ ရှစ်ဦး ထပ်မံပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

၂၀၀၅ ခုနှစ်က လန်ဒန်မြေအောက်ရထားဘူတာရုံတစ်ခု၌ အလားတူ တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး လူ ၅၂ ဦး သေဆုံးမှုဖြစ်ပွားခဲ့ခြင်းကြောင့် မြို့တော်ဘရပ်ဆဲလ်ရှိ အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ပိတ်ပင်ထားသည်။ နောက်ထပ် တိုက်ခိုက်မှုများဖြစ်ပွားမည်ကို စိုးရိမ်သောကြောင့် စစ်သည်အင်အား ၂၂၅ ဦးကို ဘရပ်ဆဲလ်မြို့နှင့် အရေးပေါ်ဗဟိုဌာနသို့ လုံခြုံရေးအတွက် နောက်ထပ်စေလွှတ်ခဲ့ကြောင်း သိရသည်။

ဘရပ်ဆဲလ်လေဆိပ်နှင့် မြေအောက်ရထားဘူတာရုံရှိ အဆိုပါပေါက်ကွဲမှုမှာ လူပေါင်း ၁၃၀ အသက်ဆုံးရှုံးစေခဲ့သည့် ပါရီအကြမ်းဖက်တိုက်ခိုက်မှု၌ ပါဝင်ပတ်သက်သည်ဟုသံသယရှိသူတစ်ဦးအား ဘရပ်ဆဲလ်မြို့တွင် ဖမ်းဆီးခဲ့ပြီးနောက် လေးရက်အကြာတွင် ယင်းကဲ့သို့ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဘယ်ဂျီယံအစိုးရသည် အဆိုပါပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီးနောက် အန္တရာယ်သတိပေးချက်အမြင့်ဆုံးအဆင့်ဖြင့် တပ်လှန့်ထားကြောင်း သိရသည်။



**ဂျေတီ**

ယင်းပေါက်ကွဲမှု များကြောင့် ပြင်သစ်နှင့် ဗြိတိန်အပါအဝင် အနောက်ဥရောပ တစ်ခွင်လုံး၌ စိုးရိမ်ပူပန်မှုများ ဖြစ်ပွားစေခဲ့ပြီး အရေးပေါ် အစည်းအဝေးများကျင်းပကာ ဆွေးနွေးကြကြောင်း သိရသည်။ ယင်းပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီးနောက် နယ်သာလန်တပ်မတော်က လေဆိပ်နှင့်နယ်စပ်ဒေသများတွင် လုံခြုံရေးတင်းကျပ်ထားသလို ဗြိတိန်ကလည်း အများပြည်သူ သယ်ယူပို့ဆောင်ရေးနေရာများအပါအဝင် နိုင်ငံအတွင်းရှိ အဓိကအထင်ကရ ဖြစ်သည့်နေရာများတွင် လုံခြုံရေးရဲတပ်ဖွဲ့ချထားမှု တိုးမြှင့်ထားကြောင်း သိရသည်။

**(ရိုက်တာ)**

# အရေးအတွက် စွမ်းဆောင်နိုင်မှု ဟန်ချက်ညီညီ

နိုင်ဆွေချစ်

ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်ခဲ့သော လွှတ်တော်များက တစ်လတာကာလအတွင်း လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများကို အတည်ပြုရွေးချယ်နိုင်ခဲ့သည့်အပြင် လွှတ်တော်များအတွင်း ကဏ္ဍစုံပါဝင်သည့် ကော်မတီပေါင်း ၃၄ ခု၊ ကော်မရှင်တစ်ခုနှင့် ပူးပေါင်းကော်မတီလေးခုတို့ကို ဖွဲ့စည်းခဲ့သည်ကို တွေ့ရှိရသည်။

ဥပဒေပြုရေးမဏ္ဍိုင်ဖွဲ့စည်းပြီးနောက် အုပ်ချုပ်ရေးမဏ္ဍိုင်ကို ဦးဆောင်မည့် ပြည်ထောင်စုအစိုးရအဖွဲ့ကို မည်ကဲ့သို့ဖွဲ့စည်းမည်ဆိုသည်ကို အမြင်အမျိုးမျိုးဖြင့် ဝေဖန်မှုများလည်း တွေ့မြင်လာရသည်။

ထို့နောက် အုပ်ချုပ်ရေးမဏ္ဍိုင်ကို ဦးဆောင်မည့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရေးလုပ်ငန်းကို မတ်လ ၁၀ ရက်နေ့မှ မတ်လ ၁၅ ရက်နေ့အတွင်း ဆောင်ရွက်ခဲ့ကြပြီး နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် ဦးထင်ကျော်က ပြည်ထောင်စုအစိုးရဝန်ကြီးဌာန ၂၁ ခုနှင့် ပြည်ထောင်စုဝန်ကြီးဦးရေ ၁၈ ဦး သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မတ်လ ၂၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ဆန္ဒမဲအဆုံးအဖြတ်ဖြင့် အတည်ပြုခဲ့ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူက ဝန်ကြီးဌာန ၁၀ ခုကို မူလအတိုင်းထားရှိပြီး ကျန်ဝန်ကြီးဌာန ၂၆ ခုကို အမျိုးတူ၊ ဘာသာရပ်တူ၊ လုပ်ငန်းသဘောတူသည့်အတွက် ဝန်ကြီးဌာန ၁၁ ခုအဖြစ် ပေါင်းစပ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနတစ်ခုကို ထပ်မံဖွဲ့စည်းထားပါကြောင်း၊ အရေအတွက်ထက် အရည်အချင်းကိုဦးစားပေးရေး၊ အဂတိတရားကင်းစင်သော လူ့အသိုင်းအဝိုင်းဖော်ဆောင်ရေး၊ အမျိုးသားအကျိုးစီးပွားရှေးရှုရေး၊ ပြည်သူ့ဘဏ္ဍာ ခြိုးခြံချွေတာရေးနှင့် စွမ်းဆောင်ရည်ပြည့်ဝသည့် ကျစ်လျစ်သော အစိုးရတစ်ရပ်ဖွဲ့စည်းနိုင်ရေးကို ဦးစားပေးဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ထိုသို့ ပြည်ထောင်စုဝန်ကြီးဌာနအရေအတွက်နှင့် ပြည်ထောင်စုဝန်ကြီးဦးရေ လျှော့နည်းသွားခြင်းဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်ဖြစ်စေ၊ အစိုးရမူဝါဒများကို ဖော်ဆောင်ရာတွင်ဖြစ်စေ နှောင့်နှေးကြန့်ကြာမှုများ၊ ငွေကြေးကုန်ကျမှုများ လျှော့နည်းသွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ ယခုကဲ့သို့ဖွဲ့စည်းမှုကြောင့် ဝန်ထမ်းအချို့အနေဖြင့် အလုပ်လက်မဲ့ဖြစ်နိုင်သော စိုးရိမ်နေမှုကို ကြားသိရကြောင်း၊ ဝန်ထမ်းများကို သင့်လျော်သလို ပြောင်းရွှေ့နေရာချထားခြင်းအားဖြင့် အလုပ်အကိုင်လုံခြုံမှုပေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြချက်တွင် ပါဝင်သည်ကို တွေ့ရပါသည်။

ထို့ပြင် လျှော့နည်းသွားသည့်ဝန်ကြီးများ၏ ငါးနှစ်သက်တမ်းအတွင်း လစာစရိတ်၊ အဆောင်အယောင်နှင့် အသုံးစရိတ်သန်းပေါင်း ၅၀၀၀ ခန့်ကို နိုင်ငံတော်အတွက် ခြိုးခြံချွေတာနိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါဘဏ္ဍာငွေများကို နိုင်ငံတော်တွင်လိုအပ်နေသည့် ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပိုမိုသုံးစွဲနိုင်မည်ဖြစ်ပြီး ပြည်သူလူထု၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားရေးအတွက် မျှဝေနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

သမ္မတ၊ ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ သတ်မှတ်ခြင်းတို့နှင့် စပ်လျဉ်း၍ မတိုင်မီနှင့် တိုင်ပြီးကာလများတွင် ပြည်သူများက လုပ်ငန်းဆောင်ရွက်မှုများ လျင်မြန်သွက်လက်နိုင်မှု၊ လုပ်ငန်းများတွင်ကျယ်နိုင်မှုတို့ကို ချီးကျူးဂုဏ်ပြုကြခြင်းများ ပြုလုပ်သကဲ့သို့ အကျိုးဆက်များကို တွက်ချက်ပြီး စိုးရိမ်ပူပန်ခြင်း၊ အကြံပြုခြင်းစသည့် ခံစားချက်များကိုလည်း စာစောင်များနှင့် လူမှုကွန်ရက်စာမျက်နှာများတွင် ဖတ်ရှုရပါသည်။

ထိုဆွေးနွေးချက်များအရ အစိုးရသစ်၏ ပြည်ထောင်စုဝန်ကြီးဌာနများ ပြန်လည်သတ်မှတ်မှု၊ ငွေကြေးလျှော့နည်းသက်သာစေအောင် စဉ်းစားတွက်ချက်ဆောင်ရွက်မှု စသည့်အချက်များနှင့်ပတ်သက်၍ ချိန်ဆသင့်သည့် အချက်များလည်း ရှိနေပါသည်။

ပထမဆုံး စဉ်းစားသင့်သောအချက်မှာ ၂၁ ရာစုကာလတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန အရေးပါမှုဖြစ်ပါသည်။

ယခင်ကဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအမည်ဖြင့် သမားရိုးကျနည်းလမ်းဖြင့်သာ ဆောင်ရွက်ခဲ့ရာမှ နည်းပညာဖွံ့ဖြိုးမှုများနှင့်အညီ အမည်နှင့်ဖွဲ့စည်းမှုပုံစံ ပြောင်းလဲဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ၂၀၁၁ ခုနှစ်၏ ဆက်သွယ်ရေးအခြေအနေ အဆင့်အတန်းနှင့် ၂၀၁၆ ခုနှစ် ယနေ့ကာလအထိ အခြေအနေအဆင့်အတန်းတို့ကို နှိုင်းယှဉ်သုံးသပ်ကြည့်ပါက ဝန်ကြီးဌာန၏ အောင်မြင်မှုကို မြင်တွေ့နိုင်ပါသည်။

ခေတ်မီဆန်းသစ်သော သတင်းအချက်အလက်များ လျင်မြန်စွာတိုးတက်ပြောင်းလဲနေသည့်ခေတ်တွင် နိုင်ငံတော်၏ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအပြင် ဆိုက်ဘာမှုခင်းများကြောင့် ဆက်သွယ်ရေးကဏ္ဍသည် စီးပွားရေးသက်သက်သာမဟုတ်တော့ဘဲ နိုင်ငံတော်လုံခြုံရေးနှင့်ပါ သက်ဆိုင်လာပြီဖြစ်ပါသည်။

ထိုအခြေအနေ၌ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနကို ၁၉၈၈ ခုနှစ်မတိုင်မီ နည်းပညာအဆင့်အတန်းအရ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် တွဲဖက်ခဲ့သည့်အတိုင်း ပြန်လည်တွဲဖက်ကျင့်သုံးရန် သင့်/မသင့် ပြန်လည်စဉ်းစားသင့်ပေသည်။

ဒုတိယအချက်မှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအကြောင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားနှင့် ချိန်ထိုးတွက်ဆရလျှင် မြန်မာနိုင်ငံသည် ပင်လယ်ပြင်နှစ်ခုကို ပိုင်ဆိုင်သောနိုင်ငံတစ်နိုင်ငံဖြစ်ပြီး မြစ်ချောင်းအင်းအိုင်များလည်း ပေါများပါသည်။

အထင်ကရဖြစ်သော ဧရာဝတီ၊ စစ်တောင်း၊ ချင်းတွင်း၊ သံလွင်ဟူသည့် မြစ်ကြီးလေးသွယ်မှာ မြောက်မှတောင်သို့ စီးဆင်းနေပါသည်။ ရေထု၊ မြေထုနှင့် ကျွမ်းကျင်မှုအားနည်းနေသေးသောလုပ်အားကို မည်ကဲ့သို့ ထိရောက်စွာအသုံးပြုမည်ကို စဉ်းစားတွက်ချက်ပြီး ယခင် အစိုးရအဆက်ဆက် တာဝန်ရှိသူတို့က မွေးမြူရေးနှင့် ရေလုပ်ငန်းကိုဝန်ကြီးဌာနတစ်ခုအဖြစ် သီးခြားဖွဲ့စည်းခဲ့ကြပြီး ၎င်းနှင့် တစ်ဆက်တည်း မွေးမြူရေးတက္ကသိုလ်ကို တည်ထောင်ကာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိသည်။

သို့ဖြစ်၍ ယခုအခါ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းမည်ဆိုပါက ထိရောက်မှု ရှိ/မရှိ ပြန်လည်စဉ်းစားသင့်ပါသည်။

တတိယအချက်မှာ ပြည်သူအများစုက ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်နေသည့်အခြေအနေနှင့် သာသနာရေးဝန်ကြီးဌာန၏ အခန်းကဏ္ဍ ဖြစ်ပါသည်။

ရဟန်းသံဃာ၊ သီလရှင် စုစုပေါင်း ငါးသိန်းခန့်သည် သာသနာ့ဝန်ထမ်းပြီး ပြည်သူအများ လိမ္မာယဉ်ကျေးစေရန်၊ သူတော်ကောင်းများ ဖြစ်လာစေရန် သဒ္ဓါရတနာ၊ ဓမ္မရတနာ၊ သစ္စာရတနာ၊ ပညာရတနာများဖြင့် ဆင်မြန်းပေးလျက်ရှိပါသည်။

ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီးကို အထူးအလေးထားပြီး နိုင်ငံတော်အစိုးရက အားပေးအားမြှောက်ပြု ပါဝင်ကြီးကြပ်ပေးရန်လည်း အထူးလိုအပ်သကဲ့သို့ အခြားဘာသာများကိုလည်း ကူညီထောက်ပံ့ပေးရန် လိုအပ်မည်လည်း ဖြစ်ပါသည်။

ထို့ပြင် ဘာသာပေါင်းစုံ စည်းလုံးညီညွတ်ရေးအတွက်လည်း အလေးထားဆောင်ရွက်ရမည်ဖြစ်ရာ ဝန်ကြီးတစ်ဦးကို သီးသန့်တာဝန်ပေး၍ ဆောင်ရွက်သင့်သည်ဟု အဖြေထုတ်နိုင်ပါသည်။

စတုတ္ထအချက်အနေဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို အသေးစိတ်လေ့လာသင့်ကြောင်း မိတ်ဆွေများ၏ ဆွေးနွေးချက်များအရ သိရှိရပါသည်။ ထိုဌာနမှ ဝန်ထမ်းများသည် ငါးနှစ်တာကာလအတွင်း နေ့/ည လုပ်ကိုင်ကြရသည်ဟုဆိုလျှင် အပိုပြောခြင်းမဟုတ်သည်ကို ရှုမြင်နိုင်မည်ဖြစ်ပါသည်။

၎င်းတို့သည် စာရင်းဇယားများ မှန်ကန်တိကျရေး၊ နိုင်ငံခြားအကူအညီအထောက်အပံ့များရရှိရန် ညှိနှိုင်းခြင်း၊ စာချုပ်များချုပ်ဆိုရေး monitories/evaluation များ ဆောင်ရွက်ကြရပါသည်။

ချေးငွေရယူခြင်းများသုံးသပ်ရေး၊ အကောင်အထည်ဖော်ရေး၊ ဖွဲ့စည်းပုံများ စိစစ်ရေး၊ အမျိုးသားမော်ကွန်းတိုက် ထိန်းသိမ်းရေးတို့အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် အာဆီယံ၊ အိုအီးစီဒီ၊ အက်မက်၊ အက်စကက် စသည့်အဖွဲ့ဝင်နိုင်ငံများ၏ လုပ်ငန်းစဉ်များတွင်လည်း ပါဝင်နေသည်ကို ထည့်သွင်းတွက်ချက်ရမည်ဟု ဆိုကြပါသည်။

ပဉ္စမအချက်နှင့် နောက်ဆုံးအချက်မှာ ပြည်သူ့ဘဏ္ဍာငွေကို ခြိုးခြံချွေတာနိုင်ရေးအတွက် အုပ်ချုပ်မှုမဏ္ဍိုင်သာမက ဥပဒေပြုမဏ္ဍိုင်ကိုလည်း ထည့်သွင်းစဉ်းစားရန်ဖြစ်သည်။

လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များအတွက် တစ်လလျှင် ငွေကျပ် ၁၀ သိန်းနှင့် အခြားအသုံးစရိတ် ခြောက်သိန်း၊ စုစုပေါင်း ၁၆ သိန်းစီ တိုးမြှင့်ထောက်ပံ့ခဲ့သည့် လုပ်ဆောင်ချက်အပေါ် လွှတ်တော်အတွင်း၌ လည်းကောင်း၊ ပြည်သူများအတွင်း၌ လည်းကောင်း ဝေဖန်မှုများရှိခဲ့သည်ကို မှတ်မိကြဦးမည်ထင်ပါသည်။

ထိုကဲ့သို့ တိုးမြှင့်ခဲ့သည့်အတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးလျှင် တစ်လအတွက် ငွေကျပ် ၁၆ သိန်းဖြင့် ငါးနှစ်အတွက် သိန်း ၉၆၀ ဖြစ်ရာ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကိုယ်စားလှယ်များအတွက် တွက်ချက်မှုမပါ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ပေါင်း ၄၉၈ ဦးအတွက် ခန့်မှန်းကုန်ကျငွေပေါင်း ၄၇၈၀၈ သန်း(၄၇ ဘီလီယံ)ကို နိုင်ငံတော်နှင့် ပြည်သူများ၏ အခွန်အကောက်ရငွေမှ ကျခံသုံးစွဲခဲ့ရသည်ဟု ဆိုပါသည်။

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများစွာအား ကော်မရှင်၊ ကော်မတီများ၌ ထည့်သွင်းဖွဲ့စည်းခဲ့သည့်အတွက် တစ်ဦးလျှင် တစ်လငွေကျပ် ၁၀ သိန်းနှင့် အခြားစရိတ် နှစ်သိန်း စုစုပေါင်း ၁၂ သိန်း ထပ်မံချီးမြှင့်ခဲ့သည့်အတွက် အပိုဆောင်းကုန်ကျမှုများလည်း ရှိခဲ့သည်။

လေ့လာမိသည့်စာရင်းများအရ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် လွှတ်တော်အသုံးစရိတ်တွင် ပြည်ထောင်စုလွှတ်တော်မှ သာမန်အသုံးစရိတ် ကျပ် ၁၂၄၉ ဒသမ ၉၅၁ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်း ၄၇၃ ဒသမ ၄၂၀ စုစုပေါင်း ကျပ် ၁၇၂၃ ဒသမ ၃၇၁ သန်း ရှိပါသည်။

အလားတူ ပြည်သူ့လွှတ်တော်မှ သာမန်အသုံးစရိတ်ကျပ် ၈၉၃၂ ဒသမ ၉၃၅ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁၈၉ ဒသမ ၅၅၅ သန်း စုစုပေါင်း ကျပ်သန်း ၉၁၂၂ ဒသမ ၄၉၀ ရှိပြီး အမျိုးသားလွှတ်တော်မှ သာမန်အသုံးစရိတ် ကျပ် ၇၆၄၃ ဒသမ ၄၉၂ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်း ၄၂ ဒသမ ၅၀၀ စုစုပေါင်း ကျပ် ၇၆၈၅ ဒသမ ၉၉၂ သန်းရှိခဲ့သည်ဟု စာရင်းဇယားများအရ သိရှိရပါသည်။

အလားတူပင် ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များအပါအဝင် ကိစ္စအဝဝအတွက် နိုင်ငံခြားသုံးငွေ ၈၀ ဒသမ ၄၄၆ သန်းကိုလည်း သုံးစွဲခဲ့ရာ ဥပဒေပြုရေးကဏ္ဍမှလည်း ခြိုးခြံချွေတာနိုင်သည့် အခွင့်အလမ်းများ ရှိနေသည်မှာ သေချာလှပါသည်။

သို့ဖြစ်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ လျှော့ချခြင်းကို ဘက်စုံထောင့်စုံမှ ချင့်ချိန်စဉ်းစားဆောင်ရွက်ရမည်ဖြစ်ပါသည်။လျှော့ချမှုကြောင့် ခြိုးခြံချွေတာနိုင်သလို ဝန်ကြီးဌာနများ၏ စွမ်းဆောင်မှုနှင့် ဝန်ဆောင်မှုများကိုလည်း မထိခိုက်ဖို့ လိုအပ်မည်ဖြစ်ပါသည်။

ထို့ပြင် ခြိုးခြံချွေတာရာတွင်လည်း မဏ္ဍိုင်အားလုံးမှ ပါဝင်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပထမအကြိမ်လွှတ်တော်ကာလအတွင်းက ဖောင်းပွနေသော ကော်မတီအရေအတွက်များကိုလည်း လျှော့ချဖို့ လိုအပ်မည်ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ပြည်ထောင်စုအစိုးရအဖွဲ့ကို ကျစ်လျစ်ပြီး စွမ်းရည်မြင့်အောင် (Lean and Mean) ဆောင်ရွက်မည်ဆိုသည့် မျှော်မှန်းချက်ကိုကား ကြိုဆိုရမည်ဖြစ်သည်။ ထိုမျှော်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် ပကတိအခြေအနေအရ လိုအပ်ချက်နှင့် သမိုင်းနောက်ခံအခြေအနေများကို သဟဇာတဖြစ်အောင် ပေါင်းစည်းနိုင်လျှင် သားရွှေအိုးထမ်းသည့် အခြေအနေကိုရမည်ဟုသာ အကြံပြုလိုက်ရပါသည်။

**မည်သို့ပင်ဖြစ်စေ ပြည်ထောင်စုအစိုးရအဖွဲ့ကိုကျစ်လျစ်ပြီး စွမ်းရည်မြင့်အောင် (Lean and Mean) ဆောင်ရွက်မည်ဆိုသည့်မျှော်မှန်းချက်ကိုကား ကြိုဆိုရမည်ဖြစ်သည်။ ထိုမျှော်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် ပကတိအခြေအနေအရ လိုအပ်ချက်နှင့် သမိုင်းနောက်ခံ အခြေအနေများကို သဟဇာတဖြစ်အောင် ပေါင်းစည်းနိုင်လျှင် သားရွှေအိုးထမ်းသည့် အခြေအနေကိုရမည်**

## နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်

**နေပြည်တော် မတ် ၂၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။ (မိုး/ဇလ)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသည့် ပြည်ထောင်စုဝန်ကြီးများအမည်စာရင်း လွှတ်တော်သို့တင်ပြ

**နေပြည်တော် မတ် ၂၂**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ **(ယာပုံ)** နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသည့် ပြည်ထောင်စုဝန်ကြီးများ၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်း၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့ထံမှ ပေးပို့သည့် သဝဏ်လွှာများကို မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ဂျပန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ မာဆားခိယာမဇာခိ၊ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ချိုရှီဟွား နှင့် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ မီရန်ရာဇ် ရာဘင်နီတို့ထံမှ ပေးပို့သည့် သဝဏ်လွှာများကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးထင်ကျော် အဆိုပြုထားသည့် ပြည်ထောင်စုဝန်ကြီး ၁၈ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြသည်။

အဆိုပါ ပြည်ထောင်စုဝန်ကြီးများ၏ အမည်စာရင်းမှာ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါက်တာ အောင်သူ၊ ဦးသန့်ဇင်မောင်၊ သူရဦးအောင်ကို၊ ဦးအုန်းဝင်း၊ ဦးသိန်းဆွေ၊ ဦးကျော်ဝင်း၊ ဦးခင်မောင်ချို၊ ဒေါက်တာ မြင့်ထွေး၊ ဦးဝင်းခိုင်၊ ဒေါက်တာ ဝင်းမြတ်အေး၊ ဦးအုန်းမောင်၊ ဒေါက်တာသန်းမြင့်၊ နိုင်သက်လွင်၊ ဒေါက်တာ ဖေမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်တို့ဖြစ်သည်။

ထို့နောက် နာယက က အဆိုပြုတင်ပြထားသည့် ပြည်ထောင်စုဝန်ကြီးများအပေါ် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို မတ် ၂၄ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အစ္စရေးသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၂**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး H.E. Mr. Daniel Zonshine အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးက စာရေးဆရာ Dan Senor နှင့် Saul Singer တို့ ရေးသားထားပြီး စာရေးဆရာ ဦးဟိန်းလတ် ဘာသာပြန်ဆိုထားသည့် “Start Up Nation” စာအုပ်ကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအားလုံးအတွက် ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လက်ခံခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဂျပန်-မြန်မာ သက်မွေးပညာသင်တန်းကျောင်း အောင်ဆန်းစီမံကိန်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံရှင်းလင်း

**နေပြည်တော် မတ် ၂၂**

ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းသည် ဂျပန်နိုင်ငံအခြေစိုက် အာရှဒေသ ပတ်ဝန်းကျင်ကောင်းမွန်ရေး နည်းပညာပြန့်ပွားမှုအဖွဲ့၏ အမှုဆောင်ဒါရိုက်တာ Mr. Akio Kawakami ဦးဆောင်သော အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ရေးရာဆောင် အမှတ်(၉)ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဂျပန်-မြန်မာ လွှတ်တော်ကိုယ်စားလှယ်များ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးအတွက် နှစ်နိုင်ငံလွှတ်တော်များသို့ အပြန်အလှန် သွားရောက်လေ့လာနိုင်ရေး၊ နှစ်နိုင်ငံအစိုးရအချင်းချင်း ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်ရေး၊ ရှိရင်းစွဲ နှစ်နိုင်ငံပြည်သူများအကြား ရင်းနှီးချစ်ကြည်မှု ဖော်ဆောင်နိုင်ရေးအတွက် ဂျပန်နိုင်ငံအနေဖြင့် စက်မှုနည်းပညာအကူအညီပေးရေး၊ ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ထောက်ပံ့ကူညီမည့် စီမံကိန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အောင်ဆန်းစီမံကိန်း (Japan-Myanmar Vocational Training Institute Aung San Project)အား အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီအတွင်းရေးမှူး ဦးနေဖူးဗဆွေနှင့် အဖွဲ့ဝင်ဒေါက်တာ ခင်မောင်မောင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပပုံ လာရောက်လေ့လာ

**နေပြည်တော် မတ် ၂၂**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၁ ရက်နေ့ ကျင်းပနေမှုကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ သက်ဆိုင်ရာမဲဆန္ဒနယ်မှ ပြည်သူများ European Education Center မှ အုပ်ချုပ်သူများနှင့် သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၁၈၄ ဦးသည် လေ့လာသူအဖြစ် တက်ရောက်ကြည့်ရှုပြီး လွှတ်တော်ဆောက်အအုံများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်းနှင့် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်း ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာသူ ဦးရေမှာ ယနေ့အထိ ၁၆၅၁ ဦးရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❖ *ကျော်ဖုံးမှ*

“ဒီစီမံကိန်းကို MIC က ခွင့်ပြုတာနဲ့ ၂၀၁၆ ခုနှစ်အတွင်းမှာ စတင် တည်ဆောက်သွားမယ်။ တည်ဆောက်မယ့် ကာလကတော့ လက်ရှိ အဆောက်အအုံတွေကို ရွှေ့ပြောင်းရေးလုပ်ရမှာက တစ်နှစ်နဲ့ တည်ဆောက်ကာလအနေနဲ့ သုံးနှစ်ဆိုတော့ စုစုပေါင်း လေးနှစ်အတွင်း အပြီးတည်ဆောက်သွားဖို့ ရှိပါတယ်”ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အင်ဂျင်နီယာချုပ် ဦးမြသန်းက ပြောသည်။

ခေတ်မီဘက်စုံသုံး ဆိပ်ခံတံတားနှင့် ဆိပ်ကမ်းအထောက်အကူပြု အဆောက်အအုံများကို BOT စနစ်ဖြင့် အကောင်အထည်ဖော် တည်ဆောက်ကာ ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ ဆိပ်ကမ်းဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးပါက တန်ချိန် ၁၅၀၀၀ ရှိ အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာနှင့် အထွေထွေကုန်စည်တင် ရေယာဉ်ကြီးနှစ်စင်း တစ်ပြိုင်တည်း ဆိုက်ကပ်၍ ကုန်တင်၊ ကုန်ချ ပြုလုပ်နိုင်မည်ဖြစ်သည်။

ယခုပြုလုပ်မည့် ဗိုလ်တထောင်ဘုရားနှင့် ဗိုလ်အောင်ကျော်ဆိပ်ခံတံတားအကြား သိမ်ဖြူကမ်းနားဒေသတွင် ဆိပ်ကမ်းဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ပါက နိုင်ငံတော်၏ ပို့ကုန်သွင်းကုန်များ ကိုင်တွယ်မှုပိုမိုတိုးတက်လာမည်ဖြစ်သည်။ တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် ဗိုလ်တထောင်စေတီအား မထိခိုက်စေရန်နှင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အပြင် ဆိပ်ခံတံတားများတည်ဆောက်ရာတွင် ဆိပ်ခံတံတား၏ အောက်ခံပိုင်တိုင်များကို Bore Pile များ အသုံးပြု၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျောထောက်နောက်ခံ အဆောက်အအုံများ ဆောက်လုပ်ခြင်းကိုလည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီသို့ ခွင့်ပြုချက်တောင်းခံကာ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ရေတာရှည်မြို့နယ် ကွဲနို့ဆိုင်ရွာ၌ မကြာမီ မီးလင်းတော့မည်

**ရေတာရှည် မတ် ၂၂**

ရေတာရှည်မြို့နယ် နတ်တောင်ကျေးရွာအုပ်စု ကွဲနို့ဆိုင်ကျေးရွာ၌ ၂၄ နာရီ လျှပ်စစ်မီးရရှိရေးအတွက် မြို့လှမှ ကွဲနို့ဆိုင်ကျေးရွာသို့ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂ ဒသမ ၃ မိုင် သွယ်တန်းခြင်းလုပ်ငန်းကို မြို့လှလျှပ်စစ်မှူး ဦးသိန်းဇော်နှင့် လျှပ်စစ်လိုင်းဝန်ထမ်းများက အမြန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ကွဲနို့ဆိုင်ကျေးရွာ၌ ၁၆၀ ကေဗွီအေ ထရန်စဖော်မာတပ်ဆင်ခြင်းနှင့် ၄၀၀ဗို့ ဓာတ်အားလိုင်း ပေ ၁၆၀၀ ကို သွယ်တန်းပေးပြီးဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရွှေတိဂုံစေတီတော် တပေါင်းပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ရန်ကုန် မတ် ၂၂**

ရွှေတိဂုံစေတီတော် ၂၆၀၄ နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကြီးကို ၁၃၇၇ ခုနှစ် တပေါင်းလဆန်း ၆ ရက်မှ တပေါင်းလပြည့်နေ့ထိ(မတ် ၁၄ ရက်မှ မတ် ၂၃ ရက်ထိ) ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာဟု ဆိုအပ်သော ပူဇော်ခြင်းအမျိုးမျိုးတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်လျက်ရှိသည်။

သံဃာ့ပူဇာအနေဖြင့် ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများအမှူးပြုသော သံဃာတော် ၉၈ ပါးနှင့် သီလရှင် ၂၇ ပါး စုစုပေါင်း ၁၂၅ ပါးတို့အား ပင့်ဖိတ်၍ ရွှေတိဂုံစေတီတော်ရင်ပြင်တစ်ပတ် ဆွမ်းဆန်စိမ်း လောင်းလှူခြင်းအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် ကျင်းပရာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဝန်ထမ်းများနှင့် စေတနာ သဒ္ဓါတရားထက်သန်ကြသည့် အလှူရှင်များက ဆွမ်းဆန် စိမ်းနှင့် လှူဖွယ်ပစ္စည်းများလောင်းလှူကြသည်။ **(ယာပုံ)**

ရွှေတိဂုံစေတီတော်မြတ်ကြီးကို မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်နေ့ ဗုဒ္ဓဟူးနေ့တွင် စတင်တည်ခဲ့သည်။ မြန်မာလများတွင် ၁၂ ကြိမ်မြောက်လသည် တပေါင်းလပင် ဖြစ်သည်။ တပေါင်းလသည် ဆောင်း တစ်ဝက်၊ နွေတစ်ဝက်လဖြစ်၍ နေ့ပူလို့ ညချမ်း၊ တပေါင်းလ သရမ်းဟု ဆိုစမှတ်ပြုခဲ့ကြသည်။ ၂၇ လုံးသော



နက္ခတ်များ စုပေါင်းထွက်ပေါ်ခြင်းကြောင့်လည်းကောင်း၊ ထန်းရည်များ ပေါင်းစပ်ကျိုချက်သဖြင့် 'ထန်းပေါင်း' ဟူသောစကားမှ ရွေ့လျားလာခြင်းကြောင့်လည်းကောင်း တပေါင်းလဟု ခေါ်တွင်သည်ဟု ဆိုခဲ့ကြသည်။ တပေါင်း လသည် ဆောင်းကြွင်း နွေဦးလဖြစ်ကာ သစ်ပင်များ ရွက်ဟောင်းများစွန့်၍ ရွက်သစ်လွန်ကာ အညွန့် အညှောက်ပေါ်ထွက်ခြင်းဖြင့် တင့်တယ်လှပခဲ့သည်။ ထို့ကြောင့် တပေါင်းသာခေါင်း လများနောင်ဟူသော စကားသည် မြန်မာတို့နှုတ်ဖျားတွင် တာစားနေခဲ့ခြင်းဖြစ် ပေသည်။

တပေါင်းလတွင် မြစ်ချောင်းများ ရေစစ်ကာ သောင်ခုံ သဲပြင်များ ပေါ်ထွန်းသဖြင့် သဲပုံစေတီပွဲကျင်းပလေ့ရှိခဲ့ သည်။ အင်းဝခေတ်ပန်းချီလက်ရာများတွင် တပေါင်းလ သဲပုံစေတီပွဲကျင်းပပုံ ရိုးရာစဉ်လာပွဲကို တွေ့ခဲ့ရသည် ဟု သိရှိခဲ့ရသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရွှေတိဂုံစေတီတော် တပေါင်းပွဲတော်ကို တပေါင်းအလှ တပေါင်းကျက်သရေ တို့နှင့်အတူ နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် ၂၆၀၄ ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်း-ကိုကိုဇော်၊ ဓာတ်ပုံ-ဇော်မင်းလတ်**

# တောင်ငူမြို့နယ်ရှိ ရေပြတ်လပ်သည့်ကျေးရွာများကို ရေလှူဒါန်း

**တောင်ငူ မတ် ၂၂**

တောင်ငူမြို့နယ်ရှိ ရေပြတ်လပ် သည့် ကျေးရွာများဖြစ်သည့် ရေဆင်း ကုန်းရွာ၊ လယ်တပြင်ကွင်းကျေးရွာ၊ စပါးလင်ကုန်းကျေးရွာ၊ သဲတာကျေး ရွာနှင့် ၅ မိုင်းကျေးရွာတို့သို့ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာန မှ ဝန်ထမ်းများနှင့် မြတ်မိခင် ရေ အလှူရှင်များပူးပေါင်း၍ မတ် ၁၉ ရက်က သွားရောက်လှူဒါန်းခဲ့သည်။

တောင်ငူမြို့ ဒေသခံများ၊ အလှူ ရှင်များ စုပေါင်းထားသည့် ကေတု ပရဟိတအဖွဲ့သည် ရေသယ်ယာဉ် တစ်စီးကို မြို့လူထုအားဖြင့် ဝယ်ယူ ထားရာ နွေရာသီတွင် သောက် သုံးရေအခက်အခဲရှိ လာမည့် ဘုန်းတော်ကြီး ကျောင်းများ၊ ဘာသာရေးကျောင်းများ၊ ရပ်ကွက် ကျေးရွာများရှိ ပြည်သူများအတွက် သောက်သုံးရေ ကူညီလှူဒါန်းသွား မည်ဖြစ်ပြီး တောင်ငူမြို့နေ ပြည်သူများအနေဖြင့် လိုအပ်ပါက ကေတုပရဟိတ ဦးကြယ်နီ ဖုန်း- ၀၉-၅၃၅၀၁၆၆၊ ကိုသက်(စိန်မေတ္တာ) ဖုန်း-၀၉-၅၃၅၁၅၁၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သူရ(တောင်ငူ)**



# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် မိန့်ကြားခြင်းမပြုသော အကြောင်းအရာများအား မြန်မာသံတော်ဆင့်ဂျာနယ်မှ မှားယွင်းသတင်းဖော်ပြခြင်းနှင့် ပတ်သက်၍ မီဒီယာကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ အကြောင်းကြားထားရှိ

**နေပြည်တော် မတ် ၂၂**

မြန်မာသံတော်ဆင့် ဂျာနယ် မတ် ၁၉-၂၅ ရက်ထုတ် အတွဲ(၅) အမှတ်စဉ်(၂) စာမျက်နှာ(၄)နှင့် အချပ်ပို (က)တို့တွင် "ကိုယ့်ဘာသာ၊ ယဉ်ကျေးမှုအနှစ်သာရ စာသင်ကျောင်းတွေမှာ ဖျက်ခဲ့တဲ့အတွက် ပြန်ထည့်ဖို့ရာ အတွက် အတော့်ကိုခက်ခဲနေတယ်" ခေါင်းစဉ်ဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုသလ မိန့်ကြားခြင်းမပြုသော အကြောင်းအရာများအား ဆရာတော်၏ခွင့်ပြုချက်မရှိဘဲ လုပ်ကြံရေးသား ဖော်ပြခဲ့ခြင်းနှင့်ပတ်သက်၍ မှားယွင်းဖော်ပြကြောင်း ပြန်လည်ရေးသားဖြေရှင်းပေးရန် ဆရာတော်က မြန်မာ သံတော်ဆင့်ဂျာနယ် အမှုဆောင်အရာရှိချုပ်ထံ ကန့်ကွက်စာပေးပို့ခဲ့ကြောင်း သိရှိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ သာသနာရေးဝန်ကြီးဌာနက ပြန်ကြားရေးဝန်ကြီးဌာနသို့ ဆက်လက် အကြောင်း ကြားခဲ့ရာ ထိုကဲ့သို့ မှားယွင်းသတင်းဖော်ပြခြင်းနှင့် ပတ်သက်၍ မြန်မာသံတော်ဆင့်ဂျာနယ်အနေဖြင့် သတင်း မီဒီယာဥပဒေပါ မီဒီယာကျင့်ဝတ်များနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ပါရန် ပြန်ကြားရေးဝန်ကြီးဌာနမှ မြန်မာ နိုင်ငံ သတင်းမီဒီယာကောင်စီထံသို့ အကြောင်းကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွှေစက်တော်ဘေးမဲ့တောရှိ သမင်များ ရေခန်းခြောက်မှုကြောင့် အခက်ကြုံ သက်ဆိုင်ရာဌာနနှင့်အလှူရှင်များက ရေဖြည့်လှူဒါန်း

**ရန်ကုန် မတ် ၂၂**

ရွှေစက်တော် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောရှိ ရေကန်များ ရေခန်းခြောက်မှုကြောင့် သမင်များ ရေအခက်အခဲ ကြုံတွေ့နေရကြောင်း သဘာဝ ပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးချိုက ပြောသည်။

"သိသိချင်း ရေကန်တွေရေဖြည့်ဖို့ ချက်ချင်းစီစဉ် ရတယ်။ ရေကန်သုံးကန်ကို ရေသယ်ကား ခြောက်ခေါက် နဲ့ သွားရောက်ဖြည့်ခဲ့တယ်။ သမင်လေးတွေက ရေဘယ် လောက် ဆာနေသလဲမသိဘူး။ ရေကားလာတာတောင် မပြေးဘူး၊ ရေကန်ဘေး ရစ်သီရစ်သီလုပ်နေတယ်" ဟု ၎င်းကပြောသည်။

ရွှေစက်တော် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အနောက်ဘက် ၂၆ မိုင်အကွာတွင်တည်ရှိကာ အကျယ် ဧက ၁၁၄၀၀၀ ကျော် ရှိပြီး မနိမ့်မမြင့် တောင်ကုန်းများရှိသည်။

အဆိုပါ ဘေးမဲ့တောတွင် သမင်အကောင်ရေ အများ ဆုံးရှိပြီး ချေ၊ ခွေးအ၊ တောဝက်၊ ကြောင်ပြင်း၊ ကြောင် ကတိုး၊ ကြောင်ဝံပိုက်၊ မြွေပါ၊ မျောက်စပ်၊ ဒေါင်းစိမ်း၊ ကြယ်လိပ်၊ လိပ်ပုပ်၊ စင်းချောလိပ်၊ နဖားကျူးငှက်၊ စွေငှက် မင်းသား စသည့်တိရစ္ဆာန်များ ကျင်လည်ကျက်စားနေထိုင် လျက်ရှိကြောင်း သိရသည်။

"သမင်ကောင်ရေကတော့ စာရင်းအရ ၁၄၈၃ ကောင် လောက်ရှိတယ်။ အတိုးအလျော့တော့ရှိပါတယ်။ မနှစ် ကလည်း ရေရှားပါးမှုဖြစ်ခဲ့တယ်။ ဒီနှစ်လည်း ရေကန်တွေ ရေခန်းခြောက်တော့ သမင်တွေရေသောက်ဖို့ အခက်အခဲ ဖြစ်ခဲ့တယ်။ အလှူရှင်တွေရဲ့ လှူဒါန်းမှုနဲ့ ရေကန်တွေ မှာ ရေဖြည့်ပေးနိုင်ခဲ့တယ်။ ဒေသခံ ရွာသားတွေက လည်း သူတို့အသိစိတ်ဓာတ်နဲ့ ရေကန်တွေမှာ ရေဖြည့် ပေးတယ်။ အခုတော့ သမင်လေးတွေအတွက် ရေသောက် ဖို့ အဆင်ပြေသွားပြီ" ဟု ဦးအေးချိုက ပြောသည်။

သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနက ဘေးမဲ့တောအတွင်းရှိ သမင်ငယ် များအတွက် ဆားကျင်းများကို နှစ်စဉ်ဆောင်ရွက်ပေး လျက်ရှိကြောင်း၊ ယခုနှစ်တွင် ဆားပိဿာ ၃၀ ဖြင့် ဆားကျင်း ၁၅ ကျင်း လုပ်ဆောင်ထားပြီးဖြစ်ကြောင်း သိရသည်။

"ဆားကျင်းတွေကို နှစ်စဉ်သွားလုပ်ပေးရတယ်။ သမင်တွေ အရင်ယက်နေတဲ့ ကျင်းတွေရှိတယ်။ အဲဒါကို ဆားတစ်ဆ၊ ဆားကျင်းမြေကြီးတစ်ဆ ရောမွှေပြီး ရေဖျန်း ပေးရတယ်။ နှစ်စဉ်ဌာနက လုပ်ပေးရတယ်" ဟု ဦးအေးချိုက ပြောသည်။

သမင်အမဲလိုက် သတ်ဖြတ်မှုမရှိစေရန်အတွက် ဘေးမဲ့တောအား ဇုန်လေးဇုန်ခွဲ၍ လစဉ်ပုံမှန် ကင်းလှည့် စစ်ဆေးခြင်း၊ ကင်းပုန်းဝပ်ခြင်းများအပြင် လုံခြုံရေးအဖွဲ့ ဝင်များနှင့် ပူးပေါင်းပြီး အထူးစစ်ကြောင်းဖြင့် ရှင်းလင်း ခြင်း၊ အနီးဝန်းကျင်ရှိ ကျေးရွာ ၃၉ ရွာသို့ အသိပညာ ပေး ဟောပြောစည်းရုံးခြင်းများကို သဘာဝပတ်ဝန်းကျင် နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

"ဒီမှာက သမင်အမဲလိုက် သတ်ဖြတ်မှုတွေတော့ မရှိပါဘူး။ တစ်ခါတစ်ရံ လက်မောင်းလုံးလောက်ရှိတဲ့ သစ်ပင်တွေကြားမှာ သံမဏိကြိုးကို ကွင်းလုပ်ပြီး လမိုက် ညတွေမှာ ခွေးတွေနဲ့မောင်းပြီး ထောင်ချောက်ထောင် တာတော့ရှိတယ်။ အဲဒါလည်း အသိပညာပေးတာတွေ



ရွှေစက်တော် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောရှိ သမင်များကို တွေ့ရစဉ်။

အရေးယူတာတွေပဲရှိတယ်" ဟု ဦးအေးချိုက ပြောသည်။

အဆိုပါဘေးမဲ့တောသို့ နိုင်ငံတကာအဖွဲ့အစည်း များမှ ပညာရှင်များလာရောက်ပြီး သုတေသနပြုလုပ်ရန် ကင်မရာများတပ်ဆင်ကာ သားငှက်တိရစ္ဆာန်စာရင်းများ လာရောက်ကောက်ယူကြောင်း၊ ဘေးမဲ့တောတွင် တန်ဖိုးနည်းသစ်ပင်များ ပေါက်ရောက်ခြင်း၊ တောင် ခြောက်ဖြစ်ခြင်း၊ မျောသာသာ အပင်များသာ များပြား ခြင်းတို့ကြောင့် သစ်ထုတ်လုပ်မှုမရှိကြောင်း၊ အိမ်သုံး မျောတိုင်နှင့် ထင်းအတွက်သာ ခုတ်ယူမှုအချို့ရှိကြောင်း သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်း ရေးဌာနမှ သိရသည်။

"အညာနွေရဲ့ပူပြင်းမှုနဲ့အတူ ရေကန်တွေ ခန်းခြောက် လို့ လူမှမကူရင် မဖြစ်တော့တဲ့အခြေအနေမှာ စာနာ စိတ်ရှိတဲ့ ပြည်သူတွေက စိတ်အားထက်သန်စွာနဲ့ တိရစ္ဆာန် လေးတွေအတွက် ရေကုသိုလ်ပြုတာက ဂုဏ်ယူဝမ်းသာ စရာပါ။ ဒီနှစ်က အယ်နီညိုလည်းကျရောက်တော့ ဧပြီ၊ မေ၊ ဇွန်လတွေအထိ အပူချိန်မြင့်နေဦးမှာပဲ၊ သမင်တွေ အတွက် ရေကတော့ လိုနေဦးမှာ" ဟု ဦးအေးချိုက ပြောသည်။

မြန်မာနိုင်ငံတွင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ၃၉ ခု ရှိကြောင်း ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ကို လွတ်လပ်ရေးမရမီကတည်းက စတင်သတ်မှတ်ခဲ့ပြီး ယခုအခါ ဝန်ထမ်း ၄၆ ဦးဖြင့် ထိန်းသိမ်းစောင့်ရှောက် လျက်ရှိကာ ဘေးမဲ့တောဧရိယာတွင် သဘာဝရေကန်ငယ် ငါးခု၊ ရေကန်ကြီး တစ်ကန်ရှိပြီး နွေရာသီရောက်တိုင်း ရေခန်းခြောက်မှုကြုံတွေ့နေရကြောင်း သဘာဝပတ်ဝန်း ကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ သိရ သည်။ **သတင်း-မင်းသစ်၊ ဓာတ်ပုံ-အေးချို(သစ်တော)**

❍ ကျောဖုံးမှ

တစ်ရပ်ဖြစ်သည့် စိုက်ပျိုးသီးနှံ အာမခံစနစ် နိုင်ငံအတွင်း မကြာမီ ပေါ်ပေါက်လာတော့မည် ဖြစ်သည့်အတွက် လယ်သမားကြီးတို့၏ ဘဝအနာဂတ် ဝမ်းသာစရာပင် ဖြစ်သည်။

နိုင်ငံတကာ၏ နည်းပညာအကူအညီများနှင့်အတူ နိုင်ငံအတွင်း စားနပ်ရိက္ခာ ဖူလုံရေးအတွက် အားသွန်ခွန်စိုက် လုပ်ဆောင်လျက်ရှိသည့် မြန်မာနိုင်ငံအနေဖြင့် လက်ရှိတွင် သဘာဝဘေးအရ သော်လည်းကောင်း၊ ပိုးမွှားကျရောက်မှုသော်လည်းကောင်း သီးနှံပျက်စီးဆုံးရှုံးမှုများ ရှိနေမှုများအပေါ် အိန္ဒိယနိုင်ငံ အစိုးရဘက်မှ နည်းပညာရှင်များနှင့် မြန်မာနိုင်ငံမှ လယ်ယာစိုက်ပျိုးရေးပညာရှင်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ဆွေးနွေးသည့် မြန်မာနိုင်ငံ၏ ပထမဆုံးအကြိမ် စိုက်ပျိုးသီးနှံ အာမခံထားရှိရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၂ ရက်တွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ၌ လက်ရှိအာမခံစနစ်များတွင် မီးဘေးအာမခံ၊ အသက်အာမခံစသည့်စနစ်များသာ လူသိများလျက်ရှိပြီး စိုက်ပျိုးသီးနှံအာမခံစနစ်မှာ ကျင့်သုံးခြင်းမရှိသေးသည့်အတွက် နည်းပညာနှင့် အသိပညာများလည်း လိုအပ်လျက်ရှိနေသည်။ ကမ္ဘာတစ်ဝန်းရှိ အခြားနိုင်ငံများနည်းတူ စားနပ်ရိက္ခာ ဖူလုံရေးအတွက် စိုက်ပျိုးသီးနှံအာမခံစနစ်များထားရှိမှုနှင့် ပတ်သက်ပြီး ကျင်းပရသည့်ရည်ရွယ်ချက်နှင့် ရရှိလာမည့် အကျိုးခံစားခွင့်များအပေါ် ဆွေးနွေးပွဲသို့ တက်ရောက်လာသူတချို့၏ အမြင်များကို မြန်မာ့အလင်းက မေးမြန်းခဲ့သည်။

**ဒေါက်တာတင်ထွဋ်**
**အမြဲတမ်းအတွင်းဝန်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

အိန္ဒိယနိုင်ငံမှာဆို လွန်ခဲ့တဲ့ နှစ် ၁၀၀ လောက်ကတည်းက လယ်သမားတွေကို ဆုံးရှုံးမှုမရှိအောင် ဘယ်လို ကာကွယ်ပေးရမလဲဆိုတာ ကျင့်သုံးလာခဲ့တာပါ။ စိုက်ပျိုးရေးကို အခြေခံတဲ့ ကျွန်တော်တို့ နိုင်ငံကို ဖွံ့ဖြိုးဆဲနိုင်ငံထဲမှာ အခုနောက်ပိုင်းမှ စိုက်ပျိုးသီးနှံ အာမခံစနစ်ထားရှိဖို့ ပိုပြီးအာရုံစိုက်လုပ်ကြတာပါ။ အဲဒါကလည်း ရာသီဥတုအပြောင်းအလဲ ဈေးနှုန်းအပြောင်းအလဲတွေကြောင့် လယ်သမားတွေ ခံစားမှုမရှိအောင် ဖြေဖျောက်ပေးမယ့် လုပ်ငန်းစဉ်တွေပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ သုံးသပ်ကြည့်ရင် လယ်သမားတွေဟာ နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ဈေးကွက်ကို ပါဝင်အောင်လုပ်နိုင်တာက ကန်ထရိုက်ယူမယ့် လုပ်ငန်းရှင်တွေဖြစ်တယ်။ ဒီလုပ်ငန်းတွေမှာ တိတိကျကျ တကယ်လုပ်ကိုင်မယ့် တောင်သူလယ်သမားတွေ၊ ပညာရှင်တွေ၊ မူဝါဒချမှတ်သူတွေ စတဲ့သူတွေအားလုံးက ကျွမ်းကျွမ်းကျင်ကျင်နဲ့ သိလာမယ်ဆိုရင် အောင်မြင်တဲ့ လုပ်ငန်းစဉ်တွေ ချမှတ်နိုင်မှာပါ။ နိုင်ငံ့တာဝန်ကို ပုဂ္ဂလိကကဏ္ဍကနေ မျှပြီးတော့ အောင်မြင်အောင် ထမ်းသွားနိုင်ဖို့လိုပါတယ်။ ရင်းနှီးမြှုပ်နှံမှု အများကြီးတိုးမြှင့်လာရင် စွန့်စားရမှုကြီးလာလေလေဖြစ်တယ်။ စွန့်စားရမှုတွေ၊ ဆုံးရှုံးမှုတွေကို လျှော့ချပေးနိုင်ဖို့ဆိုရင် အာမခံလုပ်ငန်းတွေရှိဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့မှာ အတွေ့အကြုံတွေ အင်မတန်နည်းပါတယ်။ အဲဒါကြောင့် အိန္ဒိယအစိုးရနဲ့ ပူးပေါင်းပြီး အခုလိုအာမခံလုပ်ငန်းဆိုင်ရာတွေကို ဆွေးနွေးခြင်းဖြစ်ပါတယ်။ ရှေ့ကို ဘာဆက်လုပ်ရမလဲ၊ ဘာတွေလိုအပ်နေသလဲ၊ မူဝါဒပိုင်းတိုးတက်ဖို့ လိုပါတယ်။ မူဝါဒပိုင်းတိုးတက်ဖို့ ဆိုတာကလည်း လယ်သမားများနဲ့ ကျွန်တော်တို့အားလုံး တက်တက်ကြွကြွပူးပေါင်းပါဝင်ဖို့လည်း လိုပါတယ်။

**ဒေါက်တာ မင်းအောင်**
**အကြီးတန်းအကြံပေး၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**

မြန်မာနိုင်ငံမှာ သီးနှံအာမခံထားရှိရေးစနစ်က အမြန်ဆုံးလုပ်ဖို့ လိုအပ်နေတယ်။ ဘာလို့လဲဆိုရင် ကျွန်တော်တို့ အားလုံးသိတဲ့အတိုင်းပဲ ၂၀၁၅ တုန်းကလည်း ရေကြီးပြီးတော့ လယ်ယာမြေတွေ နစ်မြုပ်ကုန်တယ်။ တောင်သူလယ်သမားတွေ တော်တော်နစ်နာကြတယ်။ အဲဒီအချိန်မှာပဲ ပျက်စီးသွားတဲ့ လယ်တွေ၊ အိမ်တွေ၊ မိသားစုဝင်တွေအတွက် အကူအညီတွေပေးကြတယ်။ ဒီလိုဘေးအန္တရာယ်တွေကို ကြိုတင်ကာကွယ်ဖို့ နည်းလမ်းတွေကို ဘယ်လိုပဲဖြစ်ဖြစ် ရှာသင့်နေပြီ။ သီးနှံတစ်ခုပျက်စီးသွားရင် လယ်သမားလည်း ဆုံးရှုံးမယ်။ လယ်သမားနဲ့ အကျိုးတူလုပ်မယ့် လုပ်ငန်းရှင်တွေလည်း နစ်နာမယ်။ အဲလိုနှစ်ဖက်လုံးဆုံးရှုံးမယ့်ကိစ္စ ဖြစ်နေတော့ တစ်ယောက်ကိုတစ်ယောက် ဘယ်သူမှ မကူနိုင်ကြတော့ဘူး။ ဒီလိုမဖြစ်အောင် သီးနှံအာမခံထားရှိတဲ့ စနစ်အတွက် ဘယ်လိုလုပ်ကြရမလဲ။ အာမခံတစ်ခုခုနဲ့ အဖွဲ့အစည်းတစ်ခုက ဝင်ပြီးတော့ အာမခံစနစ်တစ်ခုနဲ့ ဆောင်ရွက်ထားမယ်ဆိုရင် လုံးဝဆုံးရှုံးသွားတာ မဟုတ်တော့ဘဲ အတိုင်းအတာတစ်ခုအထိ ပြန်ပြီးတော့ ရနိုင်ပါတယ်။

ဘယ်လိုစနစ်မျိုး သင့်လျော်မလဲ၊ သီးနှံပေါ်မှာမူတည်ပြီး ကြည့်ရမယ်။ ပျက်စီးသွားတဲ့ အနေအထားပေါ်မူတည်ပြီးကြည့်ရမယ်။ ဒေသအပေါ်မူတည်ပြီး အာမခံထားတဲ့စနစ်တွေက ကွဲပြားသွားမှာပါ။ အခုအလုပ်ရုံဆွေးနွေးပွဲကိုတော့ အာမခံကုမ္ပဏီတွေအနေနဲ့ လယ်သမားတွေကို ဘယ်လို အာမခံစနစ်တွေနဲ့ ဆောင်ရွက်ပေးနိုင်မလဲ၊ သက်သာတဲ့ ဈေးနှုန်းတွေနဲ့ အာမခံကုမ္ပဏီတွေက တောင်သူလယ်သမားတွေကို ဘယ်လိုအကျိုးရှိအောင်လုပ်ပေးနိုင်မလဲ၊ နှစ်ဖက်လုံး အကျိုးဖြစ်ထွန်းစေမယ့် ပုံစံမျိုးရှာဖွေကြရမှာပါ။

**ဦးမောင်မောင်ထွေး**
**စိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခ(ငြိမ်း)၊**
**မန်နေဂျင်းဒါရိုက်တာ** (Tropical Biotechnology Limited)

သီးနှံဆိုတာကလည်း ပျက်စီးလွယ်တဲ့ အရာဖြစ်တယ်။ ပတ်ဝန်းကျင်နဲ့လည်း ဆက်စပ်နေတယ်။ သီးနှံ ပျက်စီးတယ်ဆိုတာကလည်း ပိုးမွှားကြောင့် ဖြစ်ချင်ဖြစ်မယ်။ သဘာဝဘေးကြောင့် ဖြစ်ချင်ဖြစ်မယ်။ သီးနှံမှာ ပျက်စီးနိုင်တဲ့ အနေအထားတွေ သိပ်များတယ်။ အဲဒါကြောင့် တော်ရုံတန်ရုံ အာမခံကုမ္ပဏီတွေက သိပ်လုပ်မပေးချင်ဘူး။ အဲဒါလည်း ပျက်စီးမယ်ဆိုတာ သိနေကြလို့ပါ။ ဘယ်နည်းနဲ့ ပျက်စီးမယ်ဆိုတာလည်း ကြိုတင်ပြီး မသိဘူး။

တောင်သူတွေက အာမခံမရှိတဲ့အခါကျတော့ သူတို့ရဲ့သီးနှံပျက်စီးသွားရင် သူတို့မှာ ဒုက္ခရောက်ပြီ။ အများအားဖြင့် ချေးငွေနဲ့ စိုက်ရတာ။ အဲလိုစိုက်ရတော့ သီးနှံပျက်စီးသွားတဲ့အခါ အတော်လေး နစ်နာတယ်။ အကယ်၍ အာမခံထားနိုင်မယ်ဆိုရင် တစ်နည်းနည်းနဲ့ အနည်းအကျဉ်းတော့ ပြန်ရနိုင်သေးတယ်။ ဒါကြောင့်မို့ သီးနှံအာမခံထားတာ အလွန်အရေးကြီးပါတယ်။

ဥပဒေကိုလည်း တစ်ဖက်သတ်ဆွဲထားလို့မရဘူး။ သီးနှံကတော့ ပျက်စီးမှုဖြစ်မှာက သေချာတယ်။ ဒါကြောင့် တောင်သူနဲ့ အာမခံကုမ္ပဏီတွေ ညှိနှိုင်းပြီး ဆောင်ရွက်ဖို့လိုတယ်။ သီးနှံပျက်စီးတယ်ဆိုတာက ဘာကြောင့် အဓိကပျက်စီးတယ်ဆိုတာ စဉ်းစားရမယ်။ ဘာကြောင့်လဲဆိုရင် မမျှော်လင့်တဲ့အရာတွေကြောင့် ဖြစ်တာများတယ်။ မိုးခေါင်မယ်၊ ရေကြီးမယ်၊ အဲဒါတွေကြောင့်လည်း သီးနှံတွေပျက်စီးတတ်တယ်။

**ဦးကျော်စိုးလင်း**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**စီမံကိန်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

ရာနှုန်းပြည့် ကုစားနိုင်မယ်လို့တော့ မပြောနိုင်ဘူး။ ဘာလို့လဲဆိုရင် အာမခံစနစ်တွေက အမျိုးမျိုးရှိလို့ပါ။ ဒါမှလည်း အပြန်အလှန် ယုံကြည်မှုနဲ့ အပြန်အလှန် လိုက်နာမှုပေါ်မှာ မူတည်ပြီးတော့မှ စနစ်တစ်ခု အောင်မြင်တယ်။ မအောင်မြင်ဘူးဆိုတာ အဖြေထုတ်လို့ ရတဲ့အနေအထားပါ။ မြန်မာနိုင်ငံဆိုရင် အလယ်ပိုင်းဒေသတွေက အပူပိုင်းဒေသတွေဖြစ်ပြီး စိုက်ပျိုးသီးနှံပျက်စီးမှု အများဆုံးနေရာတွေဖြစ်တယ်။ စနစ်တစ်ခုကို ထူထောင်တော့မယ်ဆိုရင် သူ့ကိုထောက်ပံ့ပေးမယ့် နိုင်ငံတော်ရဲ့ မူဝါဒရှိဖို့လည်း လိုအပ်တယ်။ ဒီမူဝါဒကို ကာကွယ်ဖို့ မူဘောင်တစ်ရပ်ရှိဖို့လည်း လိုတယ်။ ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် စားနပ်ရိက္ခာဖူလုံဖို့ စိုက်ပျိုးရေးကို အမှီပြုရတဲ့ အချိန်မှာ လယ်သမားတွေဘဝ လုံခြုံအောင် အများကြီးလုပ်ဖို့လည်း လိုပါသေးတယ်။

**ဦးကျော်မိုးလွင်(တောင်သူ)**
**မန္တလေးတိုင်းဒေသကြီး**
**နွားထိုးကြီးမြို့နယ်**

ကျွန်တော်တို့ဒေသမှာ ယာသီးနှံအနေနဲ့ ပဲမျိုးစုံနဲ့ နှမ်း မြေအောက်ရေ သုံးလို့ရတဲ့ နေရာတွေကျတော့ ကြက်သွန်ကို အဓိကစိုက်ပါတယ်။ ကျွန်တော်တို့ဘက်မှာ အဓိက သီးနှံပျက်စီးတာကတော့ မိုးရေနဲ့ စိုက်ရတဲ့ ပဲမျိုးစုံနဲ့ နှမ်းပါပဲ။ ကျွန်တော်တို့ဒေသမှာ မေလအလယ်မှာ မိုးဦးကျတယ်ဆိုပြီးတော့ သီးနှံကို အခြောက်ကြဲကြတယ်။ ဥပမာ နှမ်းနဲ့ ပဲစင်းငုံသီးနှံလိုမျိုးပါ။ အဲဒီမှာ မိုးဆက်မလိုက်တော့ မျိုးတွေက မပေါက်တာရှိတယ်။

ကျလာတဲ့မိုးကလည်း အပင်ပေါက်လောက်တဲ့အထိ မရဘူးဆိုလည်း သီးနှံပျက်စီးတယ်။ ကျွန်တော်တို့က အပူပိုင်းဇုန်ဖြစ်တဲ့အတွက်ကြောင့် သီးနှံစုံကို မြေအောက်ရေပေးဖို့ကလည်း မဖြစ်နိုင်ဘူး။ ဒါကြောင့် ကောင်းကင်က မိုးကိုပဲ အဓိကထား စိုက်ပျိုးရတာဖြစ်တယ်။ မိုးရေချိန်လက်မ လုံလောက်စွာ မရရှိလို့ သီးနှံပျက်စီးဆုံးရှုံးမှုကများပါတယ်။ တစ်နှစ်ထက်တစ်နှစ် ပျက်စီးဆုံးရှုံးမှုက များလာတယ်။ ကြက်သွန်၊ ဝါနဲ့ ပဲစင်းငုံတို့မှာလည်း ပိုးကျတာတွေ ရှိတယ်။

ရာသီဥတု အပြောင်းအလဲကြောင့် ရေသွင်းစိုက်ပျိုးတဲ့ ကြက်သွန်တောင် အထွက်နှုန်းလျော့မှုတွေ ရှိလာနိုင်တယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲက သီးနှံအာမခံဆိုတော့ ကျွန်တော်တို့ တောင်သူလယ်သမားတွေအတွက် အာမခံလိုအပ်တယ်။ ဘာပဲဖြစ်ဖြစ် စိုက်ပျိုးပြီးတော့မှ မိုးဖျက်သွားလို့ ပျက်သွားတာမျိုး အောင်ရေမိုးမရလို့ ပျက်စီးတာတွေက တစ်မျိုး၊ ပိုးကျလို့ ပျက်စီးတာတစ်မျိုး သဘာဝဘေးကြောင့် ပျက်စီးတာကတစ်မျိုး အဲလိုမျိုးပျက်စီးတာတွေ အမျိုးမျိုးရှိလို့ သီးနှံတွေကို ဘယ်လိုအာမခံထားရင် ရနိုင်မလဲ။ အာမခံပုံစံကို ဘယ်လိုထားရမလဲ။ အာမခံရမယ်ဆိုရင်လည်း ဘယ်လိုပုံစံမျိုးနဲ့ ပြန်လည်ရရှိမလဲ။

ဒါတွေကို ကျွန်တော်တို့တောင်သူတွေအနေနဲ့ တစ်ကြိမ်တစ်ခါမှ မတွေ့ကြုံဖူးတော့ အတွေ့အကြုံလေးရအောင် လာတက်တာပါ။ ကျွန်တော်တို့အတွက် အသိပညာ၊ ဗဟုသုတတွေ အများကြီးရပါတယ်။

စားနပ်ရိက္ခာ ဖူလုံရန်အတွက် သီးနှံများ စိုက်ပျိုးသည့်အခါတွင် ရာသီဥတုဖောက်ပြန်မှုကို နိုင်ငံတော်တော်များများ ခံစားနေကြရကြောင်း၊ ထိုသို့ ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပေါ်လာသည့်အခါ သီးနှံပျက်စီးဆုံးရှုံးမှုများ ရှိလာကြကြောင်း၊ သီးနှံပျက်စီးဆုံးရှုံးသည့်အခါ စိုက်ပျိုးသီးနှံ အာမခံစနစ် ထားရှိခြင်းကြောင့် အားလုံးပျက်စီးသွားသည့်တိုင် လုံးဝအရင်းပြုတ်သည်အထိ ဆုံးရှုံးမှုမျိုးမဖြစ်စေဘဲ ဆက်လက်စိုက်ပျိုးစရာမရှိသည့် ဒုက္ခများကို တောင်သူလယ်သမားများ မခံစားရတော့ဘဲ ကင်းလွတ်သွားမည် ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် သီးနှံအာမခံစနစ်နှင့် ပတ်သက်ပြီး ယခုအကြိမ်သည် ပထမဆုံးအကြိမ် စတင်ဆောင်ရွက်ခြင်းဖြစ်သည်။ အာမခံလယ်ယာလုပ်ငန်းသည် စွန့်စားလုပ်ကိုင်ရသည့် လုပ်ငန်းဖြစ်သလို သာမန်အနေဖြင့် လုပ်ဆောင်ရန် မလွယ်ကူပေ။ တောင်သူလယ်သမားနှင့် လုပ်ငန်းရှင်ပါ နှစ်ဖက်စလုံး အကျိုးရှိရန်နှင့် နစ်နာသူကိုပါ တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်ရန် ထိုကဲ့သို့ သီးနှံအာမခံစနစ် အလုပ်ရုံဆွေးနွေးမှုများ များစွာလုပ်ရန် လိုအပ်သည်။

ယနေ့ စိုက်ပျိုးသီးနှံအာမခံထားရှိရေး အလုပ်ရုံဆွေးနွေးပွဲကို အိန္ဒိယနိုင်ငံ အစိုးရဘက်မှ စိုက်ပျိုးရေး နည်းပညာရှင်များ၊ မြန်မာနိုင်ငံဘက်မှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများအပြင် ပြည်တွင်းပြည်ပ အာမခံကုမ္ပဏီများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြခြင်း ဖြစ်ကြောင်း သိရသည်။



ဒေါက်တာ တင်ထွဋ်



ဒေါက်တာ မင်းအောင်



ဦးမောင်မောင်ထွေး




ဦးကျော်စိုးလင်း



ဦးကျော်မိုးလွင်

# အထူးအထွက်တိုး နယူးရော(၁)စပါး ပေါင်မျိုးဖြင့် မျိုးစေ့ချပွဲကျင်းပ

**ဖီးကုန်း မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ဥက္ကံကျေးရွာအုပ်စု ကုန်းမြင့်ကျေးရွာ ၂၀၁၅-၂၀၁၆ ခုနှစ် နွေစပါး GAP ဧက စံပြကွက်ရှိ တောင်သူ ဦးမြင့်သိန်း၏လယ်၌ သုံးသီး နွေစပါးပုလဲသွယ် နယူးရော(၁) အထူးအထွက်တိုးစပါးမျိုးကို သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များနှင့်အညီ ပေါင်မျိုးဖြင့် မျိုးစေ့ချပွဲကို မတ်လ ဒုတိယပတ်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပေါင်မျိုးဖြင့် မျိုးစေ့ချပွဲသို့ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်တင်မြလွင်၊ ခရိုင်မြေအသုံးချ မျိုးစေ့နှင့် သီးနှံကာကွယ်ရေးတာဝန်ခံများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မာမာအောင်နှင့် ဝန်ထမ်းများ၊ တောင်သူများ လေ့လာခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**ကိုသက်(ဖီးကုန်း)**



# ဥပဒေအတွေး ရေးပါရစေ (အပိုင်း-၁၁)

ဦးဟန်ညွှန့်(ဥပဒေ)



**အလုပ်သင်ရှေ့နေမေးသော မေးခွန်း**

အလုပ်သင်ရှေ့နေတစ်ဦးက ကျွန်တော့်အား မေးသည်။ “ရှေ့နေအတွေးနဲ့ ရှေ့နေကောင်းဆိုတာ ဘာလဲ။ ရှေ့နေကောင်းတစ်ယောက်ဖြစ်ဖို့ ဘာလုပ်ရမှာလဲ”တဲ့။ သြော် သူ့မေးခွန်းက လွယ်မယောင်နှင့် ခက်သည်။ တိုတိုနှင့်လိုရင်းဖြေ၍မရနိုင်။ အရှည်ကြီး ဝေ့လည်ကြောင်ပတ်ဖြေနေလျှင်လည်း သဘောကျမည်မဟုတ်။ အကိုးအကားနှင့် ကြိုးစားဖြေပါရစေ။

**ရှေ့နေပညာ**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်ဖြစ်သည့် ရှေ့နေလုပ်သက်နှစ်ပေါင်း ၅၀ ကျော်ခဲ့ပြီဖြစ်သော တရားလွှတ်တော်ရှေ့နေကြီး ဦးမြသိန်းက လက်ဆင့်ကမ်းပေးသော ADVOCACY (by R.K. Soonavala) စာအုပ်က စတင်ပါရစေ။ ထိုစာအုပ်ကို လက်ခံရရှိသူမှာ ခုံရုံးအဖွဲ့ဝင် ဦးမြင့်ဝင်း(ရွှေဘို) ဖြစ်သည်။ ထိုစာအုပ်ကို သဘောကျပြီး ကောင်းနိုးရာရာ မှတ်စုထုတ်နုတ်၍ မိမိအတွေ့အကြုံများဖြင့် **ဦးမြင့်ဝင်း (ရွှေဘို)**က **“ရှေ့နေပညာအသုံးချမှတ်စုများ”** စာအုပ်ထုတ်ဝေခဲ့သည်။ အလုပ်သင်ရှေ့နေလူငယ်များအတွက် ရှေ့နေပညာအတော်အသင့်ရနိုင်သော စာအုပ်ဖြစ်ပါသည်။ ကောက်နုတ်ချက်တစ်ခု တင်ပြပါရစေ။

**ဦးကျင်ထုံးသင်ပြခဲ့သောစကား**

တရားလွှတ်တော်ရှေ့နေကြီး ဦးမြသိန်းအား သူ့ဖခင်တရားလွှတ်တော်ရှေ့နေကြီး ဦးကျင်ထုံးက သင်ပြခဲ့သောစကားကို ပြန်ကြားရသည်။ **“သက်သေကသူ့ဘာသာသူဖြေချင်လာအောင်မေးတတ်ဖို့လိုတယ်”** ဟုဆိုပါသည်။

> “တစ်ညတွင် သူခိုးလက်ဟောင်းကြီး တစ်ဦး၏ အိမ်သို့ သူခိုးလက်သစ်ကလေးက ဝင်ခိုးမိရာ ပစ္စည်း မခိုးရသေးမီ ပက်ပင်းမိသွားသည်။ အိမ်ရှင်မှာ သူခိုးလက်ဟောင်းကြီးမှန်း သိသွားချိန်၊ သူခိုးကြီးက သူခိုးလက်သစ်ကလေးအား
>
> “မင်းလမ်းထိပ်က ဝက်သားသည်အိမ်က ဝက်သားတစ်ပိဿာ အခုသွားခိုးချေ” ဟု ခိုင်းလိုက်သည်။ သူခိုးကလေးလည်း အစွမ်းပြချင်စိတ်ဖြင့်
>
> “ကောင်းပါပြီ”ဟု ဝန်ခံပြီးထွက်သွားသည်။ အတန်ကြာသော် သူခိုးကလေးပြန်ရောက်လာပြီး ဝက်သားထားသည့်နေရာကို ရှာမတွေ့၍ မခိုးနိုင်ခဲ့ကြောင်း ပြောသည်။
>
> သူခိုးကြီးက “ဝက်သားကို ဘယ်နေရာမှာထားသလဲဆိုတာ အိမ်ရှင်တွေကို မေးလိုက်ပါလား၊ သိရမှာပေါ့။”
>
> သူခိုးငယ်က “အိမ်ရှင်ကိုမေးရင် ကျုပ်ကို ဝိုင်းဖမ်းရုံပဲ ရှိတော့တာပေါ့။ ချောက်မချပါနဲ့။” ဤအခါတွင်မှ သူခိုးကြီးက “ကိုင်း. . . ကိုင်း၊ ငါနဲ့လိုက်ခဲ့”ဟု ခေါ်ကာ ဝက်သားသည်၏ အိမ်သို့ အတူထွက်ခဲ့ကြသည်။ အိမ်မှာ ဆိုင်နှင့်တွဲလျက်ဖြစ်ပြီး အိမ်ရှင်များမှာ အိပ်မောကျနေသည်ကို တွေ့ရသည်။ သူခိုးကြီးက ကျောက်စရစ်ခဲ ၃၊၄ လုံးခန့်ကို ကောက်လိုက်ပြီး အိမ်ဆိုင်အတွင်းဘက်ချိန်ခွင်ရှိရာသို့ လှမ်း၍လိမ့်လိုက်သည်။ ကျောက်စရစ်ခဲသံကြောင့် အိမ်ရှင်နိုးသွားပြီ။
>
> “ဟဲ့---ထဦး၊ ဝက်သားတွဲတွေ ကြွက်ဆွဲနေပြီထင်တယ်”
>
> “အိပ်မှာအိပ်စမ်းပါတော်၊ ဟင်းတွဲတွေကို စဥ့်အိုး ထဲမှာ သေချာပိတ်ထားပါတယ်၊ ဒီသောက်ကြွက် တွေ မဝင်နိုင်ပါဘူး။”
>
> ထိုည မိုးမလင်းမီမှာပင် သူခိုးလေးသည် သူခိုးကြီး၏အိမ်၌ ဝက်ပေါင်သားကြော်ကိုစားရင်း **သက်ကြီး စကားသက်ငယ်ကြားဖြင့် ပညာသင်ခဲ့ရသေးသည်** ဟူ၏။”

**(ရှေ့နေပညာအသုံးချမှတ်စုများစာအုပ်-စာ - ၁၀၂)**

**ရှေ့နေ၏အခြေခံဗဟုသုတ**

**(ရှေ့နေကောင်းတစ်ယောက်ဖြစ်ဖို့ အခြေခံဗဟုသုတရှိဖို့ လိုသည်။)**

(၁) ဥပဒေကျင့်ထုံးတတ်သိနားလည်ရမည်၊
(၂) ရှေ့နေကျင့်ဝတ်စောင့်ထိန်းရမည်၊
(၃) အခြေခံယုတ္တိဗေဒပညာ တတ်သိရမည်၊
(၄) လူနှင့်လူ့သဘာဝကို သိရမည်၊
(၅) တရားဥပဒေသဘောကို ခြုံငုံသုံးသပ်နိုင်ရမည်။

**အခြေခံအရည်အချင်းများ**

(က) အသံကောင်းခြင်း
(ခ) စကားကြွယ်ခြင်း
(ဂ) ယုံကြည်ကိုးစားခြင်း
(ဃ) ဇွဲသတ္တိရှိခြင်း
(င) အတွေးအခေါ်ရင့်ကျက်ခြင်း
(စ) မှုခင်းအတွေ့အကြုံများခြင်းသည်လည်း **အခြေခံအရည်အချင်းများ**ဖြစ်သင့်သည်။

**ဟိတ်ဟန်လုပ်သောရှေ့နေ**

ရှေ့နေ(အချို့)သည် ဟိတ်ဟန်လုပ်သော၊ သူတစ်ပါးအထင်ကြီးအောင် ဟန်ဆောင်အယောင်ပြသော၊ ဥပဒေပညာ တကယ်မတတ်သောသူတို့ဖြစ်နေတတ်သည်။ အမှုသည် အချို့အားအထင်ကြီးအောင် ပြုမူခြင်းဖြင့် အရှုံးနှင့်သာ အဖတ်တင်တတ်သည်။ အကျင့်သီလကောင်း၍၊ သစ္စာရှိသော၊ အမှုအတွက် ဥပဒေအခွင့်အရေးအပြည့်အဝရအောင် ကူညီကြသော ရှေ့နေများကိုသာ အများက လက်ခံကြသည်။

**အမှန်ကိုဖြစ်စေရမည်**

> “အမှန်ကိုဖြစ်စေရမည်။ ကိုယ့်အမှုသည်လည်း ဥပဒေနှင့်အညီ ရသင့်ရထိုက်သော သက်သာခွင့် အခွင့်အရေးကို ရစေရမည်။ ဤသို့စေတနာထားအပ်သည်။ ရှေ့နေကျင့်ဝတ်စောင့်ထိန်းအပ်သည်။ တရားခံက သူလုပ်မိပါသည်ဆိုပါလျက် ရုံးတွင် ဘူးကွယ်ရန် ရှေ့နေသင်မပေးသင့်။ အမှန်ကို အမှန်အတိုင်းပြောစေအပ်သည်။ သို့ရာတွင် တရားခံပြုလုပ်ချက်သည် ပြစ်မှုမြောက်ချင်မှမြောက်မည်။ ဥပမာ တစ်ဖက်က ရန်မူသဖြင့် ခုခံကာကွယ်ခြင်းလား၊ မတော်တဆဖြစ်ခြင်းလား၊ တရားဝင် အထက်အမိန့်အရ လုပ်ရသလား၊ တရားဝင်ခွင့်ပြုချက်ရှိသလား ကိုယ့်အမှုသည်အား စေ့စေ့စပ်စပ်မေးမြန်းကာ အဖြစ်မှန်နှင့် ဥပဒေကိုသုံးသပ်၍ ဥပဒေဘောင်အတွင်း အမှုသည်ရသင့်ရထိုက်သော သက်သာခွင့် လွတ်မြောက်ခွင့်ကို တရားရုံးသို့ ဝီရိယစိုက်ထုတ်တင်ပြအပ်သည်။”
>
> “သက်သေဖျက်၍ မုသားသက်သေထွက်ဆို၍ တံစိုးလက်ဆောင်ပေး၍ အမှုနိုင်တာမျိုးရှောင်ရသည်။ လုပ်ထုံးကို အလွဲသုံးစားပြုကာ အမှုကြန့်ကြာအောင်ဆွဲခြင်း၊ အမှုသည်အား အမှန်ကိုပြောမပြဘဲ တစ်ရုံးပြီး တစ်ရုံးတက်စေခြင်း၊ တစ်မှုနှင့်ပြီးရမည်ကို အမှုများပွား၍ ရှေ့နေက များများစားခြင်း၊ အမှုသည်ထံမှ ရှေ့နေက အပြည့်ယူပြီးနောက် သူ့ကိစ္စကို ဂရုတစိုက်မဆောင်ရွက်ခြင်း၊ နောက်ရုံးချိန်းများတွင် အမှုသည်ထံမှ နေ့တွက်ခ၊ ခြေကြွခရမှ ရုံးသို့ လိုက်ပါဆောင်ရွက်ခြင်း၊ ရုံးစရိတ်စသည်ကို ဖြတ်စားခြင်း၊ အမှုသည်က ယုံကြည်စွာပြောဆိုအပ်နှံထားသော စကား၊ စာရွက်စာတမ်းတို့ကို တစ်ဖက်သို့ကမ်းလှမ်းအမြတ်ထုတ်ခြင်း၊ တရားသူကြီးများအား မလေးမစား မချေမငံပြုမူဆက်ဆံခြင်းစသည်တို့သည် ရှေ့နေကျင့်ဝတ်သိက္ခာနှင့် မညီသောလုပ်ရပ်များဖြစ်သည်”

ဟု **အငြိမ်းစား နိုင်ငံတော်သမ္မတ၊ တရားဝန်ကြီး ဒေါက်တာမောင်မောင်က တရားဥပဒေအထွေထွေ ဗဟုသုတ စာအုပ် စာ-၁၉၈ (တတိယအကြိမ်၊ ၂၀၁၄)** တွင် ထောက်ပြလမ်းညွှန်သည်။

**မွန်မြတ်သန့်စင်**

ဥပဒေပညာဖြင့် အသက်မွေးသော ရှေ့နေရှေ့ရပ်များ၏ အလုပ်မှာ မွန်မြတ်သန့်စင်ပြီး ဂုဏ်ယူဖွယ်ကောင်းသည့် အလုပ်အဖြစ် အစဥ်တစိုက်အသိအမှတ်ပြုလာခဲ့ကြသည်။ တရားရုံးများက ဥပဒေနှင့်အညီ မှန်ကန်မြန်ဆန်အောင်၊ တရားနည်းလမ်းကျအောင် ကူညီပံ့ပိုးကြသူများအဖြစ်လည်းကောင်း၊ ဥပဒေတတ်ကျွမ်းခြင်းမရှိကြသော အမှုသည်များအတွက် ဥပဒေဘောင်အတွင်းမှ ကူညီလမ်းပြအကျိုးဆောင်ပေးကြသူများအဖြစ်လည်းကောင်း ရှေ့နေလုပ်ငန်းအား အစဥ်အလာအရ မွန်မြတ်သည့်လုပ်ငန်းအဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။

**(ဦးရဲထွဋ်လှနှင့်ဒေါ်တင်တင်မေ-ပါ-၄၊ ၁၉၉၁၊ မတစ၊ စာ ၁၃၂)**

**ရုံးအရာရှိများသဖွယ်**

ရှေ့နေကြီးများသည် အမှန်တရားကို ဖြစ်ထွန်းစေရန် တရားရုံးများနှင့် ၎င်းတို့လိုက်ပါဆောင်ရွက်ခဲ့ကြသော ရုံးအသီးသီးတွင် ရုံးအရာရှိများသဖွယ် ကူညီဆောင်ရွက်ကြရသည်။ ဥပဒေရုံးလုပ်ထုံးစသည်တို့ကို ကျွမ်းကျင်ကြသော ပြည်သူတို့၏ အကျိုးဆောင်များလည်း ဖြစ်ကြသည်။ ထို့ကြောင့် ၎င်းတို့အား လိုက်ပါကူညီဆောင်ရွက်ပေးရန် မိမိတို့၏ မှုခင်းကိစ္စတို့ကို ယုံကြည်အပ်နှံကြသော ပြည်သူများအပေါ် သစ္စာထားရသည်။ တစ်ဖက်တွင်လည်း တရားရုံးများက တခြားသောရုံးများအပေါ် သစ္စာထားရသည်။ သို့မှသာ ရှေ့နေကြီးများပီသ၍ ပြည်သူတို့၏ ယုံကြည်ကိုးစားခြင်းကို ခံယူထိုက်ပေသည်။ ပြည်သူ့အကျိုးကို ညွှန်ပြပေးရမည်။

**(ရှေ့နေကြီးဦးအောင်သိန်းကိစ္စ၊ ၁၉၆၈၊ မတစ၊ စာ-၂၀၈)**

**အောင်မြင်သောရှေ့နေ**

တရားလွှတ်တော်ရှေ့နေ **ဥပဒေဦးစိန်လှိုင်**ပြုစုရေးသားသော **အောင်မြင်သော ရှေ့နေစာအုပ်(၁၉၈၅၊ ပထမအကြိမ်)စာ-၂၈**တွင်-

ရှေ့နေလုပ်ငန်းကို (ကစဆဆစ)နည်းဖြင့် လေ့လာပါဟု တိုက်တွန်းထားသည်။ ကစဆဆစဆိုတာဘာလဲ။ ဤသို့ဆိုပါသည်။

(က) ကြည့်ပါ။ သူများနည်းတူမြင်တတ်အောင်ကြည့်ပါ။
(စ) စူးစမ်းပါ။ တွေ့မြင်သမျှကိုစူးစမ်းဆင်ခြင်ပါ။
(ဆ) ဆည်းပူးပါ။ အောင်မြင်ကျော်ကြားသော ရှေ့နေကြီးများထံမှ ဆည်းပူးသင်ယူပါ။
(ဆ) ဆောင်ရွက်ပါ။ အမှုပြီးပြည့်စုံအောင်ဆောင်ရွက်ပါ။
(စ) စစ်ဆေးပါ။ မှားယွင်းမှု၊ အားနည်းမှုမရှိအောင် မှန်ကန်မှု၊ အောင်မြင်မှုများအောင် စစ်ဆေးပါဟု မှာကြားမှုဝေပေးသည်။

**အလွန်ဆင်းရဲသော ရှေ့နေလင်ကွန်း**

အလွန်ဆင်းရဲသော၊ အလွန်နုံချာသော ရှေ့နေကလေး။ သူ့အကြောင်း အများသိပြီးသားပါ။ အမေရိကန်ပြည်ထောင်စု၏ ၁၆ ဦးမြောက် သမ္မတကြီး လင်ကွန်းပါ။ တောရွာကလေးတစ်ရွာက အလွန်နုံချာသော သစ်လုံးအိမ်ကလေးမှာ မွေးဖွားခဲ့။ ငယ်စဥ်က အလွန်ဆင်းရဲရှာ။ မီးခွက်၊ ဖယောင်းတိုင်ပင်မတတ်နိုင်။ မီးလင်းဖိုနံဘေးမှာ စာရေးစာဖတ်။ အလုပ်ကြမ်းမျိုးစုံလုပ်ခဲ့ရရှာသူ။ ၁၈၃၇ ခုနှစ်မှာ ရှေ့နေစာမေးပွဲအောင်။ ၁၈၄၈ မှ ၁၈၅၄ အထိ ရှေ့နေလုပ်ငန်းကို အဓိကထား၍ကြိုးစားလုပ်ခဲ့သူ။ လင်ကွန်းက ပြောသည်-

> “ရှေ့နေလုပ်ငန်းဖြင့် အသက်မွေးလိုသူ လူငယ်များအနေနှင့် ရိုးသားမှုမရှိလျှင် ရှေ့နေအလုပ်ကို မရွေးချယ်ကြပါနှင့်။ မိမိကိုယ်မိမိ ရိုးရိုးဖြောင့်ဖြောင့် နေနိုင်အောင်ကြိုးစားပါ။ လူယုတ်မာတစ်ဦးဖြစ်လာရန် ရှေ့နေလုပ်ငန်းကို မရွေးပါနှင့်----” တဲ့။ ကမ္ဘာကျော်သော အမှာစကားဖြစ်ပါပေသည်။

(ABRAHAM LINCOLN; THE GETTYSBURG ADDRESS AND OTHER SPEECHES)

## လင်ကွန်းက ပြောသည်- ရှေ့နေလုပ်ငန်းဖြင့် အသက်မွေးလိုသူ လူငယ်များအနေနှင့် ရိုးသားမှုမရှိလျှင် ရှေ့နေအလုပ်ကို မရွေးချယ်ကြပါနှင့်။ မိမိကိုယ်မိမိ ရိုးရိုးဖြောင့်ဖြောင့် နေနိုင်အောင်ကြိုးစားပါ။ လူယုတ်မာတစ်ဦးဖြစ်လာရန် ရှေ့နေလုပ်ငန်းကို မရွေးပါနှင့်

**ရှေ့နေငှားမှထောင်လုံးလုံးကျ**

“ရှေ့နေငှားမှထောင်လုံးလုံးကျ”ဟူသော စကားရှိသည်။ ရှေ့နေမငှားလျှင်ဘာမှမဖြစ်။ ရှေ့နေငှားခါမှ ထောင်လုံးလုံးကျရသည့်အဖြစ်ကို အပြစ်ဆိုချင်ဟန်တူသည်။ တကယ်တော့ရှေ့နေကြောင့် ထောင်ကျရသည် မဆိုသာ။ သူ့အမှု၊ သူ့ဖြစ်ရပ်ကပင် ထောင်ကျမည့်ဖြစ်အင်ပါ။ သို့သော်ငြားထင်ထင်ရှားရှား၊ ကွဲကွဲပြားပြားဖြစ်အောင် မရှင်းလင်းကြ။ မပြောဆိုကြ။ မညှိနှိုင်းကြ။ ဥပဒေသဘောပြောရမည်။ နားလည်အောင်၊ ပွင့်လင်းမြင်သာအောင် ပြောတတ်မှ ဆိုတတ်မှ သူ့ဘက်ကိုယ့်ဘက် နားလည်မှုရှိကြမည်ယုံသည်။ ဥပဒေအတွေးတွေးကြစေချင်သည်။ ဥပဒေအမြင် မြင်ကြစေချင်သည်။ ဥပဒေသဘောနှီးနှောစေလိုသည်။

**ငါးခုံးမတစ်ကောင်**

“ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်” ဆိုသော ဆိုရိုးစကားရှိသေးသည်။ ရှေ့နေတစ်ဦးတလေကြောင့် ရှေ့နေလောကကြီးတစ်ခုလုံး ပျက်သုဉ်းတော့မည်လော။ အားလုံးကိုဝါးလုံးရှည်ဖြင့် မရမ်းသင့်။ မကြမ်းသင့်။ ဆိုးသူ၊ မလိမ္မာသူ၊ အကျင့်ပျက်သူ၊ ဥပဒေဖောက်ဖျက်မိသူ ရှေ့နေတစ်ဦးတလေရှိပေမည်။ ဝိုင်းထိန်း၊ ဝိုင်းစောင့်ရှောက်၊ ဥပဒေလောက၊ ရှေ့နေလောက ထွန်းပေါက်စေရမည်။

**ရှေ့နေကောင်းအတွေး**

“ရှေ့နေအတွေးကောင်းကောင်း၊ ရှေ့နေကောင်းကောင်းဆိုတာဘာလဲ။ ရှေ့နေကောင်းတစ်ယောက်ဖြစ်ဖို့ ဘာလုပ်ရမှာလဲ”ဟု မေးသော အလုပ်သင်ရှေ့နေတစ်ဦး၏ မေးခွန်းကိုဖြေကြည့်ခြင်းပါ။ ပြည့်စုံပြီဟုကား မဆိုနိုင်သေး။ ဆက်၍ရေးပါဦးမည်။ တွေးပါဦးမည်။

*(ဆက်လက်ဖော်ပြပါမည်)*

---

## စေတနာ့ဝန်ထမ်း မှုးယစ်ကြီးကြပ်ရေးမှူး သင်တန်းဖွင့်

ပြည် မတ် ၂၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ရွှေပြည်သာလူငယ်များ ပြုစုပျိုးထောင်ရေးစခန်း(ဝက်ထီးကန်)မှ ကြီးမှူးဖွင့်လှစ်သော စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်း (၆/၂၀၁၆) ဖွင့်ပွဲကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ခရိုင်လူမှုဝန်ထမ်းရုံး၌ မတ် ၂၁ ရက် နံနက်က ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန မူးယစ်ပြန်ထူဌာနစု လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ထွန်းက အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ ပြည်မြို့နေရပ်ကွက် (၁၀) ရပ်ကွက်မှ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး ၂၀ တို့အား မူးယစ်ဆေးဖြတ်သူများ နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်းများနှင့် မူးယစ်ဆေးသုံးစွဲမှု လျော့နည်းပပျောက်စေရန် သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ၂၀၁၆ ခုနှစ်၊ (၇၁)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီတေးသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုစာမူပြိုင်ပွဲ ဆုရရှိသူများအမည်စာရင်း

**စစ်ချီတေးသီချင်း**

၁။ ပြည်ထောင်စုတပ်မတော်တို့အသင့်ရှိသည် — ပထမဆု
တပ်ကြပ်ကြီး ဖုန်းမြင့်။

၂။ နိုင်ငံသားကောင်းတပ်မတော်မာန်ဝင့်ချီ — ဒုတိယဆု
မိုးသူ(သုခုမ)၊ ၁၉၁၊ သရဖီလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံ။

၃။ ပြည်ထောင်စုကိုကာကွယ်မည့်တပ်မတော် — တတိယဆု
တပ်ကြပ်ကြီး စောစဲနေကနဲစော

၄။ ပြည်သူ့အတွက်ဒို့တပ်မတော်ရှိသည် — နှစ်သိမ့်ဆု(၁)
ဝေလင်း(သုခုမ)၊ ၁၂၃၀/က၊ ရွှေမင်းဝံလမ်း၊ အပိုင်(၄)၊ (၂၀)ရပ်ကွက်၊ လှိုင်သာယာမြို့။

၅။ မြန်မာပြည်ထောင်စုရဲ့တပ်မတော် — နှစ်သိမ့်ဆု(၂)
တပ်ကြပ်ကြီး ဇော်မျိုးထွန်း။

**စစ်သည်တေးသီချင်း**

၁။ ကြည်းရေလေထု အားအင်ပြုမည် — ပထမဆု
အလင်္ကာမေ၊ မ-၅၈၊ ဘောဂလမ်း၊ ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်။

၂။ ကမ္ဘာတည်သရွေ့မြန်မာပြည်ရှေ့ကတပ်မတော် — ဒုတိယဆု
ဗိုလ်ကြီး ဥာဏ်ပိုင်စိုး။

၃။ တပ်မတော်သည်နိုင်ငံအတွက် — တတိယဆု
တပ်ကြပ်ကြီး ဖုန်းမြင့်

၄။ အမျိုးဂုဏ်ဆောင်မည် မျိုးချစ်စစ်သည် — နှစ်သိမ့်ဆု(၁)
ငယ်သန့်(သုခုမ)၊ ၁၂၃၀/က၊ ရွှေမင်းဝံလမ်း၊ အပိုင်(၄)၊ (၂၀)ရပ်ကွက်၊ လှိုင်သာယာမြို့။

၅။ ငါတို့သွေးနဲ့သမိုင်းတည် — နှစ်သိမ့်ဆု(၂)
ဝေလင်း(သုခုမ)၊ ၁၂၃၀/က၊ ရွှေမင်းဝံလမ်း၊ အပိုင်(၄)၊ (၂၀)ရပ်ကွက်၊ လှိုင်သာယာမြို့။

**ကဗျာတို**

၁။ ပြည်၏လက်ရုံးပြည့်ပခုံး — ပထမဆု
မောင်မောင်မိုးအောင်၊ အမှတ်(၁၀၄)၊ ၉-လမ်း၊ သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့။

၂။ စွန့်လွှတ်မြင့်မြတ်၊ ပေးဆပ်ဝံ့စား၊ လေးစားပကတိ၊ သမိုင်းရှိသည့်တပ်မတော် — ဒုတိယဆု
မင်းသစ်ဝင်း(ကျောက်တံခါး)၊ အမှတ်(၁၂၅)၊ အောင်သပြေလမ်း၊ ဈေးပိုင်းရပ်ကွက်၊ ကျောက်တံခါးမြို့။

၃။ ရွှေပြည့်ဂုဏ်ဒြပ် မြန်မာ့တပ်မတော် — တတိယဆု
ချမ်းမြဆောင်း(ကလော)၊ *DOK* ကုန်စုံဆိုင်၊ စာတိုက်ဟောင်းရှေ့၊ ကလောမြို့။

၄။ မြန်မာရွှေပြည်အရှည်တည်ရေး အလေးထား မွေ့ပျော် တပ်မတော် — နှစ်သိမ့်ဆု(၁)
တပ်ကြပ် ကျော်ကျော်။

၅။ ပြည်သူချစ်သောတပ်မတော် — နှစ်သိမ့်ဆု(၂)
ချစ်ဆုပန်၊ မကျည်းပင်တန်းလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ပုသိမ်မြို့။

**ကဗျာရှည်**

၁။ ရွှေနိုင်ငံ ရွှေကမ္ဘည်းနှင့် ရွှေပန်းတိုင်ရွှေခရီး — ပထမဆု
မင်းသွေးနွယ်(ဇီးကုန်း)၊ အမှတ်(၁၇)၊ မြို့ပတ်လမ်း၊ အမှတ်(၄)ရပ်ကွက်၊ ဇီးကုန်းမြို့။

၂။ စွမ်းရည်ပြည့်ဝနှလုံးလှ မြန်မာ့တပ်မတော် — ဒုတိယဆု
ဝင်းနွယ်(သစ်တော)၊ စိန်ပန်းပင်လမ်း၊ မြို့ဟောင်း(၂)ရပ်ကွက်၊ မကွေးမြို့။

၃။ တပ်မတော်မော်ကွန်း ဆော်ရွှမ်းမင်္ဂလာ ဖော်ညွှန်းအလင်္ကာ — တတိယဆု
ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ ၂-ဗ(၇)၊ အရာထမ်းအိမ်ရာ၊ ဒက္ခိဏသီရိမြို့။

၄။ မြန်မာ့တပ်မတော် ခေတ်တိုင်းကျက်သရေဖြာ — နှစ်သိမ့်ဆု(၁)
မဟူရာစောလွင်(ပခုက္ကူ)၊ ဗိုလ်ချုပ်လမ်း၊ ပခုက္ကူမြို့။

၅။ ပြည်သူ့ရင်နှစ်ခေတ်မီမျိုးချစ်တပ်မတော် — နှစ်သိမ့်ဆု(၂)
ဗိုလ်မှူး တင်ထွန်းဦး(ငြိမ်း)၊ အမှတ်(၃၂)၊ ရှမ်းရွာလမ်း၊ ကိုးမိုင်၊ မရမ်းကုန်းမြို့နယ်။

**ဝတ္ထုတို**

၁။ အန္တိမသွေးတစ်စက် — ပထမဆု
ဗိုလ်မှူး ကျော်ရဲသိန်း။

၂။ ပေးဆပ်စွန့်လွှတ်ခြင်းများ၏နောက်တွင် — ဒုတိယဆု
ဗိုလ်မှူး မြင့်ဇော်လင်း။

၃။ နောက်ဆုံးထွက်သက်အထိ အသုံးတော်ခံနိုင်သည် — တတိယဆု
ကျော်ဖြိုးလွင်၊ အမှတ်(၈၀၇/က)၊ ဇာနည်(၂)လမ်း၊ (၅၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)။

၄။ မမေ့နိုင် — နှစ်သိမ့်ဆု(၁)
တပ်ကြပ်ကြီး/စာရေးဆရာ မောင်မောင်လွင်။

၅။ မွေခံထိုက်စေ — နှစ်သိမ့်ဆု(၂)
တပ်ကြပ် ဟန်စိုး။

**ဝတ္ထုရှည်**

၁။ သားစဉ်မြေးမြစ် ပြောထုံးဖြစ်စေ — ပထမဆု
ဗိုလ်ကြီး ဇော်ဝင်းဦး။

၂။ တိုင်းပြည်အတွက် နှင်းသက်ဆယ်ပြန် — ဒုတိယဆု
တက္ကသိုလ်မြမဥ္ဇူ၊ အမှတ်(၇၀/ခ)၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။

၃။ ငါဟာစစ်သားတစ်ယောက်ဖြစ်တယ် — တတိယဆု
ဗိုလ်ကြီး ဝင်းထက်။

၄။ ခြေတစ်လှမ်း ပန်းတစ်ခင်း အလွမ်းပွင့်တို့ကြွေပါစေ — နှစ်သိမ့်ဆု(၁)
သင်မိုးနီ၊ ဦးအောင်ကျော်မိုး၊ စလူတောကျေးရွာ၊ ဒိုက်ဦးမြို့နယ်။

၅။ သုံးရောင်ခြယ်ကြယ်တစ်ပွင့် ထာဝရဝင့်ကြွားစေ — နှစ်သိမ့်ဆု(၂)
ထက်ဝေအောင်(စစ်ကိုင်း)၊ လယ်/ဆည် ဝန်ကြီးရုံး၊ နေပြည်တော်။

**ဆုပေးပွဲအခမ်းအနားကျင်းပမည့် အစီအစဉ်**

- ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက် ၂၇-၃-၂၀၁၆ ရက်(တနင်္ဂနွေနေ့)။

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေရာနှင့် အချိန်တို့အား ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၅၊ ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ပဲအထွက်ကောင်း ဈေးနှုန်းကောင်းသော်လည်း စိုက်ပျိုးထုတ်လုပ်မှုစရိတ်ကြီးမြင့်နေ

**နေပြည်တော် မတ် ၂၂**

ယခုနှစ် လယ်ဝေးမြို့နယ်၏ မြေပဲစိုက်ဧကမှာ ဧက ၈၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ မျိုးဖိုးအပါအဝင် သီးနှံစိုက်ပျိုးထုတ်လုပ်ရသည့် စရိတ်စကများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုလာပြီး တစ်ဧကကုန်ကျ အရင်းအနှီးများ များပြားလာမှုကြောင့် သီးနှံဈေးနှုန်းကောင်းပြီး ပဲအထွက်ကောင်းသော်လည်း အမြတ်အစွန်းနည်းကြောင်း တောင်သူများက ပြောသည်။

"ကျွန်တော်စိုက်တဲ့ မျိုးက သက်တမ်းရက် ၉၀ ဗီယက်နမ်စပ်မျိုးပါ၊ ပန်းတိုင် အထွက်နှုန်းတင်း ၅၀ နဲ့ အထက် ၇၀ နီးပါးထွက်ပါတယ်။ အတောင့် တစ်တင်းကို လုံးဆန်ခွဲလိုက်ရင် ငါးပိဿာ ၁၅ ကျပ်သားရတယ်။ တစ်ဧကမျိုးဖိုးနဲ့ ဆေးဖိုး လုပ်အားခ အပါအဝင် ငွေကျပ် ၃၀၀၀၀၀ နီးပါးလောက်ကုန်ကျတယ်။ တစ်ဧကတင်း ၅၀ ထွက်ရင် ငွေကျပ် ၅၀၀၀၀၀ ကျော် ရပါတယ်။ ဒီဗီယက်နမ်စပ်မျိုးက ကျွန်တော်စိုက်တာ သုံးနှစ်ရှိပါပြီ။ ယခင်က ဒေသမျိုးကိုပဲ စိုက်ခဲ့တာအထွက် တော်တော် နည်းခဲ့ပါတယ်" ဟု မြွေရိုလေးကျေးရွာ မြေပဲစိုက်တောင်သူ ဦးစိုးလွင်က ပြောသည်။

ယခုနှစ် မြေပဲပေါ်ချိန်တွင် အတောင့် တစ်တင်းလျှင် ငွေကျပ် ၁၂၀၀၀ ဝန်းကျင်ဝယ်ယူပြီး လုံးဆန် (နီ) တစ်ပိဿာ ငွေကျပ် ၂၄၂၅ ကျပ်နှုန်း ပေါက်ဈေးပေး၍ ဝယ်ယူနေကြောင်း တစ်နေ့လျှင်ကုန်ချိန် ၅၀၀၀ ခန့် ပျမ်းမျှဝင်ရောက်လျက်ရှိပြီး မန္တလေး ကုန်စည်ဒိုင်များသို့ တင်ပို့လျက်ရှိ ကြောင်း မြေပဲဆီအစစ် တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ နှုန်း နှင့်ရောင်းချပြီး နှမ်းဆီအစစ် တစ်ပိဿာ လျှင် ငွေကျပ် ၄၀၀၀ နှုန်းဖြင့် ရောင်းချ ပေးလျက်ရှိကြောင်း ဆီစက်လုပ်ငန်း ရှင် ဦးစိုးထွန်းနိုင်က ပြောသည်။ **ကိုပေါက်(ဥက္ကာမြေ)**



## ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ဆောင်မှုအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ မလေးရှားနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် မတ် ၂၂**

မလေးရှား ကုန်သွယ်မှုအဖွဲ့ MATRADE နှင့် မြန်မာနိုင်ငံ မလေးရှားသံရုံးတို့မှ စီစဉ်ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ KL Convention Centre တွင် မတ် ၂၂ ရက်မှ ၂၅ ရက်ထိ ကျင်းပမည့် Offshore Technology Asia ၂၀၁၆ သို့ တက်ရောက်ရန် မြန်မာနိုင်ငံရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ဆောင်မှုအသင်းမှဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင် ဦးဆောင်သောအဖွဲ့သည် မတ် ၂၁ ရက်က မလေးရှား လေကြောင်းဖြင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။ **(သတင်းစဉ်)**

## သဲချောင်းကြီး-ဝင်းကဖော် ပေ ၃၃၀ ကွန်ကရစ်တံတားသစ်ဖွင့်



**ထားဝယ် မတ် ၂၂**

(၇၁)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် သဲချောင်းကြီးကျေးရွာအုပ်စု ဝင်းကဖော်ကျေးရွာတွင် သဲချောင်းကြီး-ဝင်းကဖော် ပေ ၃၃၀ ကွန်ကရစ် တံတားသစ်ဖွင့်ပွဲကို မတ် ၂၁ ရက်က ဝင်းကဖော်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် တံတားသစ်ကို တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဒေါက်တာဝင်းအောင်နှင့် တာဝန်ရှိသူများကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကိုက တံတားဖွင့်ပွဲ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဒေသခံပြည်သူများသည် ဝင်းကဖော်ကျေးရွာတွင် ယခင်က ပေ ၃၀၀ ကျော် ရှည်သောကြိုးတံတားကိုသာ အသုံးပြုဖြတ်သန်းသွားလာလျက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အဆိုပါတံတားကို စတင်တည်ဆောက်ခဲ့ကာ မိုးသည်းထန်စွာရွာသွန်း၍ ချောင်းရေကြီးခြင်းကြောင့် သတ်မှတ်ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်နိုင်ခြင်းမရှိဘဲ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် တည်ဆောက်ပြီးစီး၍ ယခုအခါ ဝင်းကဖော်ကျေးရွာအပါအဝင် ဒေသ အတွင်းကျေးရွာများမှ ရာသီပေါ်ထွက်ကုန်အမျိုးမျိုးအား အဆိုပါတံတားမှတစ်ဆင့် ထီးခီးနယ်စပ် ကုန်သွယ်ရေးစခန်းအထိ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# သူငယ်တန်းသင်ရိုးသစ် နည်းပြသင်တန်းများ စတင်ဖွင့်လှစ်

ရန်ကုန် မတ် ၂၂

ယခုလာမည့် ပညာသင်နှစ်မှစတင်၍ သူငယ်တန်းကို သင်ရိုးအသစ်ဖြင့် သင်ကြားနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် နည်းပြသင်တန်းများကို ယနေ့မှ ဧပြီ ၈ ရက်အထိ သက်ဆိုင်ရာဒေသအလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးတွင်မူ ခရိုင်လေးခရိုင်အတွက် လေးနေရာခွဲ၍ ဆောင်ရွက်လျက်ရှိပြီး တက်ရောက်သူ သင်တန်းသား ဆရာ ဆရာမ စုစုပေါင်း ၈၀၉ ဦးရှိသည်။ ရန်ကုန်အနောက်ပိုင်းခရိုင်အတွက် ကမာရွတ်မြို့နယ် အထက(၁)တွင် သင်တန်းပို့ချလျက်ရှိပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက လာရောက်ဖွင့်လှစ်ပေးခဲ့သည်။

သင်တန်းဖွင့်လှစ်ပို့ချမှုနှင့်ပတ်သက်၍ သဘောထားအမြင်များကိုလည်း ယခုကဲ့သို့ ကြားသိခဲ့ရသည်။



ဒေါက်တာ ဒေါ်ခင်မျိုးမြင့်ကြူ



ဦးမျိုးနိုင်



ဒေါက်တာ ဥမ္မာထွေး



ဒေါက်တာ စန္ဒာမြငြိမ်း

**ဒေါက်တာ ဒေါ်ခင်မျိုးမြင့်ကြူ (သူငယ်တန်းသင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီဥက္ကဋ္ဌ)**

နဂိုသင်ရိုးဟောင်းက ၂၀ ရာစုအတွက်ကောင်းတယ်။ အခု ၂၁ ရာစုကို စာတစ်ခုတည်းတတ်လို့ မရတော့ဘူး။ နည်းပြောင်းရတော့မယ်။ ဆရာသင်မှတတ်တဲ့ပညာက မပြည့်စုံဘူး။ အခု KG သင်ရိုးသစ်က ကလေးတွေ သင်ယူချင်စိတ်ပေါ်လာအောင် လှုံ့ဆော်မှုတွေပေးမှာ။ ပညာရေးဆိုတာ လူသားအရင်းအမြစ်ကို မွေးထုတ်တာ၊ စင်ကာပူနိုင်ငံမှာက သယံဇာတအရင်းအမြစ်ဘာမှမရှိဘူး။ လူသားအရင်းအမြစ်တွေ မွေးထုတ်ရင်းနဲ့ ကမ္ဘာ့အဆင့်မီ နိုင်ငံဖြစ်လာတယ်။ ဒါကြောင့် လူသားအရင်းအမြစ်မွေးထုတ်ရမယ်။ ဆရာ ဆရာမတွေက သာ ကလေးတွေကို နည်းလမ်းမှန်ကန်စွာ ပြုစုပျိုးထောင်နိုင်မယ်ဆိုရင် ကျွန်မတို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လက်ခမောင်း ကောင်းကောင်းခတ်လို့ရပြီ။ အဲဒီတော့ ဒီနည်းလမ်းတွေမှန်ကန်ဖို့အတွက် လူသားအရင်းအမြစ်တွေကို မွေးထုတ်တဲ့ ဆရာ ဆရာမတွေကို KG သင်ရိုးသစ်သင်တန်းပေးတာဖြစ်ပါတယ်။

**ဦးမျိုးနိုင်(ကျောင်းအုပ်၊ အမက-၈၊ ဗဟန်း)**

ကျွန်တော်တို့ ဒီသင်တန်းကို လာတက်ရတာ အတွေ့အကြုံအများကြီးရပါတယ်။ အခုပညာရေးကလည်း ပြုပြင်ပြောင်းလဲနေပြီ ဖြစ်ပါတယ်။ အဓိကကျတဲ့ KG သင်တန်းကို စတင်ပြောင်းလဲတာဖြစ်တဲ့အတွက် ဝမ်းသာပါတယ်။ ဒီလိုပြောင်းလဲမှလည်း ကျွန်တော်တို့ ဒီကနေ ဆက်လက်ထပ်ပြီးတက်လာမယ့်အတန်းတွေမှာ တကယ်အရည်အချင်းရှိတဲ့ ကလေးတွေပေါ်ထွက်လာမယ်။ လက်တွေ့သင်တာ အားနည်းတာတွေကို ပြုပြင်ပြောင်းလဲပြီး သင်ရိုးအသစ်နဲ့ သင်မယ်ဆိုရင် ကလေးတွေ အများကြီး တိုးတက်လာမယ်လို့ မြင်ပါတယ်။

**ဒေါက်တာ ဥမ္မာထွေး (ကျောင်းအုပ်၊ အလက-၂၊ ကမာရွတ်)**

ကျွန်မတို့နိုင်ငံရဲ့ ပညာရေးအဆင့်အတန်းကို လာမယ့် နှစ် ၂၀ အတွင်း အာဆီယံမှာ အမြင့်ဆုံးဖြစ်ချင်ပါတယ်။ ဖြစ်အောင်လည်း လုပ်ဖို့ ကြိုးစားချင်ပါတယ်။ အခုစတင် အကောင်အထည်ဖော်မယ့် KG သင်တန်းကို အဲဒီရည်ရွယ်ချက်နဲ့ တက်ရောက်တာဖြစ်တယ်။ သင်တန်းကိုလည်း တက်တက်ကြွကြွ သင်ယူဖို့လည်း စိတ်ထဲမှာအားထည့်ထားတယ်။ ကလေးတွေကို ပြန်လည်ပို့ချမယ့်၊ သူငယ်တန်းသင်မယ့် ဆရာမတွေကို ကျွန်မတို့ကပြန်ပြီး သင်တန်းပို့ချပေးရမှာဖြစ်တယ်။ အရင်သင်ရိုးကိုလည်း မကောင်းဘူးလို့ ကျွန်မ မပြောပါဘူး။ အရင်သင်ရိုးလည်း ကောင်းပါတယ်။ ဒါပေမယ့် အရင်သင်ရိုးထက် ပိုကောင်းလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**ဒေါက်တာ စန္ဒာမြငြိမ်း (ကျောင်းအုပ်၊ အထက-၁၊ စမ်းချောင်း)**

အခု KG တန်းကတော့ ကလေးတွေရဲ့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးဖို့ရယ်၊ ဗလငါးတန်ရရှိဖို့ရယ် ဖြစ်တယ်။ ကျွန်မတို့နိုင်ငံရဲ့ ပညာရေးက အာဆီယံအဆင့်မီအောင် နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်အောင်ဆိုရင် KG တန်းကို စပြင်ရမှာဖြစ်တယ်။ ဒီသင်တန်းကနေသင်ယူပြီး မြို့နယ်အဆင့် သင်ရိုးသစ်သင်တန်းတွေကို ပြန်ပို့ချရမှာဖြစ်တယ်။ အဲဒီလိုပို့ချတဲ့အခါမှာလည်း ဒီက ဆရာ ဆရာမကြီးတွေ ပို့ချတဲ့အတိုင်း ရာနှုန်းပြည့်ရရှိအောင် ကြိုးစားပြီး နာယူမှတ်သားသွားမှာပါ။

ယခု တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းများ မဖွင့်မီကပင် နည်းပြဆရာ ဆရာမများက သင်ပြမှုပုံစံ တစ်ပြေးညီဖြစ်စေရေးအတွက် ကြိုတင်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ဗဟိုအဆင့် သူငယ်တန်းသင်ရိုးသစ်သင်တန်းကို ဇန်နဝါရီနှင့် ဖေဖော်ဝါရီလအတွင်းက ဆောင်ရွက်ခဲ့ပြီး မြို့နယ်အဆင့် သူငယ်တန်းသင်ရိုးသစ် သင်တန်းများကို ဧပြီလ စတုတ္ထပတ်တွင် ဆက်လက်ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(ပညာရေး)

# နမ္မတူမြို့နယ်၌ မျက်စိအလင်း ကုသိုလ်ပြု

**နမ္မတူ မတ် ၂၂**

နမ္မတူမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင် ၉၆၉ ဦးကို မတ် ၁၈ ရက်မှ ၂၀ ရက်အထိ စမ်းသပ်ကုသပြုလုပ်ပေးခဲ့ပြီး စမ်းသပ်ခံသူ ၈၀၁ ဦးကို မျက်မှန်ပြုလုပ်ပေးခြင်း၊ ၈၁ ဦးကို အားဆေးထောက်ပံ့ပေးခြင်း၊ ၇၈ ဦးကို မျက်စိအတွင်းတိမ် ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းများ အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



စမ်းသပ်ကုသမှုခံယူသည့် ဒေသခံပြည်သူ ၉၆၉ ဦးနှင့် အကူအဖြစ်လိုက်ပါလာသူများကို စားသောက်ရေးနှင့် နေထိုင်ရေးကိစ္စများကို အပြည့်အဝစီစဉ်ပေးခဲ့ကြောင်းလည်း သိရသည်။

ကုသမှုဆောင်ရွက်ရာသို့ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရှမ်းတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဒေသခံများ တက်ရောက်အားပေးသည်။

မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးစန်းလွင်က မိမိတို့ဒေသ၌ ယခုကဲ့သို့ ဆောင်ရွက်ပေးမှုမှာ ပထမဆုံးအကြိမ်ဖြစ်ပါကြောင်း၊ မိမိတို့ဒေသခံများ အနေဖြင့် သွားလာတည်းခိုနေထိုင်ရန်နှင့် ကုန်ကျစရိတ်သုံးစွဲရန် ငွေကြေးအခက်အခဲရှိသည့်အတွက် ယခုကဲ့သို့ အခမဲ့ကုသမှုပေးသည့်အပြင် နေထိုင်စားသောက်ရေးအတွက်ပါ အပြည့်အဝ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသည့်အတွက် အတိုင်းမသိ ဝမ်းသာပါကြောင်း ပြောကြားခဲ့သည်။

ယခု စမ်းသပ်ကုသမှုကို Nation Infrastructure Holding Co, Ltd အုပ်စုဝင် ဝင်းမြင့်မိုရ် စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်က တာဝန်ယူ၍ ငွေကြေးအကုန်အကျခံ ကုသမှုပေးခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

## မဟာသင်္ကြန်ပွဲတော်ကာလ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေး မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် ၂၀၁၆ ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အေးချမ်းစွာရေကစားနိုင်ရေးအတွက် လုံခြုံရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ မှုခင်းများလျော့နည်းကျဆင်းရေးအတွက် ဆောင်ရွက်ရာတွင် မတ် ၇ ရက်မှ ဧပြီ ၁၁ ရက်အထိ သင်္ကြန်ပွဲတော်အကြိုကာလအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပြီး မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ ယာဉ်အန္တရာယ် ကင်းရှင်းစေရေးနှင့် ကာမစိတ်ကြွဆေးဝါးများ ရောင်း/ဝယ်သုံးစွဲမှုမရှိစေရေးတို့အတွက် အသိပညာပေးခြင်း၊ အရေးယူခြင်းလုပ်ငန်းများကို ခရိုင်ရဲတပ်ဖွဲ့များက မြို့နယ်များအတွင်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၂၂**

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီ ဂရိတ်၊ ရမည်းသင်းမြို့၊ မင်းဘူးမြို့နှင့် ဟသ်ာတမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**




# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခန်းမဖွင့်ပွဲနှင့် ဆဋ္ဌမအကြိမ်မြောက် ဓနုဆုံစည်းရာနေ့ကျင်းပ

**တောင်ကြီး မတ် ၂၂**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်းတယမြို့နယ် ခန်းမအဆောက်အအုံဖွင့်ပွဲနှင့် ဆဋ္ဌမအကြိမ်မြောက် ဓနုဆုံစည်းရာနေ့ အခမ်းအနားတွင် မတ် ၂၂ ရက် နံနက် ၉ နာရီက ပင်းတယမြို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမဆောင်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခန်းမအဆောက်အအုံကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်နှင့် ဝန်ကြီးများ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်ထံမှ ဆဋ္ဌမအကြိမ်မြောက် ဓနုတိုင်းရင်းသားများ ဆုံစည်းရာနေ့သို့ ပေးပို့သောသဝဏ်လွှာကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးထူးကိုကိုက ဖတ်ကြားသည်။

ထို့နောက် အလှူငွေများ ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး မိသားစုတို့က ငွေကျပ် ၁၀ သိန်း၊ ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ် သိန်း ၃၀ နှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဓနုဆုံစည်းရာနေ့ ကျင်းပသောပွဲတော်သို့ သွားရောက်ခဲ့ကြပြီး ဆွမ်း၊ ဆီမီး ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## မြန်မာ့ရုပ်မြင်သံကြား News Channel

**၂၃-၃-၂၀၁၆ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၆ း ၀၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇ း ၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း (စီးပွားရေးလုပ်ငန်းတစ်ခု အောင်မြင်ရန်လိုအပ်သော ငွေကြေးဆိုင်ရာစီမံခန့်ခွဲမှုများ) (အပိုင်း-၁)
- ၁၄ း ၃၅ - မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (ရန်နိုင်အောင်နှင့်ဖျံသွေး)

**ညပိုင်း**

- ၁၆ း ၃၅- Football Magazine (ရန်ကုန်ယူနိုက်တက်)
- ၁၉ း ၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မြစိမ်းရောင်သံစဉ်** (အပိုင်း-၂၈)
- ၂၀ း ၀၀ - ပြည်တွင်းသတင်း
- ၂၁ း ၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မိုရ်မေမေ** (အပိုင်း-၁၈)
- - သုခုမရင်ခွင် အငြိမ့်သဘင် **ယူနစ်အငြိမ့်** (မင်းသမီး- ဟိန်းသန္တာစိုး၊ လူရွှင်တော်-ချစ်ဦး၊အာကာ၊ ပေါက်စီ၊ ချက်ကြီး)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# ရန်ကင်းကလေးဆေးရုံတွင် ဦးနှောက်အမြှေးရောင်သံသယရှိ ကလေးငယ် ၂၀ ရောဂါပိုးမတွေ့၍ ဆေးရုံမှပြန်ဆင်း

**ရန်ကုန် မတ် ၂၂**

ရန်ကုန်မြို့ ရန်ကင်းကလေးဆေးရုံ၌ ကူးစက်မြန် ဦးနှောက် အမြှေးရောင်ရောဂါသံသယဖြင့် ဆေးဝါးကုသစောင့်ရှောက်မှုပေးထားသူ ကလေးငယ် ၂၀ တွင် ရောဂါပိုးမတွေ့၍ ဆေးရုံမှပြန်လည်ဆင်းသွားပြီဖြစ်ကြောင်း အဆိုပါဆေးရုံမှ ပါမောက္ခ ဒေါက်တာ ကျော်ဇင်ဝေက မတ် ၂၂ ရက်တွင် ပြောကြားသည်။

"သံသယနဲ့ ဆေးကုမှုခံယူနေတဲ့ ကလေးငယ်အားလုံးရဲ့ သွေးစစ်ချက်အဖြေအရ ကူးစက်မြန် ဦးနှောက်အမြှေးရောင်ရောဂါပိုးမတွေ့ရပါဘူး။ တစ်ဦးကတော့သွေးလွန်တုပ်ကွေးရောဂါပိုးတွေ့လို့ ဆေးကုသမှုခံယူနေပါတယ်။ ကျန်တဲ့ကလေးတွေအားလုံး ဆေးရုံကဆင်းသွားပါပြီ"ဟု ၎င်းက ပြောသည်။

တောင်ဒဂုံမြို့နယ် (၂၁)ရပ်ကွက် စည်ပင်ဝင်းအတွင်း နေထိုင်သည့် ရှစ်နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး မတ် ၁၈ ရက် ည ၁၀ နာရီခန့်က ရန်ကင်းဆေးရုံသို့ရောက်ရှိပြီး နာရီပိုင်းအကြာတွင် သေဆုံးခဲ့သည်။

အဆိုပါကလေးငယ်၏ ရောဂါလက္ခဏာအရ ဆေးရုံရောက်သည့်အချိန်တွင် ကူးစက်မြန် ဦးနှောက်အမြှေးရောင်ရောဂါဟု ယူဆ၍ ဆေးကုသမှုများ ပြုလုပ်ပေးခဲ့သော်လည်း ရောဂါ၏ လျင်မြန်သည့် သဘာဝအရ နာရီဝက်ခန့်အကြာတွင် သေဆုံးသွားခြင်းဖြစ်ကြောင်း ပါမောက္ခ ဒေါက်တာ ကျော်ဇင်ဝေက ပြောသည်။

ထိုသို့ဖြစ်ပွားခဲ့သဖြင့် သေဆုံးသူကလေးငယ်၏ သွေးနှင့် ဦးနှောက်အရည်ကြည်တို့ကို အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခဲ့ရာ ကူးစက်မြန် ဦးနှောက်အမြှေးရောင်ရောဂါ (meningococcal b) ဖြစ်ကြောင်း တွေ့ရှိခဲ့သည်။




ထို့ကြောင့် မတ် ၁၉ ရက်က ရန်ကင်းကလေးဆေးရုံမှ တာဝန်ရှိသူတို့က ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ဆက်သွယ်ပြီး အဆိုပါကလေးငယ်နေထိုင်ခဲ့သည့် စည်ပင်ဝင်းအတွင်းမှ ရောဂါခံစားနေရသည့် ကလေးငယ် ၁၈ ဦးတို့ကို ရန်ကင်းကလေးဆေးရုံသို့ ခေါ်ဆောင်၍ သီးသန့်ခန်းတွင်ထားကာ သွေးဖောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ နောက်တစ်နေ့တွင် အဆိုပါစည်ပင်ဝင်းအတွင်းမှ ကလေးငယ်တစ်ဦးနှင့်အတူ ယင်းမြို့နယ်အတွင်း(လိပ်စာမတူ) အခြားနေရာမှ လေးလအရွယ် ကလေးငယ်တစ်ဦး ထပ်မံရောက်ရှိလာခဲ့သဖြင့် သွေးစစ်ခြင်းနှင့်လိုအပ်သော ကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ယင်းကလေးငယ်များ၏ သွေးစစ်ချက်အဖြေများကို မတ် ၂၀ ရက် ညနေပိုင်းတွင် ရရှိခဲ့ရာ လေးလသားအရွယ် ကလေးငယ်တစ်ဦးတွင်သာ သွေးလွန်တုပ်ကွေးရောဂါပိုး တွေ့ရှိခဲ့သဖြင့် ဆက်လက် ဆေးကုသမှု ခံယူနေပြီး ကျန် ၁၉ ဦးမှာဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ဖြစ်ပွားခဲ့မှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ ဝင်းလွင်က "ရန်ကင်းကလေးဆေးရုံမှာ သေဆုံးသွားတဲ့ကလေးငယ်ကို စစ်ဆေးမှုတွေလုပ်တော့ မိတ္ထီလာနဲ့သာစည်တို့မှာဖြစ်ခဲ့တဲ့ ဦးနှောက်အမြှေးရောင် ဗက်တီးရီးယားပိုးကိုတွေ့ခဲ့တယ်။ ဒီရောဂါက အသက်ရှူလမ်းကြောင်းက ကူးတာပါ။ လူဦးရေထူထပ်တဲ့နေရာနဲ့ ဖုန်ထူထပ်တဲ့နေရာတွေကနေ အဖြစ်များပါတယ်။အထူးသဖြင့် ကိုယ်ခံအားနည်းတဲ့ ကလေးငယ်တွေနဲ့ သက်ကြီးရွယ်အိုတွေမှာ အဖြစ်များပါတယ်။ ဗက်တီးရီးယားပိုးကဖြစ်တဲ့အတွက် ကူးစက်မြန်ပြီး ကြိုတင်ကာကွယ်တဲ့ဆေးလည်း ဒီနိုင်ငံမှာမရှိသေးပါဘူး"ဟု ပြောသည်။

အဆိုပါရောဂါလက္ခဏာများအနေဖြင့် ရုတ်တရက်ကိုယ်အပူချိန်တက်ခြင်း၊ အဖျားကြီးခြင်း၊ ဇက်ခိုင်ခြင်း၊ အဆစ်အမျက်ကိုက်ခြင်း၊ အန်ခြင်းတို့ ဖြစ်ပွားလေ့ရှိပြီး ရောဂါလက္ခဏာပြင်းထန်ပါက ခန္ဓာကိုယ်တွင် သွေးခြေဥ (အနီကွက်)များ ထွက်ပေါ်လာခြင်းတို့ဖြစ်ကာ အသက်သေဆုံးလေ့ရှိကြောင်း ဒေါက်တာဝင်းလွင်က ပြောသည်။

ထို့ကြောင့် အဆိုပါရောဂါလက္ခဏာများဖြစ်ပေါ်လာပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် နီးစပ်ရာဆေးရုံ ဆေးခန်းများကို အချိန်မီပြသင့်ကြောင်း၊ ဖုန်ထူထပ်သည့်နေရာများနှင့် လူထူထပ်သည့်နေရာများကို တတ်နိုင်သရွေ့ ရှောင်ရှားသွားလာပြီး တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးပြုလုပ်ဆောင်ရွက်နေထိုင်သင့်ကြောင်း ၎င်းက အကြံပြုပြောကြားသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် အဆိုပါရောဂါနှင့်ပတ်သက်၍ ရှောင်ရန်ဆောင်ရန်များကို မြို့နယ်များ၌ ကျန်းမာရေးအသိပညာပေးမှုများ ပြုလုပ်လျက်ရှိသည့်အပြင် ရောဂါဖြစ်ပွားမှုကို စောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ဇော်ကြီး(ပဏ္ဍိတ)**


## ပြည်လုံးချမ်းသာ ဆုတောင်းပြည့်ကပ်ကျော်စေတီတော် အနေကဇာတင်ရွှေထီးတော်တင်လှူပွဲ အခမ်းအနားဖိတ်ကြားခြင်း

ညောင်ဦးမြို့နယ်၊ ညောင်ဦး-ကျောက်ပန်းတောင်းလမ်း၊ ဒဟတ်ကန်ကျေးရွာလမ်းခွဲ၌ တည်ထားလျက်ရှိသော ပြည်လုံးချမ်းသာဆုတောင်းပြည့်ကပ်ကျော် စေတီတော်မြတ်အား အနေကဇာတင်ရွှေထီးတော်တင်လှူပွဲအခမ်းအနားကို ၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက် (၂၅-၃-၂၀၁၆ရက်) နံနက် ၇နာရီမှ ၁၀နာရီအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးရှိ ဒါယကာ၊ ဒါယိကာမ အပေါင်းနှင့်တကွ အများပြည်သူတို့ လာရောက်ကြည်ညိုပူဇော်နိုင်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အကျိုးဆောင်အဖွဲ့**
**ပြည်လုံးချမ်းသာဆုတောင်းပြည့်ကပ်ကျော်စေတီတော်**
**ဒဟတ်ကန်ကျေးရွာလမ်းခွဲ၊ ညောင်ဦးမြို့နယ်**

## ယာဉ်မောင်းအလိုရှိသည်

ရန်ကုန်မြို့တွင်း မောင်းရမည်
လိုင်စင် ၅ နှစ်အထက်
လစာ -၂၀၀၀၀၀၊ ၂၅၀၀၀၀/-
**ဖုန်း-၀၉-၈၇၁၈၉၉၈၁၅**

လပြည့် 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ် ကားမျိုးစုံ ငှားရန်အသင့်ရှိသည်
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့၊ စက်ရုံလယ်ပြင်ရပ်ကွက်နေ ဦးကျော်အုံး၏သမီး မရည်ရည်တင်၏ အမည်မှန်မှာ မရီရီတင် ၅/ကလတ(နိုင်)၀၀၂၄၄၄ဖြစ်ပါကြောင်း။ **မရီရီတင်**

### ပြန်ကြားရေးဝန်ကြီးဌာန
### ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများ၊ အထက်မြန်မာပြည်အစိုးရ ပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နေပြည်တော်ပုံနှိပ်စက်ရုံတို့မှထွက်ရှိသော အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ ရန်ကုန်ပုံနှိပ်စက်ရုံများ၊ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နေပြည်တော် ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)တို့မှ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံ လျှောက်လွှာနှင့်စည်းကမ်းချက်များကို ၁၈-၃-၂၀၁၆ရက် မှ ၂၄-၃-၂၀၁၆ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ညနေ ၄နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၂၄-၃-၂၀၁၆ရက် ညနေ ၄နာရီဖြစ်ပါသည်။

၃။ သတ်မှတ်အချိန်ထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈၊ ၀၂-၆၂၉၃၂၊ ၀၆၇-၄၁၂၂၀၈ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ်၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

### ရှမ်းပြည်နယ်(လားရှိုး)၊ ကျောက်မဲခရိုင်၊ သစ်တောဦးစီးဌာန
### ထင်းရှူးပင်ကျပ်တိုင်(၃၀၃၈)လုံးနှင့် ထင်းရှူးဖုံတို(၈၄)တုံး၊ (၂ဒသမ၄၀၀)တန်တို့အား လေလံတင်ရောင်းချရန်
### လေလံကြော်ငြာအမှတ်(၄/၂၀၁၅)
## ကြေညာခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်(လားရှိုး)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်အတွင်းရှိ ထင်းရှူးပင်ကျပ်တိုင် ၃၀၃၈လုံးနှင့် ထင်းရှူးဖုံတို(၈၄)တုံး၊ (၂ဒသမ၄၀၀)တန်အား လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့တွင် ၂၇-၃-၂၀၁၆ရက် နံနက် ၉နာရီတွင် လက်ရှိ မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့တွင် ၂၃-၃-၂၀၁၆ရက်မှ စတင်ဝယ်ယူနိုင်ပြီး လေလံလျှောက်လွှာတင်ခြင်းနှင့် စပေါ်ငွေပေးသွင်းခြင်းအား ၂၅-၃-၂၀၁၆ရက်တွင် နောက်ဆုံးထားတင်ပြရန် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့၏ဖုန်း-၀၈၂-၄၀၀၄၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီ**

## သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ သာသနာ့ဗိမာန်လမ်း၊ ရွှေစံပယ်၊ အိမ်အမှတ် A-7(KBZ Bank)ဘေးနေ(ဦးစိုးဝင်း)-ဒေါ်စန်းစန်းရီ ၁၀/မလမ(နိုင်)၁၆၉၈၄၅၏ သမီးဖြစ်သူ မနှင်းဆုမွန်(ခ)စီသား ၁၀/မလမ(နိုင်)၂၃၅၂၄၇သည် မိမိသဘောဆန္ဒအလျောက်ပြုမူပြီး မိဘများအား အကြိမ်ကြိမ် စိတ်ဆင်းရဲ အရှက်ရအောင်ပြုလုပ်ကာ နေအိမ်မှထွက်သွားပါသဖြင့် ၎င်းအား သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။။)**

**(ဦးစိုးဝင်း)-ဒေါ်စန်းစန်းရီ**
**မော်လမြိုင်မြို့**

**ပျောက်ဆုံးကြောင်း** ကျွန်မ မဝင်းဝင်းကျော် ၇/ဇကန(နိုင်)၀၃၀၇၇၉၏ နိုင်ငံကူးလက်မှတ်စာအုပ်(နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၉၉၂၇၂၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ မြေကွက်အမှတ် ၈၆၊ အကျယ်အဝန်း (၁၃½'×၅၀')ရှိမြေညီထပ်(ခေါင်းရင်းခန်း)တိုက်ခန်းအား လက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့် ဦးစုဒွေရှ်၁၂/အစန(နိုင်)၀၇၀၆၈၅ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရန် တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာလင်း(LL.B)**
**အထက်တန်းရှေ့နေ (လိုင်စင်အမှတ်-၂၅၁၃၄)**
**အမှတ် ၈၅၈၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၆၀၃၉၉၀၃၅**

## ကျေးရွာရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

**ဖြူး မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကြွယ်ဂံကျေးရွာအုပ်စု ကံသုံးဆင့်ကျေးရွာ၌ ဒေသခံပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံနှင့် ရေကန်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာရေရရှိရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၉ ဒသမ ၇၅ သန်းဖြင့် Village Developer ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းပြီးစီးမှုအခြေအနေကို အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်မြင့်ထွန်းနှင့်အဖွဲ့က မတ် ၂၀ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

**ဖြူးမြင့်ဦး**

## အယ်နီညိုကာကွယ်ရေးအသိပညာပေးဟောပြော

**ကလေး မတ် ၂၂**

ကလေးမြို့နယ် သာစည်စံပြကျေးရွာ၌ အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးသက်ရောက်မှုများ ကာကွယ်ရေးအတွက် အသိပညာပေး ဟောပြောပွဲကို ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစီအစဉ်ဖြင့် မတ် ၂၀ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဒိုင်ကျင့်ပါအိုက အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ဦးစီးမှူး ဒေါ်သန်းထိုက်အောင်က အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်နိုင်သော ပြဿနာများနှင့် ကာကွယ်စောင့်ရှောက်ရမည့်အပိုင်းများ၊ ရေသုံးစွဲမှုနှင့် ရေအရင်းအမြစ်ထိန်းသိမ်းရေးကို ပြည်သူများအနေဖြင့် သတိပြုဆောင်ရွက်ကြရန်စသည်တို့ကို ရှင်းလင်းဟောပြောခဲ့သည်။ ဟောပြောပွဲသို့ သာစည်စံပြကျေးရွာနှင့်ပတ်ဝန်းကျင်ရှိ ကျေးရွာ ၁၅ ရွာမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

**ချင်းတွင်းသား**





## သစ်သားလှည်းဘီးလုပ်ငန်းများ ရောင်းအားလျော့နည်းလာ

**ရမည်းသင်း မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း လယ်ယာလုပ်ငန်းခွင်များနှင့် ခရီးသွားလာရေးတွင် နွားလှည်းများကို အသုံးနည်းလာခြင်းကြောင့် သစ်သားလှည်း ဘီးလုပ်ငန်းများမှ ပြုလုပ်သော လှည်းဘီးများကိုလည်း ဝယ်ယူသုံးစွဲသူ လျော့နည်းလာလျက်ရှိကြောင်း သိရသည်။

ယခင်က သစ်သားလှည်းဘီးများကို တစ်နှစ်လျှင် ခုနစ်စုံခန့် ရောင်းချရရာမှ ယခုအခါ တစ်နှစ်လျှင် နှစ်စုံ၊ သုံးစုံခန့်သာ ရောင်းချရတော့ကြောင်း ရမည်းသင်းမြို့နယ် ဝါးရုံတောအရှေ့နှင့် အနောက်ကျေးရွာများမှ သစ်သားလှည်းဘီး ပြုလုပ်ရောင်းချသူများထံမှ သိရသည်။

ရမည်းသင်းမြို့နယ် ဝါးရုံတောအရှေ့နှင့် အနောက်ကျေးရွာများတွင် သစ်သားလှည်းဘီးများကို ရှေးကပင် လုပ်ကိုင်ခဲ့ကြပြီး ယခုတိုင် လုပ်ကိုင်နေသူ လေးဦးရှိသည်။ သစ်သားလှည်းဘီး ပြုလုပ်ရာတွင် ကျွန်းသား၊ ပိတောက်သားများကို အသုံးပြုကြရသည်။ လှည်းဘီး၏ ဒေါက်၊ တံကူ(ပတ်ဝိုင်း)တို့ကို ကျွန်းသားဖြင့် ပြုလုပ်ကြကာ အဓိကကျသော လှည်းဘီး၏အလယ် ဝင်ရိုးတပ်ရန် လှည်းပုံတောင်း(ပဒေါင်း)ကို ပိတောက်သားဖြင့် ပြုလုပ်ကြကြောင်း သိရသည်။

လှည်းဘီးပြုလုပ်ရာတွင် အရည်အသွေးကောင်းပြီး ခိုင်ခံ့စေရန် သစ်သားများကို ခြောက်၍ အသားကျအောင် အချိန် သုံးနှစ်၊ လေးနှစ်အထိထားပြီးမှ လုပ်ရကြောင်း၊ သစ်သားအစိုဖြင့်ပြုလုပ်လျှင် လျင်မြန်စွာ ပြီးစီးသော်လည်း ရေရှည်မခံကြောင်း၊ လှည်းဘီးတစ်စုံလုပ်ရန်အတွက် အချိန်တစ်လခွဲခန့်ကြာပြီး ရောင်းဈေးမှာ တစ်စုံလျှင် ကျပ်ခြောက်သိန်းမှ ခုနစ်သိန်းအထိရှိကြောင်း လှည်းဘီးပြုလုပ်ရောင်းချသူများထံမှ သိရသည်။

ယခုအခါတွင် သစ်သားလှည်းဘီးဝယ်ယူသူ လျော့နည်းလာသော်လည်း လှည်းဘီးပြုလုပ်သူများအနေဖြင့် လှည်းဘီးအသစ်ရောင်းချခြင်းအပြင် ဘီးအဟောင်းများ ကို ဒေါက်၊ တံကူ၊ သံခွေ၊ ပုံတောင်း၏ လက်ရင်းခွေနှင့် လက်ဖျားခွေ စသည့် အစိတ်အပိုင်းအလိုက် ပြန်လည်ပြုပြင်ခြင်းဖြင့်လည်း ဝင်ငွေရရှိကြကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

## မူးမြစ်ကူး (ကာဘိုး) တံတားသစ်ဖွင့်လှစ်ပြီး၍ မုံရွာမှ ကောလင်းအထိ တစ်ဆက်တည်းသွားနိုင်

**မုံရွာ မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်၌ မူးမြစ်ကူး(ကာဘိုး) တံတားဖွင့်ပွဲကို မတ် ၁၇ ရက်က ကျင်းပခဲ့သည်။

တံတားဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားပြီး တံတားတည်ဆောက်ရေးအဖွဲ့(၃)မှ အင်ဂျင်နီယာချုပ် ဦးစိုးမင်းက မူးမြစ်ကူး (ကာဘိုး)တံတားသစ်ကြီးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပုံကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တံတားသစ်ကို ကျောင်းသား ကျောင်းသူများနှင့် ကင်းထောက်လူငယ်များ၊ ကြက်ခြေနီလူငယ်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ခဲ့သည်။

အဆိုပါ မူးမြစ်ကူး(ကာဘိုး)တံတားသစ်သည် အရှည် ပေ ၁၂၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် သုံးပေ၊ ခံနိုင်ဝန် ၇၅ တန်ရှိသည့် အာရ်စီကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး တိုင်းဒေသကြီးအစိုးရ၏ ရန်ပုံငွေ ကျပ် ၃ ဒသမ ၅၀၈ ဘီလီယံ အကုန်အကျခံ၍ တံတားတည်ဆောက်ရေး အဖွဲ့(၃)က တာဝန်ယူတည်ဆောက်ခဲ့ကြောင်း သိရသည်။

တံတားသစ်သည် တန့်ဆည်မြို့နယ်နှင့် ကန့်ဘလူမြို့နယ်များကို ဆက်သွယ်ထားပြီး တံတားဖွင့်လှစ်နိုင်ခဲ့သဖြင့် မုံရွာမှ ရေဦး-တန့်ဆည်-ကန့်ဘလူ-ကျွန်းလှ-ကောလင်းမြို့များအထိ တစ်ဆက်တည်း သွားလာနိုင်ပြီဖြစ်ရာ ဒေသခံပြည်သူများ၏ လယ်ယာထွက်ကုန်များ တင်ပို့ရောင်းချခြင်းအပါအဝင် ကုန်စည်စီးဆင်းမှုများနှင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့သွားပြီဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ပုဂံဒေသခံတောင်သူများ၏ လယ်ယာလုပ်ငန်းခွင်ကို နိုင်ငံခြားဧည့်သည်များ စိတ်ဝင်စားစွာလေ့လာ

**မလှိုင် မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်ရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူး ပြည်သူများနှင့် နိုင်ငံခြားသား ဧည့်သည်များ နေ့စဉ် လာရောက်လျက်ရှိရာတွင် နိုင်ငံခြားသားများအနေဖြင့် ပုဂံဒေသမှ မြန်မာ့ရိုးရာယဉ်ကျေးမှုများကိုသာမက ဒေသခံတောင်သူများ၏ လယ်ယာလုပ်ငန်းခွင်များကိုပါ စိတ်ပါဝင်စားစွာ လေ့လာကြကြောင်း သိရသည်။

ညောင်ဦးမြို့နယ် အောက်ညဥ့်ကျေးရွာအနီးမှ တောင်ယာလုပ်နေသူများကို လေ့လာဓာတ်ပုံရိုက်နေသော နိုင်ငံခြားဧည့်သည်အဖွဲ့မှ အမေရိကန်နိုင်ငံသားတစ်ဦးက "ကျွန်တော်တို့အဖွဲ့က အမေရိကန်နိုင်ငံ၊ ဂျာမနီနိုင်ငံတွေက လာရောက်ကြတာပါ။ မြန်မာနိုင်ငံမှာ စက်မှုပစ္စည်းများနဲ့ တောင်ယာလယ်လုပ်သူတွေ များလာတာ တွေ့မြင်ရပါတယ်။ အခုပုဂံယဉ်ကျေးမှုဒေသကို လာရောက်လေ့လာတဲ့အခါမှာတော့ တောင်ယာလယ်လုပ်သူ အတော်များများဟာ နွားတွေသုံးပြီး လုပ်ကိုင်နေတာ မြင်တွေ့ရလို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်နေတာပါ။ ကျွန်တော်တို့နိုင်ငံတွေမှာဆိုရင် အခုလို သဘာဝအလှတရားတွေက ရှားပါးလာပါတယ်။ ပုဂံယဉ်ကျေးမှုဒေသမှာ လေ့လာရတာအားရကျေနပ်ပါတယ်"ဟု ပြောသည်။



အဆိုပါ နိုင်ငံခြားသားခရီးသည်အဖွဲ့ကို လမ်းညွှန်ဝန်ဆောင်မှုပေးလာသည့် ခရီးသွားပို့ဆောင်ရေးကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးက "အခုခရီးသွားနိုင်ငံခြားသားတွေက ပုဂံယဉ်ကျေးမှုဒေသမှာ လေ့လာပြီးပါပြီ။ မြိုင်၊ တောင်ကြီး၊ အင်းလေးဘက်ကို သွားရောက်လေ့လာကြမှာပါ။ ဒီလိုသွားနေရင်း ကျေးလက်ဒေသတွေက တောင်သူတွေရဲ့ စိုက်ပျိုးမှုနဲ့ သူတို့ရဲ့ တောဓလေ့တွေကို လေ့လာမှတ်တမ်းတင်ဓာတ်ပုံရိုက်နေကြတာပါ"ဟု ပြောသည်။

**ကျော်ကျော်(မလှိုင်)**

## ကလေးသူငယ်အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဆွေးနွေးပွဲပြုလုပ်

**ရန်ကုန် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကသွယ်ရပ်ကွက် မဟာသုမနာရာမကျောင်းတိုက်၌ ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဆွေးနွေးပွဲကို မတ် ၂၁ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ရတနာ့မေတ္တာအဖွဲ့မှ Case Supervisor ဒေါ်မာလာသွယ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲမှုအရာရှိ ဒေါ်စိုးစိုးထိုက်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဒေါ်နုနုအောင်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များက ကလေးသူငယ်အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များနှင့် ဒလမြို့နယ်အတွင်း ကလေးသူငယ်အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေနှင့်ငြိစွန်းသော ကိစ္စရပ်များတွင် ကလေးငယ်များဘက်မှ လိုက်ပါကူညီဆောင်ရွက်ပေးနေမှုများ စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

**မောင်ယဉ်ဦး(ဒလ)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ ''မန္တလေးမျဉ်းဖြောင့်များ''အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ ''မန္တလေးမျဉ်းဖြောင့်များ'' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် '' ၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချီညချမ်း'' အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော '' ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း'' ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# အရှေ့ကျုံးလမ်း မှုန်ရီဆည်းဆာ

ဆူးငှက်

"ဆန်းကျော်က ချောလားတဲ့ . . ."

"အဲ. . . အဲ. . . အဲဒီတော့ နင်ကဘာပြန်ပြောလိုက်လဲ. . ."

ကောင်မလေးက လက်ကျန်မြက်လေးတွေ နုတ်ရင်း ခေါင်းငုံ့နေသည်။ ကောင်လေးက ရင်ခုန်စွာနှင့် ကောင်မလေးမျက်လုံးကို စိုက်ကြည့်၏။ ကောင်မလေး ခေါင်းငုံ့နေသည်။ နဖူးပေါ် ဝဲကျနေသော ဆံစတွေက မျက်ခုံးပေါ် ဖုံးနေသည်။ လယ်ကွင်းတွေကို ဖြတ်တိုက်နေသည့်လေက ရေမြောင်းပေါင်ပေါ်ရှိ သစ်ရွက်ခြောက်တွေကို ရှပ်တိုက်ပြေးနေစေ၏။ လေပွေက ရိုးပြတ်ထဲဝင်မွှေ့သွားသေးသည်။ မြောင်းပေါင်အတိုင်း ဂျောင်းဂျောင်း ဂျောင်းဂျောင်းနှင့်နွားနို့ပုံးတွေတစ်ဖက်တစ်ချက် ချိတ်ထားသော စက်ဘီးနှစ်စီးဖြတ်လာသည်။ ကောင်လေးကအသက်ပြင်းပြင်းရှူကာ မဝံ့မရဲဖြင့် ကောင်မလေးလက်ဖမိုးကို လှမ်းကိုင်လိုက်သည်။ မြက်နုတ်နေသော ကောင်မလေးလက်လေးတွေ အလှုပ်အရှားရပ်ကာ ငြိမ်သက်သွားသည်။ ကောင်မလေး ပါးဖြူဖြူမှာ သွေးကြောမျှင်လေးတွေထင်းလို့. . .။ ကောင်မလေးဆီကလည်း ကိုယ်သင်းရနံ့လေးတစ်ခုရလိုက်သည်။ ထူးထူးခြားခြား "ဂိုးလ်ဒင်းပတ်" ဘီစကွတ် ရနံ့ကလေး။

"ပြောလေ. . . အဲဒီတော့ နင်က ဘာပြန်ပြောလိုက်တုံး"

ကောင်မလေးက သူ့လက်လေးကို မရုန်းဘဲ ခေါင်းလေးမော့ကာ စေ့နေသောနှုတ်ခမ်းလေးကွေးတယ်ဆိုရုံပြုံးလိုက်သည်။ နှုတ်ခမ်းလေးမှာ အရေခွံလေးတွေ ခြောက်ကာကွာလို့၊ ထို့နောက် တစ်ခုခုပြန်ဖြေဖို့ပါးစပ်လေးပြင်လိုက်သည်။

ဂျောင်းဂျောင်း ဂျောင်းဂျောင်း ဂျောင်းဂျောင်း

နွားနို့စက်ဘီးတွေက မြောင်းပေါင်၏ ကျင်းချိုင့်များကိုကျော်ပြီး ကောင်လေးနှင့် ကောင်မလေးနောက်ကျောနားကပ်ဖြတ်သွားတော့ ထိုင်ရာမှထပြီး မြောင်းပေါင်အောက် ပြေးဆင်းလိုက်ကြရ၏။

လက်လေးတွေတွဲထားတာ မဖြုတ်သေးသော ကောင်လေးနှင့်ကောင်မလေးကိုကြည့်ကာ နွားနို့စက်ဘီးပေါ်မှ ကျေးတောသား လူကြီးနှစ်ယောက်က . . .

"ဟင်း မြေစာပင်ပုခက်လွှဲမယ့် ခေတ်ပါပဲကွာ၊ ကြည့်စမ်းပါဦး၊ ငယ်ငယ်ရွယ်ရွယ်နဲ့. . ."

ထိုစကားက ကောင်လေးနှင့်ကောင်မလေး နှစ်ယောက်စလုံးနားထဲမှာ မိုးကြိုး ခုနစ်စင်းပစ်လိုက်သလို ကျယ်လောင်ပေါက်ကွဲသွား၏။ တစ်ကိုယ်လုံး အရည်ပျော်မတတ် ထူပူသွားကာ. . . ထိုနေရာမှာပင် အငွေ့ပျံ ပျောက်သွားချင်လုမတတ် ရှက်သွား၏။

ခက်သွက်သွက်လက်တွဲဖြုတ်ပြီး မြောင်းပေါင်ပေါ် အပြေးအလွှားပြန်တက်သည်။ တစ်ယောက်မျက်နှာတစ်ယောက်မကြည့်ရဲ။ ပြိုင်တူထွက်သွားသည့်အသံက "ပြန်စို့" တဲ့. . .။

အဖော်တွေကို လှမ်းခေါ်ပြီး ဘာမှမဖြစ်ကြသလို ဣန္ဒြေမပျက် ပုံမှန်အမူအရာဖြင့်ပြန်ခဲ့ကြသတဲ့. . .။

ထိုကတည်းက ကောင်လေးနှင့်ကောင်မလေး မျက်နှာချင်းမဆိုင်ဝံ့ကြတာ သည်နေ့အထိဆိုပါတော့. . .။ ကောင်မလေးကအခုနေသားသမီးတွေနှင့်ဖြစ်နေရောပေါ့. . .။ အကယ်၍ သမီးတွေပါလာ၍ ကျူရှင်ချိန်နောက်ကျလျှင် စိတ်ပူနေမည့်မိခင်ကြီးဖြစ်နေရောပေါ့။

ကောင်လေးကတော့ ကျုံးဘေးမှာ ညပိုင်းလမ်းလျှောက်ထွက်တိုင်း ဒွိယံဒွိယံအတွဲလေးတွေကို မြင်သော်ငြား. . .

"ဟင်း . . . မြေစာပင်ပုခက်လွှဲမယ့်ခေတ်ပါကွာ၊ ကြည့်စမ်းပါဦး ငယ်ငယ်ရွယ်ရွယ်နဲ့ . . ."ဟုမပြောဝံ့ (သို့မဟုတ်)မပြောတော့ (သို့မဟုတ်)ပြောစရာမလိုဟု ခံယူထားကာ ခေတ်မီရန်ကြိုးစားနေသည့် ဤစာရေးသူဖြစ်နေချေပြီ။

တကယ်တော့ ကျွန်တော်သည် ကျုံးဘေးက ကောင်လေး ကောင်မလေးတွေကိုတွေ့တိုင်း လွန်ကဲသည့်အနေအထိုင်မဟုတ်၍ သူတို့အမူအရာအပေါ် သတိမပြုမိသော်လည်း. . . ဘယ်လူတန်းစားလဲ၊ ဘယ်အလွှာလဲ၊ ဘယ်လိုတွေ့ကြတာလဲ၊ သူတို့ ဘယ်လိုခရီးဆက်ကြမှာလဲဆိုတာကိုတော့ စိတ်ဝင်စားသည်။ စေ့ငုမိသည်။ တွေးပူလိုက်လာတာလား။ နေ့စဉ်တွေ့မြင်နေကျအတွဲဆိုရင် မေးခွန်းတွေက ပိုပြီးထွေပြားလာလေသည်။

တကယ်ယူကြမှာလား. . .။ ဘာတွေ စီစဉ်ပြီးပြီလဲ. . .။ကောင်လေးမှာဘာအလုပ်ရှိလဲ. . .။ အို. . . စုံလို့၊ စုံလို့. . .။

အရှေ့ကျုံးလမ်းတစ်လျှောက် လမ်းလျှောက်၍ဖြစ်စေ။ ပြည်ကြီးမွန်ဖောင်တော်အနီး အညောင်းပြေထိုင်လျက်ဖြစ်စေ. . . လမ်းမပေါ် ငေးကြည့်မိပြန်တော့လည်း သည်လိုမေးခွန်းတွေပဲ ရစ်ပတ်နှောင်ဖွဲ့လာပြန်သည်။ နေဝင်ရိုးရီဆိုတော့ကျောင်းပြန်၊ အလုပ်သိမ်းပြန်ပဲ မဟုတ်ပါလား. . .။

ထိုအချိန်တွင် အရှေ့ကျုံးလမ်းပေါ်မှ စက်ဘီးတော်တော်များများမှာမိန်းကလေးများပဲဖြစ်ပါသည်။ တချို့ကလည်း ဝတ်နေကျအဝတ်အစား. . .၊ တချို့ကလည်း သက်ဆိုင်ရာ လုပ်ငန်းရဲ့ ဝတ်စုံယူနီဖောင်းများနှင့်ဖြစ်မဟုတ်. . .။ မိန်းကလေးအဖို့ သည်အရွယ်မှာပင် မနက်လင်းက ညမိုးချုပ်အထိ အလုပ်လုပ်ကာ ကိုယ့်ဝမ်းစာ၊ မိဘဝမ်းစာရှာဖွေရ၊ ဖြည့်ဆည်းရချိန်မှာ ကိုယ့်ကိုယ်ကိုအတော်ထိန်းသိမ်းရမည့် တာဝန်ရှိပါသည်။

သည်အဆင့်တွေက ကောင်လေး၊ ကောင်မလေး၊ အပျို၊ လူပျိုလွတ်လပ်သူတွေ၏ကိစ္စမို့ ကိုယ့်ဟာကိုယ်ထိန်းပြီး ဘဝခရီးလျှောက်ဖြစ်ကြဖို့ တံခါးအဝပဲဖြစ်ပါသည်။

အရှေ့ကျုံးလမ်းမှာ သည်မြင်ကွင်းတွေက မရှားတော့။

ကျုံးနံဘေး အအေးဆိုင်လေးတွေမှာ ထိုင်ခုံလေးနှစ်လုံးပူးကပ်ထိုင်ပြီး ကမ္ဗလာရည်ခွက်ကလေးကိုယ်စီကိုင်ကာ ကျုံးဘက်မျက်နှာမူ ငေးမောကြည့်နေကြသည့် အလုပ်ပြန် ကောင်မလေး ကောင်လေးစုံတွဲတွေက မရှား. . .။

နောက်တော့. . .။

ညနေစောင်းပြီဆိုမှဖြင့်. . .

ကျုံးဘေး သစ်ပင်အောက် တစ်နေရာရာမှာ ဆိုင်ကယ်ကိုထောက်ပြီး တစ်ယောက်ယောက်ကို ရပ်စောင့်နေသည့် ကောင်လေးတွေကို တွေ့ရမိသည်။ ရင်မောမိသည်။ ဘာပဲပြောပြော ကျုံးလမ်းတစ်လျှောက်မှာ တွေ့ရသည်များက သန့်ရှင်းကြပါသည်။ ငွေကြေးနှင့်လဲလှယ် ပျော်တော်ဆက်အတွဲများမဟုတ်ကြ။ ရိုးရိုးသားသားချစ်သူများဖြစ်ကြသည်။



သည်အချိန်မှာ ကောင်မလေးအိမ်က ဘယ်လိုပြောထွက်လာပါလိမ့်။ သူ့ဘေးမှာလွယ်အိတ်လေးပါသလား. . .။ လွယ်အိတ်ပါရင် ကျောင်းချိန်တော့မဟုတ်၊ ကျူရှင်မတက်ဘဲလစ်လာတာလား။ ဒါမှမဟုတ်ညနေ ၆ နာရီခွဲက ၈ နာရီအထိ သိပ္ပံဘာသာတွဲရှိတယ်ဆိုကာ တွေ့ကြတာလား။ ကျောင်းကနေအိမ်မပြန်ဘဲလာတာလား။ ဒါမှမဟုတ် အလုပ်ခွင်ကနေ အလုပ်ချိန်အပြီးမှာ အချိန်ပိုရှိလို့ဆိုကာ ဒီမှာထိုင်နေတာလား. . .။ ကောင်လေးကရော တစ်ရပ်တည်းသားလား၊ ကျောင်းသားပဲလား. . .။ လုပ်ငန်းခွင်ကကောင်လေးလား. . .။ ဆိုင်ကယ်က ကောင်လေးကိုယ်ပိုင်လား. . .။ သူငယ်ချင်းဆိုင်ကယ်ခဏငှားစီးလာတာလား. . .။

အိမ်ကထွက်လာဖို့ ကောင်မလေးက အိမ်ကိုစက်ချုပ်ဆိုင်သွားမယ်ဆိုပြီး ပြောထွက်လာတာလား။ ကောင်လေးက လမ်းထိပ်ကစောင့်နေတာလား။ ဒါမှမဟုတ် အိမ်ရှေ့ကစက်ဘီးဖြတ်စီးပြီး အရိပ်အယောင်ပြလို့ ကောင်မလေးသည်။ တချို့က ထမင်းဘူးလေးတွေပါသလို၊ တချို့က စတီးထမင်းချိုင့်လေးတွေ လက်ကိုင်မှာ ချိတ်ဆွဲလာကြပါသည်။ သူတို့လေးတွေလာပြီဆိုလျှင် ကောင်လေးတချို့က စက်ဘီးနှင့်ကပ်လိုက်၍ စကားပြောလာသည်လည်းရှိ၏။ လူငယ်ထုံးစံကပ်ကာ စပြောင်တာလည်း ဖြစ်ပါလိမ့်မည်။

တချို့ကတော့ ဖွဲနပဲနှင့်သေချာလိုက်ကာ ကြိုးပမ်းစကားပြောသည်။ မကြာမီ ကလေးမလေးကလည်း ပြန်လှန်စကားပြောကာ နောက်ရက်များဆိုလျှင် သူတို့လေးတွေ စက်ဘီးကိုဖြည်းဖြည်းနင်းရင်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ စကားတွေ ပြောသွားကြလိမ့်မည်။ သည်အထိတော့ ဘာမှကိစ္စမရှိ . . .။

အင်း. . . အဲသလို စက်ဘီးနင်းစကားပြောလာကြရာက ကျုံးနံဘေးစက်ဘီးကိုထိုးရပ်ပြီး ထိုင်ခုံလေးပေါ်. . .၊ သစ်ပင်မြစ်ပေါ်၊ သံဆန်ခါ အုတ်ခုံပေါ် ထိုင်ကြတော့မည်။ မြို့မငြိမ်းသီချင်းလို "လရောင်မှာ မကြောင်ဝံ့လို့ သစ်ပင်အောက်မှာမှောင်ခိုကာရယ်. . ."မဟုတ်ဘဲ "မီးရောင်အောက်မှာမကြောင်ဝံ့လို့ သစ်ပင်ရိပ်အောက်မှောင်ခိုကာရယ်"ဖြစ်ကုန်တော့၏။ အမြင်မရိုင်း လွတ်လွတ်လပ်လပ် သူ့စည်းကိုယ့်စည်းဆိုလျှင် ကိစ္စမရှိသေး။ သို့သော်. . . လူ့သဘာဝ၊ လူ့ဆန္ဒက သည်အတိုင်းရပ်နေမှာတတ်၏။ သူတို့သည် အလုပ်ပြန် ကလေးမလေး တစ်ယောက်ယောက်ကို စောင့်နေတာဖြစ်မှာပေါ့။ သူတို့စောင့်နေသော ကလေးမလေး စက်ဘီးစီးလာလျှင် ဆိုင်ကယ်စက်နှိုးအသင့်ပြင်ကာ ကလေးမလေး စက်ဘီးနှင့်ယှဉ်ပြီး ကျုံးလမ်းတစ်လျှောက် စကားတွေပြောမည်။ ပြီးတော့ တစ်နေရာရာထိုင်ကြမည်။ ပြီးတော့ ကမ္ဗလာရည်သောက်ကြမည်။ ဆိုင်ကယ်ကောင်လေး စောင့်နေတာက သတ်သတ်မှတ်မှတ် ကလေးမလေး တစ်ဦးတည်းဆိုလျှင်. . . ဒါသူ့ပိုင်ခွင့်ပေပဲ။ ကာယိန္ဒြေမပျက်ရင် အပျို၊ လူပျို ကိစ္စပေပဲ. . .။ သို့သော် ထိုသို့ ကျုံးဘေးမှာရပ်စောင့်နေသော ဆိုင်ကယ်တချို့က. . . တွေ့ရာ၊ ကြုံရာ အဆင်ပြေသလို ကောင်မလေးတွေနောက်လိုက်ပြီး စကားတွေ ဇွတ်ပြောကြ. . .။ စိတ်နိုင်သည့်ကလေးမလေးတွေဆို ကိစ္စမရှိ. . .။ နေ့စဉ်ရက်ဆက် ဇွတ်ဝင်စကားပြောလာမှု၊ သူတို့အပြောပေါ်နားဝင်မှု၊ သူတို့ဆိုင်ကယ်၊ သူတို့ အဝတ်အစား၊ သူတို့အသုံးအဆောင်အပေါ် အထင်ကြီးမှုများကြောင့် တိမ်းညွှတ်ကုန်သော ကလေးမလေးတွေကလည်း မရှား. . .။ စကတည်းက ရင်ထဲ၊ အသည်းထဲ၊ နှလုံးသားထဲကမပါဘဲ ကြုံသလို

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

ပြောရာမှ ပါးသည့်နေရာက ဖောက်ဝင်သူသည် ဘယ်မှာအတည်ဖြစ်ပါမည်နည်း။ သွားပြန်ပေါ့ တစ်ယောက်. . .။

ကျွန်တော်သည် ကျုံးဘေးတစ်လျှောက် ညနေစောင်းလမ်းလျှောက်လေတိုင်း မြင်တွေ့နေရမှုတွေအပေါ် စိတ်ကူးအကြံအစည်တစ်ခုပေါ်မိသည်။ ဒွိယံဒွိယံဖြစ်ကုန်ကြလေသော သူတို့လေးတွေမှာ ဘယ်နှဦးက တရားဝင်လက်ထပ်ဖြစ်ပြီး အိမ်ထောင်အတည်တကျဖြစ်ကုန်ကြသလဲဆိုတာ စာရင်းကောက်ယူလိုခြင်းဖြစ်သည်။ ဒါမှသာ ကျွန်တော်ခံစားနေရသော စိုးရိမ်ကြောင့်ကြမှု အတိုင်းအတာကို လျှော့ချဖြေဖျောက်နိုင်ပေလိမ့်မည်။ သည်လိုစုံတွဲလေးတွေကလည်း ကျောင်းပြန်၊ အလုပ်ပြန် အဖူးအညွန့်လေးတွေမို့ ပန်းကောင်းအညွန့်မကျိုးစေချင်တာလည်းဖြစ်ပါ၏။

ဩော်. . . ပြန်လှန်စဉ်းစားကြည့်ပြန်တော့လည်း အခုလိုလူမြင်ကွင်းမှာ သူတို့လေးတွေကို မြင်တွေ့နေရတာ တော်သေးတာပေါ့။ မမြင်ကွယ်ရာ၊ ဆိတ်ကွယ်ရာတွေ လွယ်လင့်တကူသွားနိုင်သည့် အခွင့်အရေးက အများကြီးရှိနေသည် မဟုတ်ပါလား။

ဤသို့ဖြင့် ထိုကိစ္စသည်မြင်နေကျ၊ တွေ့နေကျဖြစ်ကာ အမြင်ရိုး၊ အတွေ့ရိုးသွားပြီး ပြီးပြီးပျောက်ပျောက်ဖြစ်နေခဲ့သည်မှာ ကြာပါပြီ။

သို့သော်. . .။

အရှေ့ကျုံးလမ်းအတိုင်း အရှေ့ဘက်ပလက်ဖောင်းမှကပ်ပြီး ရော်ဘင်ဟု မိန်းမစီးစက်ဘီးလေးတစ်စီးက ခပ်မှန်မှန်နင်းနေ၏။ စက်ဘီးလေး၏ကယ်ရီယာမှာ ပလတ်စတစ်ထမင်းဘူးလေးကို ပခုက္ကူချည်လက်သုတ်ပဝါလေးနှင့် သေသပ်စွာ တုပ်နှောင်ထားသည်။ စက်ဘီးပေါ်မှာတော့ ကျောအလယ်အထိရှည်သောဆံပင်ကို ဆံညှပ်လေးနှင့်စည်းနှောင်ထားပြီး ကုမ္ပဏီသို့မဟုတ် စတိုးဆိုင်တစ်ဆိုင်၏ ယူနီဖောင်းဝတ်စုံကိုဝတ်ထားသည့် ကလေးမလေးတစ်ဦးက ခပ်ကြော့ကြော့လေးနင်းနေသည်။ တစ်နေကုန် အလုပ်လုပ်လာရ၍ သူကလေး၏ မျက်နှာမှာ ပင်ပန်းနွမ်းနယ်မှုက ဖုံးဖိမရ. . .။

ခပ်မှန်မှန်နင်းနေသော ရော်ဘင်ဟု စက်ဘီးလေးကို ထက်ကြပ်မကွာစောင့်ခေါ်နေသည့် စူပါကပ်တစ်စီးက တစ်ခါတစ်ရံ အသည်းယားစဖွယ် လက်ကိုင်ချင်းချိတ်လုမတတ် နီးကပ်သွားလေ၏။

"နွယ်မွန်. . . ငါ့ကိုတစ်ခုခုပြန်ပြောပါဦးဟာ"

". . . ."

"ငါခင်စန်းဝင်းကိုရော သေသေချာချာပြောပြီး တောင်းပန်ခိုင်းပါတယ်ဟာ. . ."

"ငါပြောတာကြားလား နွယ်မွန်"

"နွယ်မွန်. . . နင်ငါ့ကိုမသနားတော့ဘူးလား၊ ငါမေးတာ ပြန်ဖြေစမ်းပါဦးဟ"

"ကျွန်တော် ရှက်တယ်"

"ဘာရှက်စရာလိုလဲ. . .၊ ငါ့ဘက်ကအမူအရာ မပျက်စေရပါဘူးဆိုနေမှ. . ."

"အမူအရာ မပျက်လို့သာ တော်တော့တာပေါ့. . ."

"ငါပြောပြီးပြီပဲ နွယ်မွန်ရာ မင်းအမေမှန်းမသိလို့ပါ ဆိုမှ. . ."

"တကတည်း အသားယူလိုက်တာ အမေ့ရှေ့လည်း မရှောင်. . . ပြီးတော့ ဆိုင်ထဲမှာ. . ."

"နင့်အမေကို ငါမှမမြင်ဖူးတာဟာ ဘယ်သိပ့်မလဲ. . ."

"အမေရိပ်မိသွားလား မသိဘူး။ ကျွန်တော် အရမ်းစိတ်ဆိုးတာသိလား. . ."

"ကဲ. . . နောက်တစ်ခါမဖြစ်စေရပါဘူးဟာ. . ."

"ပြီးတော့ ရှိသေးတယ်. . . ဘာဆိုင်လို့ ခင်စန်းဝင်းကိုသွားသွားပြောနေရတာလဲ"

"နင်က စိတ်ဆိုးနေတာကိုးဟ. . ."

"ခင်စန်းဝင်းကို ကြည့်လို့ကိုမရဘူး။ အဲဒီကောင်မက ကျွန်တော့်ကို မနာလို နေတာ. . ."

"ဩော်. . . နွယ်မွန်ရယ်"

တကယ်တော့ သည်မြင်ကွင်းက ကြည်နူးစရာမြင်ကွင်းဖြစ်ပါလိမ့်မည်။ လွတ်လပ်သော အမျိုးသမီးလေး တစ်ဦးကို လွတ်လပ်သော အမျိုးသားလေးတစ်ဦးက ကာယိန္ဒြေမပျက်စေဘဲ လိုက်လံစကားပြောနေသည့်မြင်ကွင်းဆိုပါစို့. . .။

သူတို့နောက်က စက်ဘီးကို ခပ်သွက်သွက်နင်းပြီး ပြောနေသည့် စကားသံတွေကို နားထောင်ကြည့်လိုက်တော့ စိတ်ကောက်နေသော ရည်းစားကို လိုက်ချော့နေသည့် ကောင်လေးတစ်ယောက်ဖြစ်ရမှာပေါ့။

သို့သော်. . .

စက်ဘီးကို ခပ်မြန်မြန်နင်းပြီး သူတို့နှစ်ယောက်ကို ကျော်လိုက်ပါ။ ပြီးတော့ မီးရောင်ရောက်ရင် မသိမသာနောက်ပြန်လှည့်ကြည့်လိုက်ပါ။ ရော်ဘင်ဟုနှင့် ကလေးမလေးက ဘာမျှမထူးခြား. . .။

သို့သော် ငွေရောင်စူပါကပ်ပေါ်မှာက ကောင်လေးမဟုတ်၊ ၁၆ နှစ်သားမဟုတ်။

အနည်းဆုံး ၄၀ ကျော် ၄၅ နှစ်လောက်ရှိမည့် ပုဂ္ဂိုလ်တစ်ဦး။

အသွင်အပြင်၊ အမူအရာ၊ အပြောအဆိုကိုကြည့်လျှင် ကုမ္ပဏီဒါရိုက်တာလား၊ ဆိုင်ရှင်လား၊ ဆိုင်ရှင့်ညီလား၊ ဆိုင်ရှင့်ဦးလေးလား. . .၊

ပြောကြစို့ဆိုလျှင် အိမ်ထောင်ရှင်တစ်ဦးပုံစံ. . .။

အခုတစ်လော ကျုံးနံဘေးမှာတွေ့နေရသည့် ကျောင်းပြန်အလုပ်ပြန်ကလေးမလေးတွေနံဘေးမှာ ရွယ်တူကောင်လေးတွေကို မတွေ့ရတော့တာ သေချာပါသည်။

တွေ့ရသမျှစုံတွဲတိုင်းမှာ သည်လိုပုံစံချည်းဆိုတော့ "မှီခိုသူ" ဟူသည့် ဝေါဟာရအပေါ် စေ့ငုနေမိ၏။

သည်အကြောင်းကိုတော့ အမေ့ကိုပြန်မပြောမှဖြစ်ပေလိမ့်မည်။

***(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း အခန်းဆက် ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# မြောင်းမြ၌ ဓာတ်အားခွဲရုံတိုးချဲ့ဖွင့်လှစ်၊ ကျေးလက်ပြည်သူများ လျှပ်စစ်မီးသုံးစွဲနိုင်တော့မည်



**မြောင်းမြ မတ် ၂၁**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြောင်းမြမြို့၌ ၆၆/၃၃ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ ဖွင့်ပွဲကို မတ် ၂၀ ရက် နံနက်က မြောင်းမြ ဓာတ်အားခွဲရုံအတွင်း ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီး ဦးစောမြသိန်းနှင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

"ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲမှုလျှော့ချရေးစီမံချက်အရ မြန်မာနိုင်ငံနဲ့ ဂျပန်နိုင်ငံတို့ ချစ်ကြည်ရင်းနှီးမှုဖြင့် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြစ်ပါတယ်။ အခု တိုးချဲ့ဖွင့်လှစ်တဲ့ ၆၆/၃၃ ကေဗွီ ဓာတ်အားလိုင်းကနေ ဝါးခယ်မမြို့နဲ့ ရွှေလောင်းမြို့တို့အထိ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်တော့မှာဖြစ်ပြီး ကျေးရွာဒေသများအထိ လျှပ်စစ်မီး ဆက်သွယ်ပေးနိုင်မှာဖြစ်လို့ ကျေးလက်ပြည်သူတွေပါ လျှပ်စစ်မီးသုံးစွဲနိုင်တော့မှာဖြစ်ပါတယ် "ဟု တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်းက ပြောသည်။

ယခင်က မြောင်းမြဓာတ်အားခွဲရုံတွင် ၄ အမ်ဗွီအေ နှစ်လုံး၊ ၅ အမ်ဗွီအေ တစ်လုံး စုစုပေါင်း ၁၃ အမ်ဗွီအေ ဖြင့်သာ မြောင်းမြနှင့် ဝါးခယ်မမြို့သို့ ပို့လွှတ်ကာ မျှဝေသုံးစွဲခဲ့ရပြီး ယခု ၅ အမ်ဗွီအေတစ်လုံး တိုးချဲ့တပ်ဆင်ပေးခြင်းကြောင့် ပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**အောင်မင်း(ပြန်/ဆက်)**

# ကလေးငယ်များ စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ကျောက်ပန်းတောင်း မတ် ၂၂**

ကျောင်းနေအရွယ် ကလေးငယ်များ စာဖတ်ရှိန်မြင့်မားလာစေရန်နှင့် စာပေဖတ်ရှု လေ့လာမှုစွမ်းရည် တိုးတက်မြင့်မားလာစေရန် ရည်ရွယ် ကျင်းပသော စာဖတ်စွမ်းရည်ပြိုင်ပွဲကိုမတ် ၂၀ ရက်က မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ လွတ်လပ်ရေးရပ်ကွက် မုဒိတာပရဟိတလူမှုရေး အကျိုးပြုအသင်းရုံး၌ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ စာဖတ်စွမ်းရည်ပြိုင်ပွဲကို မုဒိတာပရဟိတ လူမှုရေးအကျိုးပြုအသင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဒုတိယတန်း၊ တတိယတန်းနှင့် စတုတ္ထတန်း ကျောင်းသား ကျောင်းသူမလေးများကို အငယ်တန်းအဆင့်ဟူ၍ လည်းကောင်း၊ ပဉ္စမတန်း မှအဋ္ဌမတန်းအထိကျောင်းသား ကျောင်းသူလေးများကို အလယ်တန်းအဆင့်ဟူ၍ လည်းကောင်း ပြိုင်ပွဲနှစ်ရပ်ကျင်းပခဲ့ပြီး အငယ်တန်းအဆင့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၂ ဦးနှင့် အလယ်တန်းအဆင့် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၀ ဦး စုစုပေါင်းပြိုင်ပွဲဝင် ၃၂ ဦးဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

# လှိုင်ကော်၌ နွေရာသီ အခမဲ့ပန်းချီသင်တန်းဖွင့်



**လှိုင်ကော် မတ် ၂၂**

မူကြိုကျောင်း၊ မူလတန်းကျောင်း၊ အလယ်တန်းကျောင်းသား ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်အချိန်တွင် အချိန်ကိုအကျိုးရှိရှိ အသုံးချတတ်စေရန် ကျောင်းသင်ခန်းစာကို အထောက်အကူပြုသော သင်ရိုးဝင်ဘာသာ ပန်းချီအခြေခံပညာရပ်များ တတ်မြောက်စေရန်ရည်ရွယ်၍ နွေရာသီအခမဲ့ ပန်းချီသင်တန်းကို ကယားပြည်နယ် လှိုင်ကော်မြို့ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းတွင် မတ်လပထမပတ်မှ ဧပြီလကုန်အထိ သင်ကြားပေးလျက်ရှိကြောင်း ဆရာမကြီး ဒေါ်ခင်သန်းထံမှ သိရသည်။

သင်တန်းကို ကျောင်းဆရာမ ငါးဦးဖြင့် သင်ကြားပေးလျက်ရှိပြီး နွေရာသီပန်းချီသင်တန်းတွင် ထူးချွန်သူများကို ရွေးချယ်စစ်ဆေးပြီး ပန်းချီပြိုင်ပွဲများတွင်လည်း ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ကလေးတွေကို အားထည့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် လှိုင်ကော်မြို့ပေါ်ရှိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ရဲနောင်(လှိုင်ကော်)**

သတင်းတို

## ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

စစ်ကိုင်းတိုင်း ဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့တွင် နွေရာသီ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာ သင်တန်းကို မတ် ၂၀ ရက်မှ ၃၀ ရက်ထိ ၁၀ ရက်တိုင်တိုင် ဆရာတော် များနှင့် ဆရာ ဆရာမငါးဦးတို့မှ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်းသို့ ဆားလင်းကြီးမြို့ အခြေခံပညာ အထက်တန်း ကျောင်းမှ ကျောင်းသား ကျောင်းသူများ တက်ရောက်သင်ယူလျက်ရှိကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

## အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ သင်တန်းဖွင့်

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း မာန်အောင်မြို့နယ် ကြက်ခြေနီအသင်းခွဲ ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးစီမံချက် Emergency Response Team(ETR) Training အရေးပေါ် တုံ့ပြန်ရေးအဖွဲ့ သင်တန်းဖွင့်ပွဲကို မတ် ၂၀ ရက်က ဈေးတန်း အထက(ခွဲ)သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန စီမံချက် ညှိနှိုင်းရေးမှူး ဒေါ်ဝတ်ရည်ကျော်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သိန်းဖေ(ပြန်/ဆက်)**

# သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ ဖြန့်ဝေခြင်း အလုပ်ရုံဆွေးနွေးပွဲ သင်တန်းဖွင့်

**ကသာ မတ် ၂၂**

ကသာမြို့၌ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဆိုင်ရာအချက်အလက်များဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်း အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၁ ရက်က ကသာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် ကသာခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်းက အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးက မြန်မာနိုင်ငံ သန်းခေါင်စာရင်းကောက်ယူမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲသင်တန်းကို စတင်ဖွင့်လှစ်ရာသင်တန်းသို့ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုအဖွဲ့အစည်းများတက်ရောက်ကြကြောင်း သိရသည်။

**အေးလွင်(ကသာ)**

# ဒုတိယအကြိမ် မြန်မာ့ရုပ်စုံသဘင်ဆိုင်ရာသင်တန်းဖွင့်

**မန္တလေး မတ် ၂၂**

ဆွစ်ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ SDC ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် Myanmar Upper Landမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြန်မာ့ရုပ်စုံသဘင် ဖွံ့ဖြိုးတိုးတက်ရေး ၂၀၁၅-၂၀၁၆ အစီအစဉ်အရ ဒုတိယအကြိမ် မြန်မာ့ရုပ်စုံသဘင်ဆိုင်ရာသင်တန်းကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မြမန္တလာဟိုတယ်၌ မတ် ၂၀ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ မြန်မာ့ရုပ်စုံသဘင်ဆိုင်ရာ သင်တန်းကို မတ် ၂၀ မှ ဧပြီ ၁ ရက်အထိ နှစ်ပတ်ကြာ သင်ကြားပို့ချပေးသွားမှာဖြစ်ပြီး ဧပြီ ၂ ရက်နှင့် ၃ ရက်တွင် အမျိုးသားပြဇာတ်ရုံ၌ ကျင်းပမည့် မြန်မာနှင့် နိုင်ငံတကာ ရုပ်စုံသဘင်ပွဲတော်တွင် သင်တန်းဆင်းများ၏ တီထွင်ဖန်တီးမှုပြကွက်များကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် မြန်မာနှင့် နိုင်ငံတကာရုပ်စုံသဘင်ပွဲတော်တွင် မြန်မာ့ရုပ်စုံသဘင် ရန်ကုန်နှင့် မန္တလေးတို့၏ ကပြဖျော်ဖြေမှုများ၊ အင်ဒိုနီးရှားရုပ်စုံအဖွဲ့နှင့် ယိုးဒယားရုပ်စုံအဖွဲ့တို့၏ ဖျော်ဖြေမှုများကိုလည်း ဝင်ကြေးအခမဲ့ဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာ့ရုပ်စုံသဘင် ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မမနိုင်က မြန်မာနှင့် နိုင်ငံတကာရုပ်စုံသဘင်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် မန္တလေးမှ ပါမောက္ခ ဒေါ်အေးစန္ဒာအောင်က မျိုးဆက်သစ်များအတွက် ဂုဏ်ပြုအမှတ်တရစကား ပြောကြားသည်။ ထို့နောက် Myanmar Upper Land မှ Managing Director ကိုကျော်မျိုးကိုက ပရောဂျက်အကြောင်း ရှင်းလင်းပြောကြားကာ မြန်မာနှင့် နိုင်ငံတကာ ရုပ်စုံသဘင်ပွဲတော်တွင် စျေးရောင်းပွဲတော်ပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်သောကြောင့် လက်မှုပစ္စည်းများ၊ အမှတ်တရပစ္စည်းများ ရောင်းချလိုပါက ဖုန်း-၀၉-၂၀၅၀၉၉၅ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ မြန်မာနှင့် နိုင်ငံတကာ ရုပ်စုံသဘင်ပွဲတော်ကို ဆွစ်ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ Goethe Institute၊ မြန်မာနိုင်ငံရုပ်စုံသဘင်အသင်းတို့ ပူးပေါင်း၍ ကျင်းပမည်ဖြစ်ကာ မြန်မာ့ရုပ်စုံသဘင်ဆိုင်ရာ DVD-Rom အဆင့်မြှင့်တင်ခြင်း၊ ထပ်မံရေးဆွဲဖြည့်စွက်ခြင်း၊ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခြင်း၊ မျိုးဆက်သစ်များအား မြန်မာ့ရုပ်စုံသဘင်ပညာ လက်ဆင့်ကမ်းခြင်းများကို မြန်မာ့ရုပ်စုံသဘင် အနုပညာရှင်များ အချင်းချင်း ပူးပေါင်း၍ ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပရခြင်းဖြစ်ကြောင်းသိရသည်။

**ကျော်ထူး(မန္တလေး)**





**ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးညွန့်ဝင်းအောင်နှင့်တပ်ဖွဲ့ဝင်များနှင့် မတ္တရာမြို့ ကမ္ဘောဇဘဏ်မှ ဝန်ထမ်းများ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြခြင်းများကို မတ် ၁၉ ရက်က ဆောင်ရွက်စဉ်။**

စိုးကျော်သူထွေး (မတ္တရာ)

# သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲမှုနည်းပြသင်တန်းဖွင့်

**လပွတ္တာ မတ် ၂၂**

ကျေးလက်နေပြည်သူများ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်သော အကြောင်းအရာများ ပိုမိုသိရှိစေရန်ရည်ရွယ်၍ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်သော စီမံခန့်ခွဲမှုနည်းပြသင်တန်းကို လပွတ္တာမြို့နယ် အစုလေးကျေးရွာ၌ မတ် ၂၀ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့ပူးပေါင်း၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းအမျိုးအစားမှာ ရက်တိုသင်တန်းဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန္တာဝင်းသိန်းက အမှာစကားပြောကြားပြီး ခရိုင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှူး ဦးသန့်ဇင်က အယ်နီညိုကြောင့်ဖြစ်သော အပူရှိန်မြင့်မားမှု၊ မီးဘေးအန္တရာယ်များ မဖြစ်ပေါ်စေရေးအတွက် ပြည်သူအားလုံးက အသိတရားရှိရှိဖြင့် ဝိုင်းဝန်းကူညီပြီး ပူးပေါင်းဆောင်ရွက်ရန်နှင့် လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများကို ရှင်းလင်းပို့ချခဲ့သည်။

ဆက်လက်၍ ခရိုင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ဦးဝင်းဇော်ငွေးက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ခြင်း၊ တစ်ဦးချင်း၊ မိသားစုအလိုက်၊ ရပ်ရွာအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အသိပညာပေးခြင်း၊ အပူရှိန်မြင့်မားလာသည့်အတွက် နေ့လယ်နေ့ခင်း အပြင်ထွက်လျှင် လုံခြုံသောအဝတ်အစားများဖြင့် အပြင်ထွက်ရန်၊ ပြင်းထန်သောအပူရှိန်ကို ကာကွယ်နေထိုင်နည်းများ၊ ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများဖြစ်သည့် သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ ဆင်တုပ်ကွေးနှင့် ဇီကာဗိုင်းရပ်စ်ရောဂါတို့ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်နည်းများ၊ မိုးခေါင်ရေရှားမှုဒဏ်ကြောင့် သောက်သုံးရေ အခက်အခဲ ကြုံတွေ့နိုင်ပုံနှင့် မသန့်ရှင်းသောရေကြောင့် ဖြစ်ပွားနိုင်သောရောဂါများကာကွယ်ရေး စသည့်အကြောင်းအရာများကို ဆွေးနွေးပို့ချခဲ့သည်။

ထို့နောက် ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျေးလက်နေပြည်သူများအား ဆေးရည်စိမ်ခြင်ထောင်များ၊ ဖိနပ်များ၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ ဝေငှပေးခဲ့ကြောင်း သိရသည်။

**ဝင်းကျော်မြင့်(ပြန်/ဆက်)**

# အချိန်တိုအတွင်း အကျိုးအမြတ်များသည့် ပြောင်းစိုက်ပျိုးမှုများပြားလာ

**ရေတာရှည် မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းမှ စစ်တောင်းမြစ်ရေတင်၍ စိုက်ပျိုးကြရသည့် လယ်ယာမြေများတွင် စျေးကွက်ကောင်းပြီး အချိန်သုံးလခန့်အတွင်း အမြတ်ပေါ်သည့် စားပြောင်းအမျိုးမျိုးကို စိုက်ပျိုးမှုများလာရာ ယခင်က အဓိကထားစိုက်ပျိုးခဲ့သည့် ပဲအမျိုးမျိုးထက် ပြောင်းစိုက်ပျိုးမှုက ပိုမိုများပြားလာသည်ကို မြင်တွေ့ရသည်။

စစ်တောင်းမြစ် အရှေ့ဘက်နှင့် အနောက်ဘက်ကမ်းရှိမြေများမှာ နုန်းတင်မြေနုများဖြစ်ကာ စိုက်ခင်းများမှာ မြေဩဇာကောင်းသဖြင့် သီးနှံများ အောင်မြင်ဖြစ်ထွန်းသည်။ ယခုအခါ ပြောင်းစိုက်ခင်းများကို နေရာအနှံ့အပြားတွင် စိုက်ပျိုးထားကြပြီး အောင်မြင်ဖြစ်ထွန်းနေသည်ကိုတွေ့ရှိရသည်။ "တစ်ဧကကို အပင်ရေ ကိုးထောင်ဝင်တယ်။ အရင်းက ပျမ်းမျှသုံးသိန်းလောက်ကုန်တယ်။ ပြာသိုလဆန်းပိုင်းကနေ စစိုက်တော့ တန်ခူးလဆိုရင် အဖူးသိမ်းပြီး နေပြည်တော်ဘက်က ဖောက်သည်တွေက အခင်းပြတ်လည်းဝယ်တယ်။ အဖူးရေနဲ့လည်း ဝယ်ကြတာရှိတယ်။ တစ်ဧကကို ၁၀ သိန်းနဲ့အထက် ပြန်ရတာကြောင့် ပြောင်းစိုက်ပျိုးတဲ့သူများလာတာပါ"ဟု နွှောပင်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

စားပြောင်းများမှာ ပြည်တွင်းစျေးကွက်တွင် ပုံမှန်ဝယ်လိုအားရှိသဖြင့် စျေးကွက်သေချာသော သီးနှံဖြစ်ကာ တပေါင်းပွဲတော်ကဲ့သို့သော ကာလအချို့တွင် ပုံမှန်ထက်ပင် ဝယ်လိုအားမြင့်တက်လေ့ရှိသော သီးနှံလည်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ရေစကြိုမြို့နယ်အတွင်း နွေစပါး ၈၅ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီး

**ရေစကြို မတ် ၂၂**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း၌ မတ် ၂၀ ရက်အထိ ၂၀၁၅-၂၀၁၆ နွေစပါးစိုက်ရာသီ စုစုပေါင်းလျာထားဧက၏ ၈၅ ရာခိုင်နှုန်းကို စိုက်ပျိုးထားပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေစကြိုမြို့နယ်တစ်ခုလုံး၌ နွေစပါး ၃၅၂၉ ဧက စိုက်ပျိုးရန် လျာထားရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းညှိနှိုင်း၍ ရေရရှိရေး နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးပမ်းစိုက်ပျိုးခဲ့ရာ ၈၅ ရာခိုင်နှုန်းအထိ စိုက်ပျိုးပြီးစီးခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိန်မောင်က ပြောသည်။

"ဒီနှစ်မှာ အယ်နီညိုရာသီဥတု ဖြစ်ပေါ်မှုကြောင့် စိုက်ပျိုးရေ အလုံအလောက်ရရှိဖို့ အဓိက လိုအပ်ပါတယ်။ ဒါကြောင့် လျှပ်စစ်မြစ်ရေတင် ရေသောက်ဧရိယာခုနစ်ခုကို အားပြုပြီး စိုက်ပျိုးနေကြပါတယ်။ ပြီးတော့ မြေအောက်ရေနဲ့လည်း စိုက်ပျိုးနေကြပါတယ်။ မတ် ၂၀ ရက်အထိ ၈၅ ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ပါတယ်။ မတ်လအတွင်း ထွန်တုံးပိတ်မှာပါ။ လျာထားဧကအပြည့် စိုက်ပျိုးသွားမှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယခုနှစ်တွင် ရေစကြိုမြို့နယ်အတွင်း လျှပ်စစ်မြစ်ရေတင်များမှ ရေရရှိသဖြင့် စိုက်ပျိုးရေအတွက် လုံလောက်သော်လည်း ရာသီဥတုပူသဖြင့် တောင်သူများအတွက် ယခင်နှစ်များကထက် အလုပ်ချိန်လျော့နည်းနေကြောင်း ရွှေကျောင်းကျေးရွာမှ နွေစပါးစိုက်တောင်သူတစ်ဦးက ပြောသည်။

ရေစကြိုမြို့နယ်အတွင်း ယခုနှစ် နွေစပါးစိုက်ပျိုးရာတွင် သက်တမ်းတိုပြီး အထွက်နှုန်းကောင်းသော ပုလဲသွယ်၊ ရွှေပြည်ငွေး၊ ပခန်းရွှေဝါ စသည့် စပါးမျိုးများကို အဓိကထားစိုက်ပျိုးကြပြီး လျာထားဧက ပြည့်မီရေးအတွက် ရွှေချောင်းလျှပ်စစ်မြစ်ရေတင် ရေသောက်ဧရိယာတွင် တောင်သူများက ကြိုးပမ်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



# နယ်နိမိတ်ရေးရာနှင့် နယ်စပ်ရေးရာပူးပေါင်းဆောင်ရွက်မှု စွမ်းရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်းဖွင့်

**ဖာပွန် မတ် ၂၂**

ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ အနေဖြင့် နှစ်နိုင်ငံအရေးကိစ္စများဆောင်ရွက်ရာတွင် နယ်နိမိတ်ဆိုင်ရာပြဿနာများမဖြစ်ပေါ်ရေး ပူးပေါင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ နယ်နိမိတ်ရေးရာနှင့် နယ်စပ်ရေးရာပူးပေါင်းဆောင်ရွက်မှု စွမ်းရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်းကို ယွန်းစလင်းခန်းမ၌ မတ် ၁၉ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူးက မြန်မာနိုင်ငံသို့ နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ လာအိုနိုင်ငံများမှ တစ်နည်းနည်းဖြင့် ကျူးကျော်မှုမရှိစေရေး၊ မိမိနိုင်ငံ နယ်နိမိတ်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအေးက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းတွင် ဖာပွန်စစ်ဗျူဟာမှူး၊ သစ်တောဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ဥပဒေအရာရှိ၊ မြေတိုင်းဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရေအရင်းအမြစ်ဦးစီးဌာန၊ လမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် သင်ခန်းစာများ ပို့ချခဲ့ကြသည်။

အဆိုပါ နယ်နိမိတ်ရေးရာနှင့် နယ်စပ်ရေးရာ ပူးပေါင်းဆောင်ရွက်မှု စွမ်းရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်းသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြေစာရင်းနှင့် သစ်တောဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သိန်းစိုးမြင့်**

# အမေရိကန်တို့သုံးမှတ်ရဖို့ ခြေကုန်ထုတ်ရမယ့် ၂၀၁၈ ကမ္ဘာ့ဖလားကွန်ကာကပ်ဖ်ဇုန်ခြေစစ်ပွဲ

မိုးမြင့်လင်းလက်



၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲရဲ့ ကွန်ကာကပ်ဖ်ဇုန် ခြေစစ်ပွဲတွေကို မတ် ၂၆ ရက်မှာ ယှဉ်ပြိုင်ကစားဖို့ ရှိနေပါတယ်။ ဒီပွဲစဉ်မှာ အုပ်စု (A) က မက္ကဆီကို၊ ကနေဒါ၊ အုပ်စု(B) မှာ ကော်စတာရီကာ၊ ပနားမား၊ အုပ်စု(C) မှာအမေရိကန်၊ ထရီနီဒက်တို့ရဲ့ ခြေစွမ်းကို အကဲခတ်ခွင့်ရမှာဖြစ်ပြီး ဘယ်အသင်းတွေ ခြေစစ်ပွဲအောင်ဖို့ အခြေအနေကောင်းသွားမယ်ဆိုတာ စောင့်ကြည့်အားပေးရမှာ ဖြစ်ပါတယ်။

**ဂွာတီမာလာနှင့် အမေရိကန်**

အုပ်စု(C)မှာ အမေရိကန်တို့ နှစ်ပွဲကစားပြီး တစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ လေးမှတ်ရရှိထားပါတယ်။ ဂွာတီမာလာတို့ကတစ်ပွဲနိုင်၊ တစ်ပွဲရှုံးနဲ့သုံးမှတ်ရရှိပြီးအုပ်စု တတိယနေရာမှာ ရပ်တည်နေပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုရလဒ်ကိုကြည့်ရင် အမေရိကန်တို့က လေးဂိုးပြတ်နိုင်ပွဲရရှိခဲ့တာမို့ အခုပွဲမှာ ဂွာတီမာလာတို့ ရှုံးကြွေးပြန်ဆပ်နိုင်မလား ကြည့်ရမှာဖြစ်ပါတယ်။ ဂွာတီမာလာရဲ့ခြေစွမ်းကလည်း အခုတစ်လော ကောင်းမွန်နေတာမို့ အမေရိကန်တို့ အဝေးကွင်းမှာ အားထည့်ကစားမှ ရပါလိမ့်မယ်။ ဒီပွဲမှာ တိုက်စစ်ပိုင်း အားသာချက်ရှိတဲ့ အမေရိကန်တို့ပဲ နိုင်ပွဲရဖို့များပြီး ဂွာတီမာလာတို့ သရေတစ်မှတ်လောက်တော့ မျှော်လင့်နိုင်ပါတယ်။

**ကနေဒါနှင့် မက္ကဆီကို**

အုပ်စု(A)မှာတော့ မက္ကဆီကိုက နှစ်ပွဲကစားခြောက်မှတ်နဲ့ အုပ်စုပထမနေရာမှာရှိနေပြီး ကနေဒါတို့ကတော့ နှစ်ပွဲကစား လေးမှတ်နဲ့ အုပ်စုဒုတိယနေရာမှာ ရှိနေပါတယ်။ ကနေဒါရဲ့ လက်ရှိခြေစွမ်းကိုကြည့်ရင် ဟွန်ဒူးရပ်စ်ကိုနိုင်ပြီး အယ်လ်ဆာဗေးဒိုးကို ဂိုးမရှိသရေပွဲဖြစ်ကာ အမေရိကန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့ပါတယ်။ မက္ကဆီကိုတို့ကတော့ အယ်လ်ဆာဗေးဒိုး၊ ဟွန်ဒူးရပ်စ်နဲ့ဆီနီဂေါတို့ကို ဆက်တိုက်နိုင်ပွဲတွေရထားခဲ့တာမို့ ကနေဒါဟာ အိမ်ကွင်းဆိုပေမယ့် အကြိတ်အနယ် ရင်ဆိုင်ရဖို့ရှိနေပါတယ်။ မက္ကဆီကိုဟာ အဝေးကွင်းဆိုပေမယ့် စုဖွဲ့မှုကောင်းကောင်းနဲ့ချီတက်လာမှာမို့ အနိုင်ရလဒ်ကိုပွေ့ပိုက်ပြီး အိမ်ပြန်သယ်သွားလိမ့်မယ်။

**စိန့်ဗင်းဆင့်နှင့် ထရီနီဒက်**

အုပ်စု (C) မှာ စိန့်ဗင်းဆင့်တို့က နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံး ရှုံးထားတာမို့ အမှတ်မရသေးပါဘူး။ ထရီနီဒက်တို့ကတော့ နှစ်ပွဲကစား၊ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနဲ့ သုံးမှတ်ရပြီး အုပ်စုဒုတိယနေရာမှ ရပ်တည်နေပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ပွဲရလဒ်ကိုကြည့်ရင် တစ်ဂိုးစီသရေပွဲ ဖြစ်ထားတာမို့ ဒီပွဲမှာပြိုင်ဆိုင်မှု ပြင်းထန်ပါလိမ့်မယ်။ စိန့်ဗင်းဆင့်အသင်းရဲ့ အားနည်းချက်က ခံစစ်ပိုင်းဖြစ်ပြီး ပြိုင်ဘက်အသင်းရဲ့တိုက်စစ်ဆင်မှုကို ဟန့်တားရာမှာ အမှားအယွင်းများနေပါတယ်။ ဒါ့အပြင် စိန့်ဗင်းဆင့်ရဲ့တိုက်စစ်မှူးတွေကလည်း အားထားစရာမရှိတဲ့အပြင် ဂိုးသွင်းစွမ်းရည်ကလည်း ကျဆင်းနေတာမို့ အခုပွဲမှာ အိမ်ကွင်းဆိုပေမယ့် အမှတ်မျှော်လင့်လို့ မရနိုင်တဲ့ပွဲပါ။ ဒီပွဲမှာ တိုက်စစ်ခံစစ်ကောင်းမွန်တဲ့ ထရီနီဒက်တို့ပဲ အဝေးကွင်းမှာ ဂိုးမပြတ်ပေမယ့် အောင်ပွဲခံဦးမှာ သေချာနေပါတယ်။

**ဟေတီနှင့် ပနားမား**

အုပ်စု (B) မှာ ပနားမားတို့က နှစ်ပွဲကစား၊ သုံးမှတ်နဲ့ဒုတိယနေရာမှာ ရပ်တည်နေပြီး ဟေတီတို့ကတော့ နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံးရှုံးပြီး နိုင်ပွဲမရရှိသေးပါဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံတဲ့ပွဲမှာ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ပေမယ့် ပနားမားတို့က အသာစီးနဲ့ ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိခြေစွမ်းပိုင်းမှာ ပနားမားတို့က ပိုမိုကောင်းမွန်နေတာမို့ ဟေတီတို့အိမ်ကွင်းဆိုပေမယ့် အမှတ်ရဖို့မလွယ်ပါဘူး။ ဒီပွဲက ပနားမားရဲ့ နိုင်ပွဲဖြစ်ပါလိမ့်မယ်။

**ဂျမေကာနှင့် ကော်စတာရီကာ**

အုပ်စု (B)မှာ ဂျမေကာတို့က နှစ်ပွဲကစားပြီး သုံးမှတ်ရကာ တတိယနေရာမှာ ရပ်တည်နေပါတယ်။ ကော်စတာရီကာတို့ကတော့ နှစ်ပွဲကစားခြောက်မှတ်နဲ့ အုပ်စုပထမနေရာမှာရှိနေတာမို့ ဒီပွဲက အိမ်ရှင်တို့အတွက် ခက်ခဲမယ့်ပွဲပါပဲ။ ကော်စတာရီကာ တိုက်စစ်မှူးတွေဟာ ဂိုးရအောင် စွမ်းဆောင်နိုင်သူတွေဖြစ်ပြီး ပြိုင်ဘက်ခံစစ်ကြောင်းကို အရှိန်အဟုန်နဲ့ ထိုးဖောက်နိုင်သူတွေ ဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံပွဲမှာ နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ အခုပွဲမှာတော့ ဂျမေကာတို့ နိုင်ပွဲရသွားနိုင်ပါတယ်။

**အယ်လ်ဆာဗေးဒိုးနှင့် ဟွန်ဒူးရပ်စ်**

အုပ်စု (A) မှာ အယ်လ်ဆာဗေးဒိုးတို့ နှစ်ပွဲကစားပြီး တစ်မှတ်ရထားသလို ဟွန်ဒူးရပ်စ်တို့က အမှတ်မရသေးပါဘူး။ နှစ်သင်းစလုံးရဲ့ ခြေစွမ်းဟာ အားရစရာမရှိတာမို့ ပြတ်သားတဲ့ရလဒ်ထွက်ပေါ်ဖို့ ခဲယဉ်းသွားမှာပါ။ ဒါပေမယ့် ဟွန်ဒူးရပ်စ်ရဲ့ကစားသမားတွေရဲ့ အသင်းလိုက်ကစားအားက ပိုကောင်းတာမို့ အိမ်ရှင်တို့ ဂိုးမပြတ်ပေမယ့်ကပ်ပြီး နိုင်ပွဲရသွားနိုင်ပါတယ်။



## ဂိုးအများဆုံးသွင်းမယ်ဆိုတဲ့ ဟယ်ရီကိန်း

စပါးတိုက်စစ်မှူး ဟယ်ရီကိန်းဟာ ယခုနှစ်ပရီမီယာလိဂ်မှာ ဂိုးအများဆုံးသွင်းယူတဲ့ တိုက်စစ်မှူးဖြစ်လာလိမ့်မယ်လို့ နည်းပြပိုချက်တီနိုက ပြောဆိုလိုက်ပါတယ်။ စပါးနဲ့ဘုန်းမောက်တို့တနင်္ဂနွေနေ့က ကစားတဲ့ပွဲမှာ စပါးက သုံးဂိုးပြတ်နဲ့အနိုင်ရပြီး တိုက်စစ်မှူး ဟယ်ရီကိန်းက နှစ်ဂိုးသွင်းယူပေးခဲ့ပြီးနောက် နည်းပြ ပိုချက်တီနိုက ချီးကျူးပြောဆိုလိုက်တာပါ။ ဟယ်ရီကိန်းဟာ လက်ရှိအချိန်မှာ ပရီမီယာလိဂ်ဂိုး ၂၁ ဂိုးအထိ သွင်းယူထားပါတယ်။ ကိန်းရဲ့ခေါင်းတိုက်ဂိုးက အကောင်းဆုံးထဲက တစ်ဂိုးပါပဲလို့ နည်းပြက ဆိုပါတယ်။ ဟယ်ရီကိန်းဟာ ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးတွေထဲက အကောင်းဆုံးတိုက်စစ်မှူးဖြစ်ပါတယ်။ သူ့ရဲ့ကစားပုံက အတော်လေး ကောင်းလာတယ်လို့ဆိုပါတယ်။ စပါးက ဒီပွဲအနိုင်ရလိုက်တဲ့အတွက် လက်ကျန်ပွဲရှစ်ပွဲအလိုမှာ ထိပ်ဆုံးရောက်လက်စတာနဲ့ ငါးမှတ်အကွာမှာ ဆက်လက်ရပ်တည်နေဆဲဖြစ်ပါတယ်။ စပါးရဲ့အောင်မြင်မှုတိုင်းအတွက် ဟယ်ရီကိန်းက အဓိက ဂိုးတွေသွင်းယူပေးခဲ့တယ်လို့ဆိုပါတယ်။ သူဟာ အင်္ဂလန်တိုက်စစ်မှူးတွေထဲမှာတော့ လောလောဆယ်ခြေစွမ်းအကောင်းဆုံးအနေအထားဖြစ်ပါတယ်။

## တန်းဆင်းလွတ်မြောက်ဖို့အတွက် နည်းပြဂါဒီကို အလုပ်ဖြုတ်ရတော့မယ့် အက်စ်တွန်ဗီလာ

အက်စ်တွန်ဗီလာအသင်းအနေနဲ့ တန်းဆင်းလွတ်မြောက်ရေး ကြိုးပမ်းမှုတစ်ရပ်အဖြစ် လက်ရှိနည်းပြရေမီဂါဒီကို ၄၈ နာရီအတွင်း အလုပ်ဖြုတ်ရဖွယ်ရှိနေပါတယ်။ နည်းပြဂါဒီဟာ ယခုနှစ် ပရီမီယာလိဂ်ပွဲပေါင်း ၂၀ ကစားခဲ့ရာမှာနှစ်ပွဲသာ အနိုင်ရအောင်ကစားနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ နည်းပြဂါဒီဟာ အက်စ်တွန်ဗီလာအသင်းကို ကောင်းစွာကိုင်တွယ်နိုင်ခဲ့ခြင်း မရှိဘူးလို့ ဝေဖန်ပြောဆိုနေကြပါတယ်။ အသင်းဥက္ကဋ္ဌ စတိဗ်ဟိုးလစ်ကတော့ ဂါဒီကို အလုပ်ဖြုတ်ဖို့ ပြင်ဆင်နေတယ်လို့ဆိုပါတယ်။ လောလောဆယ် သူရဲ့နေရာမှာတော့ လက်စတာနည်းပြဟောင်း ပီယာဆင်က နည်းပြဖြစ်လာဖို့ ရေပန်းစားနေပါတယ်။

ပီယာဆင်ကိုပြီးခဲ့တဲ့ နွေရာသီက လက်စတာက အလုပ်ဖြုတ်ခဲ့တာပါ။ သူဟာ ဗီလာပတ်ကိုပြန်လာပြီး နည်းပြလုပ်ဖို့ စိတ်ဝင်စားနေတာပါ။ သို့ပေမယ့် ရာသီကုန်အထိစောင့်ဆိုင်းနေတယ်လို့ဆိုပါတယ်။ ပီယာဆင်ဟာ အက်စ်တွန်ဗီလာနည်းပြဖြစ်လာဖို့ သေချာနေပါတယ်။





## တန်းဆင်းလွတ်မြောက်ရေးကြိုးပမ်းမှု ပြင်းထန်လာတဲ့ ပရီမီယာလိဂ်

ပရီမီယာလိဂ်ပွဲများ ကုန်ဆုံးဖို့ နီးကပ်လာချိန်မှာတော့ တန်းဆင်းဇုန်တိုက်ပွဲတွေဟာလည်း ယှဉ်ပြိုင်မှုပို၍ပြင်းထန်လာတာကို တွေ့ရပါတယ်။ တန်းမဆင်းရဖို့အတွက် အပြင်းအထန်ကစားနေကြခြင်းဖြစ်ပါတယ်။ အသင်းပိုင်ရှင်တွေက တန်းမဆင်းရဖို့အတွက် နည်းပြသစ်တွေ အစားထိုးလာခဲ့ပါတယ်။ ဒီအထဲမှာ နယူးကာဆယ်လည်းပါဝင်ပါတယ်။ နယူးကာဆယ်ကတော့ တန်းဆင်းလွတ်ရေး လီဗာပူးနည်းပြဟောင်း ဘင်နီတက်ဇ်ကိုခေါ်ပြီး ကြိုးစားနေပါတယ်။ ဆန်းဒါးလန်းနဲ့ နယူးကာဆယ်တို့ရဲ့ တန်းဆင်းတိုက်ပွဲက အတော်ကောင်းတဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်ခဲ့ပါတယ်။ ပွဲချိန် ၄၄ မိနစ်မှာ နာမည်ကြီး တိုက်စစ်မှူးဒီဖိုးက ဆန်းဒါးလန်းအတွက် ဦးဆောင်ဂိုးသွင်းခဲ့တာပါ။ သို့ပေမယ့် နည်းပြအသစ်ဖြစ်လာတဲ့ ဘင်နီတက်ဇ်ရဲ့ အားပေးမှုကြောင့် မီထရိုဗစ်က နောက်ကျဂိုးနဲ့ချေပခဲ့ပါတယ်။ ပရီမီယာလိဂ်ကစားဖို့ လက်ကျန်ပွဲရှစ်ပွဲသာ လိုပါတော့တယ်။ တန်းဆင်းဇုန် လွတ်မြောက်ရေးကြိုးပမ်းမှုတွေကတော့ စတင်ပြင်းထန်လာပြီဖြစ်ပါတယ်။

❖ ကောင်းမြတ်သူ-စုစည်းသည် ❖

# နိုင်ငံခြား အကူအညီအထောက်အပံ့နှင့် နည်းပညာများ ထိရောက်စွာအသုံးချရန် ဆောင်ရွက်လျက်ရှိ

**သူဇာခင်(စီမံ/စီးပွား)**

နိုင်ငံတော်အစိုးရသည် ၂၀၁၁ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်တာဝန်ယူခဲ့သည့်အချိန်မှစ၍ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရန်နှင့် ပြည်သူတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူထုအခြေပြု ဖွံ့ဖြိုးတိုးတက်မှုများ ရရှိအောင်ဆောင်ရွက်ရန်အတွက် နိုင်ငံတော် ဘဏ္ဍာငွေ တစ်ခုတည်းပေါ်မှာသာ မှီခိုအားထားလုပ်ဆောင်သည့် အစဉ်အလာမှ အခြားသော ငွေကြေးဇစ်မြစ်များဖြစ်သည့် နိုင်ငံတကာ အကူအညီအထောက်အပံ့၊ နည်းပညာ၊ ချေးငွေနှင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို ရယူအသုံးပြုပြီး ကဏ္ဍအလိုက်၊ ဒေသအလိုက် ဖွံ့ဖြိုးရေး လုပ်ငန်းစီမံကိန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံခြား အကူအညီအထောက်အပံ့ ရယူဆောင်ရွက်ရာတွင် ငွေကြေးနှင့် နည်းပညာဟူ၍ နှစ်မျိုးရှိပြီး ရေတိုရေရှည် ဖွံ့ဖြိုးရေးလုပ်ငန်းများ ထိရောက်စေရေးအတွက် ပွင့်လင်းမြင်သာမှုရှိရှိဆောင်ရွက်ရန်နှင့် ပြည်သူများလက်တွေ့ခံစားနိုင်သော ဖွံ့ဖြိုးမှုအသီးအပွင့်များ ဖြစ်လာစေရန် အလေးထား ဆောင်ရွက်ခဲ့ကြပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ဦးစားပေးဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သည့် ဆင်းရဲမှုလျှော့ချရေး၊ ဒေသဖွံ့ဖြိုးရေးစီမံကိန်း (Regional Development Plan) အရ ဦးစားပေးကဏ္ဍ (Priority Sector) နှင့် ဦးစားပေးနယ်မြေ (Priority Area) စသည့် ကဏ္ဍများနှင့် ကိုက်ညီမှုရှိရန်၊ လုပ်ငန်းများ အချင်းချင်းထပ်နေသည်များ၊ လစ်ဟာနေသည်များမရှိစေရန်၊ တိုင်းဒေသကြီး/ပြည်နယ်များအကြား သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အပြန်အလှန်ညှိနှိုင်း၍ အချိုးကျမျှတစွာ ဖြစ်ရန် စသည်တို့ကို အလေးထား ဆောင်ရွက်ခဲ့ပါသည်။

ဖွံ့ဖြိုးမှုပူးပေါင်းရေးအတွက် အလှူနိုင်ငံများနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများအဖြစ် နိုင်ငံပေါင်း ၂၄ နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်း ငါးခု၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်း ၂၀၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်း ၁၀၆ ခုနှင့် အခြားအဖွဲ့အစည်းငါးခုတို့မှ လုပ်ငန်းစီမံချက်များကို ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံခြား အကူအညီအထောက်အပံ့နှင့် နည်းပညာအကူအညီများဖြင့် ဆောင်ရွက်နေသော လုပ်ငန်းစီမံချက်များ စာရင်းပေါင်းချုပ်မှာ ဖော်ပြပါဇယားအတိုင်းဖြစ်သည်။

နိုင်ငံချင်းနှင့် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ ပေးအပ်သည့် အကူအညီများမှာ နိုင်ငံအချင်းချင်းဆောင်ရွက်မှုတွင် လုပ်ငန်းစီမံချက် ၃၂၃ ခု၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဖြင့် ဆောင်ရွက်မှုတွင်လုပ်ငန်းစီမံချက် ၄၉ ခု၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်း(UN Agencies) များဖြင့် ဆောင်ရွက်မှုတွင် လုပ်ငန်းစီမံချက် ၇၂၅ ခု၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGO) များဖြင့် ဆောင်ရွက်မှုတွင် လုပ်ငန်းစီမံချက် ၁၆၂ ခုနှင့် အခြားအဖွဲ့အစည်းများဖြင့် ဆောင်ရွက်မှုတွင် လုပ်ငန်းစီမံချက် ၁၁ ခု စုစုပေါင်း လုပ်ငန်းစီမံချက် ၁၂၇၀ ကို ဆောင်ရွက်နိုင်ခဲ့သည်။ စီမံချက်တန်ဖိုး အမေရိကန် ဒေါ်လာ ၃၈၄၆ ဒသမ ၉၉၈ သန်းကို ရရှိပြီး တန်ဖိုးပစ္စည်းနှင့် နည်းပညာတန်ဖိုးများအပါအဝင် အမေရိကန်ဒေါ်လာ ၂၅၀၄ ဒသမ ၅၁၄ သန်း ရရှိပြီးဖြစ်ပါသည်။

**အကူအညီအထောက်အပံ့နှင့် နည်းပညာအကူအညီတို့ဖြင့် ဆောင်ရွက်သော လုပ်ငန်းစီမံချက်များ စာရင်းပေါင်းချုပ်**
**(၁-၄-၂၀၁၁ ရက်မှ ၂၉-၂-၂၀၁၆ ရက်အထိ )**

| စဉ် | နိုင်ငံ/ အဖွဲ့အစည်း | နိုင်ငံ/ အဖွဲ့ အစည်း အရေ အတွက် | စုစုပေါင်း | | | ဆောင်ရွက်ပြီး | | | ဆောင်ရွက်ဆဲ | | | ရရန် ကျန် တန်ဖိုး (USD) သန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | စီမံချက် | စီမံချက် တန်ဖိုး (USD)သန်း | ရရှိပြီး တန်ဖိုး (USD)သန်း | စီမံချက် | စီမံချက် တန်ဖိုး (USD)သန်း | ရရှိပြီး တန်ဖိုး (USD)သန်း | စီမံချက် | စီမံချက် တန်ဖိုး (USD)သန်း | ရရှိပြီး တန်ဖိုး (USD)သန်း | |
| က | နိုင်ငံအချင်းချင်း | ၂၄ | ၃၂၃ | ၂၀၁၀. ၀၉၂ | ၉၆၆. ၈၁၂ | ၁၄၆ | ၆၇၂. ၉၈၈ | ၆၆၄. ၂၁၆ | ၁၇၇ | ၁၃၃၇. ၁၀၄ | ၃၀၂. ၅၉၆ | ၁၀၄၃. ၂၈၁ |
| ခ | အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း | ၅ | ၄၉ | ၁၅၂. ၉၀၈ | ၆၆. ၃၂၅ | ၂၀ | ၂၁. ၅၁၈ | ၂၁. ၅၀၈ | ၂၉ | ၁၃၁. ၃၉ | ၄၄. ၈၁၇ | ၈၆. ၅၈၃ |
| ဂ | ကုလသမဂ္ဂအဖွဲ့ အစည်းများ | ၂၀ | ၇၂၅ | ၁၁၃၂. ၄၁၅ | ၁၀၃၇. ၄၃၉ | ၆၁၁ | ၇၄၈. ၀၆၄ | ၇၃၆. ၂၆၄ | ၁၁၄ | ၃၈၄. ၃၅၁ | ၃၀၁. ၁၇၅ | ၉၄. ၉၇၆ |
| ဃ | နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများ | ၁၀၆ | ၁၆၂ | ၅၄၅. ၉၀၃ | ၄၃၀. ၆၈၀ | ၅၆ | ၂၂၆. ၂၁၀ | ၂၂၉. ၄၈၀ | ၁၀၆ | ၃၁၉. ၆၉၃ | ၂၀၁. ၂၀၀ | ၁၁၅. ၂၂၃ |
| င | အခြား | ၅ | ၁၁ | ၅. ၆၈၀ | ၃. ၂၅၈ | ၅ | ၃. ၄၄၁ | ၃. ၀၃၂ | ၆ | ၂. ၂၃၉ | ၀. ၂၂၆ | ၂. ၄၂၂ |
| | စာရင်းပေါင်းချုပ် | ၁၆၀ | ၁၂၇၀ | ၃၈၄၆. ၉၉၈ | ၂၅၀၄. ၅၁၄ | ၈၃၈ | ၁၆၇၂. ၂၂၁ | ၁၆၅၄. ၅၀၀ | ၄၃၂ | ၂၁၇၄. ၇၇၇ | ၈၅၀. ၀၁၄ | ၁၃၄၂. ၄၈၄ |

**ဇစ်မြစ်- ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ**

ဆောင်ရွက်ပြီးလုပ်ငန်းများမှာ နိုင်ငံအချင်းချင်းအနေဖြင့်ဆောင်ရွက်ပြီး လုပ်ငန်းစီမံချက် ၁၄၆ ခု၊ ဆက်လက်ဆောင်ရွက်ဆဲ လုပ်ငန်းစီမံချက် ၁၇၇ ခုမှ ရရန်ကျန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၄၃ ဒသမ ၂၈၁ သန်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်ပြီး လုပ်ငန်းစီမံချက် ၂၀၊ ဆက်လက်ဆောင်ရွက်ဆဲ လုပ်ငန်းစီမံချက် ၂၉ ခုမှ ရရန်ကျန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈၆ ဒသမ ၅၈၃ သန်း၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းအနေဖြင့် ဆောင်ရွက်ပြီး လုပ်ငန်းစီမံချက် ၆၁၁ ခု၊ ဆက်လက်ဆောင်ရွက်ဆဲ လုပ်ငန်းစီမံချက် ၁၁၄ ခုမှ ရရန်ကျန်တန်ဖိုး အမေရိကန် ဒေါ်လာ ၉၄ ဒသမ ၉၇၆ သန်း၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်ပြီးလုပ်ငန်းစီမံချက် ၅၆ ခု၊ ဆက်လက်ဆောင်ရွက်ဆဲ လုပ်ငန်းစီမံချက် ၁၀၆ ခုမှ ရရန်ကျန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၅ ဒသမ ၂၂၃ သန်း၊ အခြားအဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်ပြီး လုပ်ငန်းစီမံချက်ငါးခု၊ ဆက်လက်ဆောင်ရွက်ဆဲ လုပ်ငန်းစီမံချက် ခြောက်ခုမှ ရရန်ကျန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၂၂ သန်း ဖြစ်ပါသည်။

ထိုကြောင့် စုစုပေါင်းအနေဖြင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်း အရေအတွက် ၁၆၀ ၊ စီမံချက်ပေါင်း ၁၂၇၀ ခု၊ စီမံချက်တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၈၄၆ ဒသမ ၉၉၈ ဆောင်ရွက်ခဲ့ရာ ဆောင်ရွက်ပြီး စီမံချက်ပေါင်း ၈၃၈ ခုအတွက် ဆောင်ရွက်ပြီး စီမံချက်တန်ဖိုး အမေရိကန်ဒေါ်လာသန်းပေါင်း ၁၆၇၂ ဒသမ ၂၂၁နှင့် ဆောင်ရွက်ဆဲ လုပ်ငန်းပေါင်း ၄၃၂ ခုအတွက် ဆောင်ရွက်ဆဲ စီမံချက်တန်ဖိုး အမေရိကန် ဒေါ်လာသန်းပေါင်း ၂၁၇၄ ဒသမ ၇၇၇ ရှိပါသည်။

ဆက်လက်၍ နိုင်ငံခြားအကူအညီအထောက်အပံ့ရယူရန် နိုင်ငံခြား အကူအညီအထောက်အပံ့ ဗဟိုကော်မတီမှ ခွင့်ပြုထားသည့် လုပ်ငန်းစီမံချက် ၄၃ ခုကို နိုင်ငံပေါင်းခြောက်နိုင်ငံ၊ သက်ဆိုင်ရာဝန်ကြီးဌာန ၁၂ ခုနှင့် အဖွဲ့အစည်းနှစ်ခုတို့မှ လက်မှတ်ရေးထိုးဆောင်ရွက်ရန်လည်း ညှိနှိုင်းလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**မကွေးမြို့နယ် ကန်သာကြီးကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ၌ မတ် ၁၆ ရက်က ဖြစ်ပွားခဲ့သော မီးလောင်မှုကြောင့် မီးဘေးသင့်ခဲ့သောပြည်သူများ ယာယီနေထိုင်နိုင်ရန်အတွက် ၁၀ ခန်းတွဲ တန်းလျားများကို ညောင်ပင်သာဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောက်လုပ်ပေးနေသည်ကို မတ် ၂၀ ရက်က တွေ့ရစဉ်။** သန်းနိုင်ဦး(ငဖဲ)



## သတင်းတိုများ

### ဖျာပုံမြို့ ကျိုက္ကမွှမ်စေတီတော်ကြီး ဗုဒ္ဓပူဇနိယပွဲတော် စည်ကားစွာ ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ အမှတ်(၁၈)ရပ်ကွက်ရှိ သမိုင်းဝင် ကျိုက္ကမွှမ်စေတီတော်ကြီး(လိပ်ဥကုန်းစေတီတော်)၌ နှစ်စဉ်ကျင်းပသည့် ဗုဒ္ဓပူဇနိယပွဲတော်ကို ယခုနှစ် မတ် ၁၅ ရက်မှ ၂၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။ ပွဲတော်ရက်များအတွင်း စေတီတော်ကြီးကို ပန်းရထားဖြင့် ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်း၊ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်း၊ ငါးရက်တိုင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း စသည့် ဗုဒ္ဓပူဇနိယအစီအစဉ်များဖြင့် ပူဇော်ကာ ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။ ကျိုက္ကမွှမ်စေတီတော်ကြီးကို သက္ကရာဇ် ၉၀၀ ခုနှစ်တွင် ဟံသာဝတီပြည့်ရှင် မွန်ဘုရင် သုရှင်တကာရွတ်ပိ၏ မိဖုရားကြီးက တည်ထားခဲ့ခြင်းဖြစ်ပြီး ဖျာပုံမြို့တွင် ဦးဆုံးတည်ထားခဲ့သည့် စေတီတော်ဖြစ်ကြောင်း၊ ဘုရားပွဲတော်ကိုလည်း နှစ်စဉ်ကျင်းပပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူများ၊ ဈေးရောင်း ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

### သက်ကြီးအားကစားသမားများ ချစ်ကြည်ရေးဘောလုံးကစား

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ရန်ကြီးအောင်အားကစားကွင်း၌ မုံရွာခရိုင်နှင့် ရွှေဘိုခရိုင်တို့မှ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်လက်ရွေးစင် သက်ကြီးအားကစားသမားများ ချစ်ကြည်ရေး ဘောလုံးပွဲကို မတ် ၂၀ ရက်က ကျင်းပခဲ့ရာ မုံရွာခရိုင်အသင်းက ရွှေဘိုခရိုင်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ညပိုင်းတွင် ဘောလုံးကွင်း၌ ညစာစားပွဲ ကျင်းပခဲ့သည်။ “အခုလိုဘောလုံးပွဲတွေ မကြာခဏလုပ်ပေးသင့်တယ်။ ကလေးတွေ ပညာလည်းရတယ်၊ အသက်ကြီးပေမယ့် မိနစ် ၉၀ လုံးလုံး ကစားသွားတဲ့ ဝါရင့်သက်ကြီးဘောလုံးကစားတွေကို ချီးကျူးပါတယ်”ဟု ဘောလုံးဝါသနာရှင်တစ်ဦးက ပြောသည်။ **ခင်ဦးစိုးဝေ**

## တာမွေမြို့နယ်တွင် စာကြည့်တိုက်ဝန်ဆောင်မှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးကြီးမှူး၍ မြို့နယ်အတွင်းရှိ ကျောင်းစာကြည့်တိုက်များ၊ ရပ်ကွက်အခြေပြုစာကြည့်တိုက်များ၏ စာကြည့်တိုက်လုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ဆောင်မှုကောင်းမွန်စေရန်အတွက် စာကြည့်တိုက်များဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်၌ မတ် ၁၇ ရက်နှင့် ၁၈ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမောင်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်လှလှမြင့်က အလုပ်ရုံဆွေးနွေးပွဲပြုလုပ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့်သုတပညာဌာနမှ ကထိက(ငြိမ်း)ဒေါ်ဌေးဌေးဝင်းက စာကြည့်တိုက်များဝန်ဆောင်မှုအကြောင်းနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၈ ရက်တွင်လည်း ဆက်လက်ကျင်းပခဲ့ပြီး ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နှင့် သုတပညာဌာနမှ ကထိက ဦးဇော်အောင်ထွတ်က ဆက်လက်ဆွေးနွေးခဲ့ရာ ဆွေးနွေးပွဲမှရရှိသော အကျိုးရလဒ်များကို စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ လက်တွေ့နယ်ပယ်တွင်ဆောင်ရွက်ရာ၌ အကျိုးရှိစွာ အသုံးချသွားမည်ဖြစ်ကြောင်း၊ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ပညာရေးဌာနမှ စာကြည့်တိုက်တာဝန်ခံ ၁၅ ဦး၊ ရပ်ကွက်အခြေပြုစာကြည့်တိုက်များမှ တာဝန်ခံ ၁၀ ဦး တက်ရောက်ဆွေးနွေးခဲ့သည်။ **(လှလှ)**

# ပြည်ထောင်စု အခွန်အကောက်ဥပဒေနှင့် အခွန်ဆိုင်ရာရှင်းလင်းပွဲ ကျင်းပ

**မိုင်းဖြတ် မတ် ၂၂**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စတင်အကျိုးသက်ရောက်မည့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ ပြုပြင်ပြောင်းလဲမှုများနှင့် အသစ်ပြဋ္ဌာန်းလိုက်သော အထူးကုန်စည်ခွန်ဥပဒေများကို အခွန်ထမ်းပြည်သူများ သိရှိနားလည်ပြီး လိုက်နာဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၆ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အခွန်ဆိုင်ရာရှင်းလင်းပွဲကို ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့ အထက မိုင်းဖြတ်ကျောင်း၌ မတ် ၂၀ ရက်က ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်ဝိုင်းသက်ဦးက အမှာစကားပြောကြားပြီး ပြည်တွင်းအခွန်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်က ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အခွန်ဆိုင်ရာကိစ္စရပ်များ၊ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ရှင်းလင်းပွဲသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ အခွန်ထမ်းပြည်သူများ တက်ရောက်ခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# မုံရွာမြို့၌ ကျောင်းဆောင်သစ်များ ထပ်မံဖွင့်လှစ်

**မုံရွာ မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အထက(၂)ကျောင်း၌ တည်ဆောက်ပြီးစီးခဲ့သော ရွှေပြည်သာ လေးထပ်စာသင်ဆောင်သစ် ဖွင့်ပွဲကို မတ် ၂၀ က ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် ကျောင်းဆောင်သစ်ကို အထက(၂)ကျောင်းမှ ထူးချွန်ကျောင်းသားကျောင်းသူ သုံးဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ခဲ့သည်။ လေးထပ်ကျောင်းဆောင်သစ်သည် အလျားပေ ၁၄၀၊ အနံ ပေ ၃၀၊ အမြင့် ၄၃ ပေရှိကာ စာသင်ခန်း ၁၂ ခန်းနှင့် ဟောခန်းနှစ်ခန်း ပါဝင်ကြောင်း၊ အဆိုပါကျောင်းဆောင်သစ်ကို နိုင်ငံတော်မတည်ငွေ ကျပ်သိန်း ၁၆၈၀ နှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၊ ကျောင်းသား ကျောင်းသူဟောင်းများနှင့် ဆရာဆရာမများ စုပေါင်းထည့်ဝင်ငွေ ကျပ် ၈၈၂ သိန်း စုစုပေါင်း ငွေကျပ် ၂၅၆၂ သိန်းဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ကျောင်းသား ကျောင်းသူများ ပညာသင်ယူမှု အဆင်ပြေစေရေးအတွက် ကျောင်းဆောင်သစ်များ တည်ဆောက်ဖွင့်လှစ်လျက်ရှိရာ အထက(၁)ကျောင်းတွင်လည်း နိုင်ငံတော်နှင့် ပြည်သူများ စုပေါင်းထည့်ဝင်ငွေ ကျပ်သိန်း ၁၄၅၀ ဖြင့် ရွှေပြည်အေး သုံးထပ်စာသင်ဆောင်၊ အထက(၃)တွင် နိုင်ငံတော်နှင့် ပြည်သူများ စုပေါင်းထည့်ဝင်ငွေ ကျပ် ၂၆၉ ဒသမ ၃၀၃ သန်းဖြင့် သုံးထပ်စာသင်ဆောင်၊ အထက(၆) တွင် နိုင်ငံတော်နှင့် ပြည်သူများ စုပေါင်းထည့်ဝင်ငွေကျပ် ၄၁၉၄ သိန်းဖြင့် သုံးထပ်စာသင်ဆောင် နှစ်ဆောင်တို့ကို ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများဖွင့်လှစ်

**ကျိုင်းတုံ မတ် ၂၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရှမ်းပြည်နယ်ရုံးခွဲနှင့် ကျိုင်းတုံခရိုင်ရုံးခွဲသစ်များကို မတ် ၂၀ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ရုံးခွဲမှ ဦးစီးမှူး ဦးမျိုးအောင်က ရုံးခွဲသစ်များ ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အောင်ဇော်အေး၊ ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမောင်မောင်ဝင်းနှင့် ကျိုင်းတုံခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦးတို့က ရုံးသစ်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင်ငွေက ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ခဲ့သည်။

**နိုင်ဇာ(ယောမြေ)**

# ကြက်သွန်နီအထွက်နှုန်းကောင်းသော်လည်း ဈေးနှုန်းကျဆင်းနေသဖြင့် စလင်းမြို့နယ်အတွင်းမှ ကြက်သွန်စိုက်တောင်သူများ အခက်တွေ့နေ



**စလင်း မတ် ၂၂**

စလင်းမြို့နယ်အတွင်းရှိ စလင်းချောင်းပတ်ဝန်းကျင် ဒေသများမှ ကြက်သွန်နီစိုက်ပျိုးသော တောင်သူများ၏ စိုက်ခင်းများတွင် ကြက်သွန်နီအထွက်နှုန်း ကောင်းသော်လည်း ယခု ကြက်သွန်များ တူးဖော်ရောင်းချချိန်တွင် ဈေးနှုန်းကျဆင်းနေသဖြင့် ဈေးကောင်းမရသောကြောင့် ကြက်သွန်စိုက်တောင်သူများ အခက်တွေ့လျက်ရှိကြောင်း သိရသည်။

ပေါင်းဆည်ကျေးရွာမှ ကြက်သွန်စိုက်တောင်သူ ကိုဇော်မင်းနိုင်က "အခုနှစ် ကြက်သွန်(ရွှေဝါ) တစ်ပိဿာကို ၃၃၀ ကျပ်ပဲ ရပါတယ်။ ပြီးခဲ့တဲ့နှစ်က အနည်းဆုံး ၄၀၀ ကျပ်အထိ ရတယ်။ ကျွန်တော်တို့ ရွာဘက်က တစ်နေ့ကို ကြက်သွန်ပိဿာ ၂၀၀၀ ကျော်အထိ စလင်းမြို့မဈေးနားက အဝယ်ဒိုင်ကို နေ့စဉ် လာရောက်ရောင်းချကြတယ်။ ဒိုင်ဆီမှတစ်ဆင့် လက်လီ/လက်ကား ပြန်ဖြန့်ရောင်းတော့ ၃၅၀ ကနေ ၄၀၀ ကျပ်အထိ ပြန်ရောင်းကြတယ်၊ ကြက်သွန်ဈေးမကောင်းတော့ စိုက်စရိတ်သာသာပဲရတယ်။ အထွက်နှုန်းကောင်းပေမယ့် အမြတ်နည်းတာပေါ့" ဟု ပြောသည်။

စလင်းချောင်းအနီးဝန်းကျင် ကျေးရွာများဖြစ်သည့် ပေါင်းဆည်ကျေးရွာ၊ အောက်လှိုင်းကျေးရွာ၊ ပိန္နဲပင်ကျေးရွာ၊ ငလင်းပန်းကျေးရွာများတွင် ချောင်းအတွင်းရှိ သဲမြေနုများပေါ်၌ ပြီးခဲ့သည့် ဆောင်းရာသီသီးနှံအဖြစ် ကြက်သွန်ကို အဓိကထား၍ စိုက်ပျိုးခဲ့ကြကြောင်း၊ ယခု တပေါင်းလဆန်းမှစ၍ ကြက်သွန်များတူးဖော်ကာ စလင်းမြို့မဈေးရှိ အဝယ်ဒိုင်များထံသို့ ပို့ဆောင်ရောင်းချရာတွင် ဈေးကောင်းမရသဖြင့် တောင်သူများမှာ စိုက်ပျိုးစရိတ်နှင့် ကြက်သွန်မျိုးကုန်ကျငွေခန့်ကိုသာ ပြန်လည်ရရှိကြပြီး အမြတ်နည်းပါးသောကြောင့် အဆင်မပြေကြကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# မုံရွာခရိုင်အတွင်းရှိတောင်သူများ စိုက်ပျိုးရေကို စနစ်တကျသုံးစွဲရန် လိုအပ်

**မုံရွာ မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ စိုက်ပျိုးရေးလုပ်ငန်းများ၏ စိုက်ပျိုးရေလိုအပ်ချက်ကို ဆည်၊ မြစ်ရေတင်၊ ချောင်း၊ တမံ၊ ရေလှောင်ကန်၊ ရေလျှံတွင်း၊ တောင်သူပိုင်တွင်း စသည်တို့မှ ရယူသုံးစွဲလျက်ရှိရာ ယခုနှစ် နွေရာသီတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူချိန်များမြင့်တက်ပြီး ရေရှားပါးမှုဖြစ်နိုင်သဖြင့် စိုက်ပျိုးရေအခက်အခဲ မဖြစ်ပေါ်စေရန် စိုက်ပျိုးရေများကို စနစ်တကျ သုံးစွဲကြရန်လိုအပ်ကြောင်း သိရသည်။

"အခုနှစ် နွေရာသီက ပုံမှန်အပူချိန်ထက် ပိုပူပြီး ရေရှားပါးနိုင်တဲ့အတွက် တောင်သူတွေအနေနဲ့ စိုက်ပျိုးရေအတွက်အသုံးပြုမယ့် ဆည်၊ ချောင်း၊ ကန်၊ မြေအောက်ရေတွေကို စနစ်တကျ အလေအလွင့်မရှိ သုံးစွဲကြဖို့ လိုပါတယ်။ ဆည်ရေကိုသုံးမယ့် တောင်သူတွေအနေနဲ့တစ်ချိန်တည်း အနီးကပ်ဆုံး တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးကြဖို့၊ ရေသွင်းရင်လည်း တစ်ခင်းပြီးတစ်ခင်း မသွင်းဘဲ လက်ခြားမြောင်းတူးပြီး ရေသွင်းကြဖို့၊ စိုက်ပျိုးရေကို လိုသလောက်ပဲယူကြဖို့၊ ဆည်နဲ့ဝေးတဲ့ စိုက်ပျိုးမြေတွေမှာ ရေလိုနည်းတဲ့ သီးနှံတွေကို ဦးစားပေးစိုက်ပျိုးကြဖို့၊ မြေအောက်ရေအသုံးပြုတဲ့ တောင်သူတွေအနေနဲ့ သက်တမ်းတိုတဲ့ စပါးမျိုးတွေ၊ ရေလိုနည်းတဲ့ အခြားသီးနှံတွေကို ဦးစားပေးစိုက်ပျိုးကြဖို့နဲ့ ရေသွင်းစိုက်ပျိုးခြင်းထက် ရေဖျန်းစနစ်နဲ့ စိုက်ပျိုးကြဖို့၊ စိုက်ခင်းတွေမှာ ရေအစိုဓာတ်ကိုထိန်းနိုင်ဖို့ အပင်ခြေတွေမှာ သစ်ရွက်ခြောက်၊ ကောက်ရိုး၊ ပဲရိုးခြောက်တွေဖုံးအုပ်ထားဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတွေက ကျေးရွာတွေအရောက်ကွင်းဆင်းပြီး အသိပညာပေး ဟောပြောပွဲတွေ လုပ်ဆောင်ပေးနေပါတယ်" ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ဆည်ရေဖြင့် စိုက်ပျိုးထားသော မုံရွာမြို့နယ်အတွင်းမှ နွေစပါးစိုက်ခင်းများ။

မုံရွာခရိုင်အတွင်း၌ တောင်သူများ စိုက်ပျိုးရေကို စနစ်တကျ အလေအလွင့်မရှိ သုံးစွဲရေးအတွက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများက မြို့နယ်အလိုက် အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



# လယ်မြေဧက ၉၀၀ ကျော်ကို အကျိုးပြုနိုင်မည့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖွင့်

**မြင်းမူ မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ မြစ်ပေါက်(၂) ဝမ်းပြည့်လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို မတ် ၁၉ ရက်က စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ လယ်မြေဧက ၅၁၈ ဧကကို စိုက်ပျိုးရေပေးဝေနေပြီဖြစ်ကြောင်း သိရသည်။

မြစ်ပေါက်(၂) ဝမ်းပြည့်လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရတို့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၆၂၅ ဒသမ ၉၂ သန်းဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးခဲ့ခြင်းဖြစ်သည်။ မြစ်ပေါက်(၂) ဝမ်းပြည့်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ဧရာဝတီမြစ်ရေကို ရေပေါ်ရေတင်စက်ရုံဖြင့်တင်၍ ပင်မမြောင်းမကြီးနှင့် လက်တံမြောင်းလေးခုတို့ဖြင့် ရေပေးဝေခြင်းဖြစ်ပြီး ယခုအခါ ဝမ်းပြည့်၊ ဆိပ်သာနှင့် ဆပ္ပကုန်းကျေးရွာတို့မှ လယ်မြေ ၅၁၈ ဧကကို စိုက်ပျိုးရေများ ပေးဝေနေပြီဖြစ်သည်။ လာမည့်ဘဏ္ဍာရေးနှစ်များတွင် လယ်မြေဧက ၃၀၀ ကို ထပ်မံတိုးချဲ့၍ ရေပေးဝေသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြစ်ပေါက်(၂) ဝမ်းပြည့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်နှင့် တိုင်းဒေသကြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှူး ဦးချိုလတ်တို့ မတ် ၁၉ ရက်က ဖွင့်လှစ်ပေးခဲ့သည်။

**ဖိုးခါး(ပြန်/ဆက်)**


MPT
Moving Myanmar Forward
လိုတရ
Portal ကို
မြန်မာနိုင်ငံတစ်ဝန်းလုံးအတွက်
ဖွင့်လှစ်လိုက်ပါပြီ
နိုင်ငံခြားသွားဖို့လား?
အမ်ပီတီရဲ့လိုတရပေါ်တယ်မှ သင့်ရဲ့ဘတ်ဂျက်ကိုကူညီစီမံနိုင်ရန်
ငွေကြေး ၃၈ မျိုးပါဝင်သော နိုင်ငံခြားငွေလဲနှုန်းသတင်းတွေကို
အခမဲ့ စီစဉ်ပေးနေပါပြီ
အမ်ပီတီရဲ့ လိုတရပေါ်တယ်မှာ
မိုးလေဝသသတင်းတွေကို အခမဲ့ရယူပြီး
ရာသီဥတုဒဏ်ကို ကာကွယ်ရှောင်ရှားနိုင်ပါတယ်
lotayamm.com
MORE
35
ရန်ကုန်
1,219.00 Ks/$
အခမဲ့ ဝန်ဆောင်မှုများ
News
Back
Forward
Home
Bookmarks
Tabs
ခေတ်မီတဲ့နောက်ဆုံးပေါ်ဖက်ရှင်တွေနဲ့ အတူရှိနေခြင်းဟာ
လူတွေကြားထဲမှာ ကျွန်မကိုထင်ပေါ်စေတယ်လေ
ဖုန်းနဲ့ရရှိထားသော နောက်ဆုံးရစီးပွားရေးသတင်းတွေက
ကျွန်တော်ရဲ့ လုပ်ငန်းတွေကို
အကောင်းဆုံးလုပ်နိုင်တဲ့ ယုံကြည်မှုတွေရရှိလာစေတယ်
ဂိုးးးးးး ! သင့်ရဲ့ဖုန်းဖြင့်
အားကစားသတင်းတွေကို
ဦးဆုံးတိုက်ရိုက်ရယူသိရှိနိုင်ပါပြီ
ဖျော်ဖြေရေးသတင်းတွေနဲ့
ဟာသအစီအစဉ်တွေကို ဝင်ရောက်ကြည့်ရှုခြင်းက
ကျွန်မရဲ့နေ့ရက်တွေကို ပြုံးပျော်စေပါတယ်
အနာဂတ်က မသေချာမှုတွေနဲ့ ပြည့်နှက်နေပေမယ့်လည်း
ကျွန်မရဲ့နေ့ရက်အများဆုံးမှာ ဘာတွေပြုလုပ်ရမလဲဆိုတာ
ဇာတာခွင်မှာကြည့်ခြင်းအားဖြင့်သိနိုင်ပြီလေ
အောင်မြင်ကျော်ကြားစေမယ့် အကြောင်းအရာတွေကို သိချင်ပါသလား။
ခေတ်ရေစီးကြောင်းတစ်လျှောက် လူကြိုက်များသူတို့ရဲ့
ဘဝအကြောင်းတွေကို ရယူသိရှိနိုင်ပါတယ်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

## သဗ္ဗညု ပုထိုးတော်ကြီး(ရန်ကုန်)အလှူရှင်များအား ဖိတ်ခေါ်ခြင်း




ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကျောက်ရေတွင်းတောင်ပိုင်း၊ သုခလမ်းနှင့် ဓမ္မပါလလမ်းပေါ်တွင်ရှိသော တန်ခိုးကြီး သဗ္ဗညုပုထိုးတော်ကြီး၏ (၁၄)ကြိမ်မြောက် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဓမ္မသကစာသင်တိုက်နှင့် သဗ္ဗညုပုထိုးတော်ကြီးကို တည်ထားကိုးကွယ်တော်မူသော အဘွားလေး ဒေါ်ဓမ္မေသီ၏တပည့် ဒါယကာ၊ ဒါယိကာမများ ဖြစ်ကြသော သဗ္ဗညုယောဂီအဖွဲ့နှင့် ညီမရင်း ဒေါက်တာဒေါ်ပညာသိရီက အောက်ပါလုပ်ငန်းစဉ်များကို စီစဉ်ဆောင်ရွက် ဆက်လက်အကောင်အထည် ဖော်လျက်ရှိပါကြောင်း –

၁။ သဗ္ဗညုပုထိုးတော်ကြီးအား (လုံးတော်ပြည့်)အချောသတ်ခြင်းနှင့် ဆေးဖြူသက်န်း ဆက်ကပ်ပူဇော်ရန်= (၁၀)ပေပတ်လည်တကွက်ကို ကျပ်(၁)သိန်း။

၂။ အထက်ပစ္စယံစေတီတော်အတွင်း ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ကျပ်(၅)သိန်းနှင့် ထီးတော်တစ်ဆူကို ကျပ်(၁၀)သိန်းတင်ရန်။

၃။ အထက်ပစ္စယံ လျှပ်စစ်ဆလိုက်မီးတစ်လုံးကို ကျပ်(၁)သိန်းနှင့် LED မီးချောင်းတစ်စုံကို ကျပ်(၁)သောင်း။ နေ့စဉ် လျှပ်စစ်မီးထွန်းညှိပူဇော်နိုင်ရန် ကျပ်(၁)သောင်း။

၄။ ဂန္ဓကုဋီတိုက်အတွင်း သစ္စာမဏ္ဍိုင်တိုင် ဗုဒ္ဓရုပ်ပွားတစ်ဆူကို ကျပ်(၁)သိန်းနှင့် ကျောက်ပြားခင်းတစ်ချပ်ကို ကျပ်(၁)သောင်း ပူဇော်ရန်။

၅။ အဝင်/အထွက် သဗ္ဗညုပုထိုးတော်ကြီး ကမ္ပည်းတင် မုခ်ဦးကြီးပြုလုပ်ရန်နှင့် ကွန်ကရစ်ကားလမ်း/တံတားတည်ဆောက်ရန် (၁၀)ပေပတ်လည် တကွက်ကို ကျပ်(၁)သိန်း။

၆။ ဘုရားပရိဝုဏ် မဟာရံ အုတ်တံတိုင်းတစ်ခန်းကို ကျပ်(၁၀)သိန်းနှင့် ကမ္ဗဋ္ဌာန်းခန်းတစ်ခန်းကို ကျပ်သိန်း(၃၀) ကမ္ပည်းထိုးလှူဒါန်းရန်။

၇။ ရင်ပြင်တော် နေပူခံကျောက်ပြားတစ်ချပ်ကို ကျပ်(၁)သောင်းခင်းရန်နှင့် သောက်တော်ရေအိုးစင် ကျပ်သိန်း(၃၀) ကမ္ပည်းထိုး၍ တည်ဆောက်ရန်။

၈။ မုခ်လေးဖက်တွင် တန်ဆောင်းပြသာဒ်နတ်လမ်း ကျပ်သိန်း(၃၀) ကမ္ပည်းထိုး၍ တည်ဆောက်ရန်။

၉။ နဂါးရုံဘုရားကြီးဂြိုဟ်ပြေနာမ်ပြေအာရုံခံတန်ဆောင်း နေ့နံအလိုက် ရေသပ္ပါယ်ဂြိုဟ်တိုင်၊ နံသာတိုင်အိုး တည်ဆောက်ရန်။

၁၀။ အုတ်တစ်ချပ် (၉၀)ကျပ်၊ ဘိလပ်မြေတစ်အိတ်ကျပ်(၆၀၀၀)၊ သဲကားတစ်စီး ကျပ်(၁)သောင်း၊ မိမိဆန္ဒအလျောက်လှူနိုင်သည်။

၁၁။ သဗ္ဗညုပုထိုးတော်ကြီးအနီး၌ **သဗ္ဗညုရတနာ** အမည်တွင်သော သိမ်သမုတ်အောင်ပြီးပါပြီ။ သိမ်ဆောက်လုပ်လှူဒါန်းရန်။

၁၂။ ဘုရားကျောင်းတော်ကြီးတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်ကြီးများ ပြုပြင်မွမ်းမံရွှေသက်န်း ဆက်ကပ်ပူဇော်ရန်ဖိတ်ခေါ်ခြင်း၊ အလောင်းစည်သူမင်းကြီးကောင်းမှု စည်သူပန်မြတ်စွာ ဘုရားကြီး၊ အနော်ရထာမင်းကြီးကောင်းမှုဘုရားကြီး၊ တန်ခိုးတော်အဖုံဖုံ၊အရွယ်တော်အစုံ မြတ်စွာဘုရားရှင်များပြုပြင်မွမ်းမံ ရွှေသက်န်းဆက်ကပ်ကမ္ပည်းထိုးပူဇော်ရန်၊ ရွှေအစစ်သက်န်း ၂လက္ခပတ်လည် တစ်ချပ်ကို (၃၆၀)ကျပ်၊ အချပ်ရေပေါင်း(၃၀၀၀၀)ပူဇော်ရမည်ဖြစ်ပါကြောင်း၊ မိမိဆန္ဒအလျောက် လှူနိုင်ပါသည်။ စသည်လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါကြောင်း သဒ္ဓါကြည်လင် ပါရမီရှင်အပေါင်းတို့အား ဘုရားဖူးကြွလာ ကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။

အထက်ဖော်ပြပါ ကုသိုလ်ရှင်များအား(**April 6, 2016**) နံနက်(၉)နာရီတွင် အလှူတော်ငွေပေးအပ်ပွဲ၊ ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခြင်းနှင့် ကုသိုလ်ကောင်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေကြမည်ဖြစ်ပါကြောင်း ကိုယ်တိုင်ကြွရောက် ရွှေချယ်မှတ်တမ်းတင် ကမ္ပည်းထိုးလှူဒါန်းကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နိုးဆော်တိုက်တွန်း အပ်ပါသည်။

**ဆက်သွယ်နိုင်သောဖုန်းနံပါတ် – ဒေါက်တာ ဒေါ်ပညာသိရီ –၀၉ ၇၃၁ ၅၂၁၁၂၊ ၀၉ ၈၆၂ ၁၁၃၀၊ ၀၉ ၄၅၀၀၄၆၂၉၀**

**မြောက်ဥက္ကလာ ကမ္ဘောဇဘဏ်PINNYA SIRI – KBZ Bank(Account No.0701210008223)ဘဏ်စာရင်းသို့ နီးစပ်ရာဘဏ်၌ ထည့်သွင်းလှူဒါန်းနိုင်ပါသည်။**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1B/4056, NISSAN CONDOR, LIGHT TRUCK (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းလွင် ၁၁/ကဖန(နိုင်)၀၈၇၀၅၇က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၅၈၃၅၂၊ Yamaha Tricker 250 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမြတ်အေး ၉/အမရ(နိုင်) ၁၀၉၂၀၀က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၈၄၁၈၈၊ Adixin Scoopyi 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝင်းအောင် ၉/ကဆန(နိုင်)၁၀၅၀၃၇က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

---

## ရွှေစင်တိပိဋကရေဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ၏ သက်တော်(၄၈)နှစ်ပြည့် မွေးနေ့အလှူတော်မင်္ဂလာနှင့် အတုလပါရမီရွှေစေတီ၊ အတုလမင်္ဂလာရွှေစေတီတော်များ ရွှေထီးတော်အထွတ်တင် အလှူတော်မင်္ဂလာ မဟာအတုလဝေယံဘုံသာ တိပိဋကရွှေပါရမီ ကျောင်းတော် ကျောင်းလွှတ်ပူဇာအလှူတော်မင်္ဂလာ သိက္ခာထပ် ရဟန်းခံ ရှင်ပြု နားသ အလှူတော်မင်္ဂလာ

## ဖိတ်ကြားလွှာ

စစ်ကိုင်းမြို့နယ် မင်းကွန်းတောင်ရိုး တိပိဋက ဓမ္မနာဒပရိယတ္တိစာသင်တိုက်နှင့် မန္တလေးမြို့ ရွှေစင်တိပိဋက ရွှေလရောင်ကျောင်းတိုက်၊ ပြင်ဦးလွင်မြို့ အောင်ချမ်းသာအုပ်စု ဝါးဘိုးရေရွာ ရွှေစင်တိပိဋက ဓမ္မရိပ်သာ၊ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ရှမ်းစုရပ်ကွက် မဟာအတုလဝေယံဘုံသာ တိပိဋကရွှေပါရမီကျောင်းတော်ကြီးများ၏ ပဓာန နာယကဆရာတော်ဖြစ်တော်မူသော **နဝမမြောက် ရွှေစင်တိပိဋကရေဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ၏ သက်တော်(၄၈)နှစ်ပြည့် မွေးနေ့အလှူတော်မင်္ဂလာနှင့် သိက္ခာထပ်အလှူတော်မင်္ဂလာ**…

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးသင်းဖေလမ်းနေ **ရဟန်းဒါယကာကြီး ဦးထွဋ်လတ်–ရဟန်းဒါယိကာမကြီး သုဓမ္မသီဂီ ဒေါ်မြရွှေ (မိုးသောက်ရေသန့်နှင့် ပြည့်စုံချမ်းသာစီးပွားရေးလုပ်ငန်းစု)**မိသားစုတို့က သာသနာ့အာဇာနည်အရှင်မြတ်များ စဉ်ဆက်မပြတ် ပေါ်ထွက်စေရန် စိတ်ရည်သန်၍…

ရွှေစင်တိပိဋကရေဆရာတော်အား မင်္ဂလာဒုံမြို့နယ်၊ ရှမ်းစုရပ် ပြည်လမ်းမပေါ်၌ တည်ရှိသော **မဟာအတုလဝေယံဘုံသာ တိပိဋက ရွှေပါရမီကျောင်းတော်ကြီး**ကို ဆောက်လုပ်၍ လှူဒါန်းကြရာ ယခုအခါ ပြီးစီးအောင်မြင်ပြီ ဖြစ်ပါသဖြင့် **ကျောင်းလွှတ်ပူဇာအလှူတော်မင်္ဂလာနှင့် ဆွမ်းပဒေသာပင် သိန်း ၁၅၀၀ ကျပ် (သိန်းတစ်ထောင့်ငါးရာကျပ်) စိုက်ထူလှူဒါန်းခြင်း၊ အတုလပါရမီရွှေစေတီတော်၊ အတုလမင်္ဂလာရွှေစေတီတော်မြတ်တို့ကို ရွှေထီးတော်အထွတ်တင်လှူပူဇော်ခြင်း၊ မြေးလှရတနာတို့အား ရဟန်းခံ ရှင်ပြု နားသ အလှူတော်မင်္ဂလာ** ပြုလုပ်မည်ဖြစ်ပါသဖြင့် ကျွန်တော် ကျွန်မတို့နှင့် အတူတကွ ကြွရောက်ကြည်ညိုပူဇော်နိုင်ကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်။** ၂၄/၂၅/၂၆–၃–၂၀၁၆ ရက် ညများတွင် **ဗန်းမော်ဆရာတော်ကြီး** အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် **ပါမောက္ခချုပ်ဆရာတော်ကြီး၊ သီတဂူဆရာတော်ကြီး**တို့မှ တရားတော်များကိုဟောကြား ချီးမြှင့်ပါမည်။

၂၆/၂၇–၃–၂၀၁၆ ရက်များတွင် **ရွှေထီးတော်အထွတ်တင်လှူ ပူဇော်ခြင်း**နှင့် **ကျောင်းရေစက်ချ**အခမ်းအနားများ ကျင်းပပြုလုပ်ပါမည်။

**ဦးထွဋ်လတ်–သုဓမ္မသီဂီဒေါ်မြရွှေ**
**မိုးသောက်ရေသန့်၊ ပြည့်စုံချမ်းသာစီးပွားရေးလုပ်ငန်းစု**
**မိသားစု**

### တစ်ဦးတည်းဖြစ်ပါကြောင်း

စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း)၊မြေဆီလွှာနှင့် ရေသိပ္ပံပညာဌာနတွင် တာဝန်ထမ်းဆောင်နေသော ဒေါ်နိုနိုအောင်၏ ဖခင်အမည် ဦးကျော်အောင်(ခ) ဦးကျော်ကျော်အောင် ၁၃/ကမန(နိုင်)၀၆၇၁၂၇ ကိုင်ဆောင်သူမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျော်အောင်(ခ)ဦးကျော်ကျော်အောင်**

---

### အဘိဓဇမဟာရဋ္ဌဂုရု ဂုဏဝိသိဋ္ဌမင်္ဂလာနှိုးဆော်လွှာ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့

အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်သြဝါဒါစရိယ သက်တော်ရှည် ဆရာတော်ကြီး ဘန္ဒန္တကုဏ္ဍလ မဟာထေရ်မြတ်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ ၁/၂၀၁၆ ဖြင့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းဖြင့် အဘိဓဇဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနားကို ဆရာတော်ကြီး၏ တပည့်သံဃာကြီးငယ်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများမှ ၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက် ၂၉–၃–၂၀၁၆ ရက် (အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် မင်းလှမြို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက် ဗဟိုရ် ဓမ္မာရုံတော်၌ ပူဇော်ကျင်းပမည်ဖြစ်ပါသောကြောင့် ကြွရောက်ကြည်ညိုကုသိုလ်ယူကြလိုသူများ လာရောက်ပူဇော်ကုသိုလ်ယူနိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပူဇော်ပွဲကျင်းပရေးကော်မတီ**
**ဝေဠုဝန်ပရိယတ္တိစာသင်တိုက်**
**မင်းလှမြို့**

### ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တော ကျောင်းတိုက်၊ ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်၌ စာချ/ စာသင် သံဃာတော် အရှင် သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀ × ၆၇)အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင် လှူဒါန်း နိုင်ကြပါရန် နိဗ္ဗာန်ကို အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ | ပြတင်းတံခါးတစ်ပေါက် | ၁သိန်း |
| ၂။ | ၁၀ ပေပတ်လည် တစ်ကျင်းကြွေပြား | ၁သိန်း |
| ၃။ | အခန်းတံခါး | ၂သိန်း |
| ၄။ | ရေချိုးခန်း | ၃သိန်း |
| ၅။ | ကုဋီတစ်ခန်း | ၅သိန်း |
| ၆။ | အဝင်တံခါးမကြီးတစ်စုံ | ၇သိန်း |
| ၇။ | သံကူကွန်ကရစ်လှေကားတစ်စုံ | ၉သိန်း |
| ၈။ | သံဃာနှစ်ပါးနေတစ်ခန်း | ၁၀သိန်း |
| ၉။ | ရေတိုင်ကီတစ်လုံး | ၁၂သိန်း |
| ၁၀။ | သံဃာလေးပါးနေတစ်ခန်း | ၂၀သိန်း |
| ၁၁။ | မုခ်ဦး | ၃၀သိန်း |
| ၁၂။ | ဘုရားခန်း | ၅၀သိန်း |
| ၁၃။ | စာသင်ခန်းမဆောင် | ၁၀၀သိန်း |
| ၁၄။ | ဆွမ်းစားဆောင် | ၃၅၀သိန်း |
| ၁၅။ | ကျောင်းဆောင်တစ်ထပ် | ၁၀၀၀သိန်း |
| ၁၆။ | ကွန်ကရစ်တိုင်တစ်လုံး | ၃သိန်း |
| ၁၇။ | စာချဆရာတော်များနေတစ်ခန်း | ၂၅သိန်း |
| ၁၈။ | စာကြည့်တိုက် (စာကြည့်ခန်း) | ၁၀၀သိန်း |
| ၁၉။ | သံဃာတစ်ပါးနေရန်တစ်နေရာ | ၅သိန်း |

အလှူရှင်များကမ္ပည်းထိုးပေးပါမည်။
ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆၊ ၀၉-၂၆၃၆၂၉၃၂၆
ဦးတေဇိန္ဒ-ကမ္ဘောဇဘဏ်၊ ဗဟိုရ်စည်လမ်းမတော်
(Account No. 061-301-06100921001)
ရိုးမဘဏ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်
(Account No. 021-31-501798-9)ဘဏ်စာရင်းသို့နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်းဆက်သွယ်လှူဒါန်းနိုင်ပါသည်။

---

### ထားဝယ်ကောလိပ် ကျောင်းသား ကျောင်းသူဟောင်း သူငယ်ချင်းတို့ရေ…

ငါတို့ ကျောင်းသား၊ ကျောင်းသူဟောင်း သူငယ်ချင်းတွေရဲ့ ညစာစားပွဲကို ဧပြီ၁၉ရက် (အင်္ဂါနေ့) ည မောင်းမကန်ကမ်းခြေမှာ တွေ့ဆုံဖို့ စီစဉ်ထားပြီးပြီနော်၊ ခွဲခွာခဲ့တာ နှစ်ပေါင်းကြာခဲ့ပြီဖြစ်လို့ ပြန်တွေ့ကြရအောင် သူငယ်ချင်းတို့ရေ…၊ နိုင်ငံတစ်နံတစ်လျားပျံ့နှံ့ရောက်နေကြတဲ့ သူငယ်ချင်းတို့ရေ…ဒီကျောင်းသားဟောင်းများသို့ အမြန်ဆုံးဆက်သွယ် ပေးကြပါနော်။

**ကိုမောင်အောင် ဖုန်း–၀၉–၇၈၉၇၇၇၇၃၅၊ ကိုမင်းလွင် ဖုန်း–၀၉–၅၁၈၁၀၇၆၊ ကိုကျော်လွင် ဖုန်း–၀၉–၂၆၁၉၁၀၀၁၀**

### CLAIMS DAY NOTICE
### M.V NOCC PAMPLONA VOY:NO(6)

Consignees of cargo carried by M.V NOCC PAMPLONA VOY:NO (6) are here by notified that the vessel will arrive on about 24-3-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်–

**ဖုန်း–၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2D/7125, HONDA FIT, S/W (4x2)® ,ယာဉ်လက်ဝယ်ရှိသူ ဦးနောင်ဇော်ဝင်း ၁၂/သဃက(နိုင်)၁၅၉၂၅၂က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၉၄၊ မြေကွက်အမှတ် ၁/ခB ၏ တစ်စိတ်တစ်ဒေသ ၁/ခB၁၄၀၊ မြေကွက်တည်နေရာအမှတ် ၈၄၈၊ အောင်စေတီ လမ်းသွယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်(ရွာမြေ)အမည်ပေါက် ရွာမြေအောင်စေတီ ဂရန်ပေးရေးစီမံချက်အတွင်းမှ ဧရိယာ ၂၉ ဒသမ ၅၃၆ ဧက၏ တစ်စိတ်တစ်ဒေသ ၀ဒသမ ၀၄၇ ဧကအား ဒေါ်ချိုချို ၁၂/လမန(နိုင်) ၁၁၀၅၇၆ နှင့် ဒေါ်သန်းသန်းမြင့် ၁၂/လမန(နိုင်)၁၁၀၇၅၆ တို့မှ တရားရုံးကျမ်းကျိန်လွှာ၊ နှစ်ဦးသဘောတူအိမ်ခြံမြေ အပြီးအပိုင်အရောင်းအဝယ်ငွေပေးချေသည့် အရပ်ကတိ စာချုပ်အဆက်အစပ်များတင်ပြီး အထူးဝန်ဆောင်ခ နှုန်းထားဖြင့် နှစ်၆၀ မြေငှားစာချုပ် ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထား များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ရွှေရတုမွေးနေ့ အထိမ်းအမှတ် ရှင်သာမဏေအပါးတစ်ထောင့်တစ်ရာ ရှင်ပြု၊ ရေစက်ချ အလှူတော် မှတ်တမ်းဓါတ်ပုံများ



# ကျေးဇူးဥပကာရအထူးတင်ရှိခြင်း

၂၀.၃.၂၀၁၆ တနင်္ဂနွေနေ့တွင် ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်တွင်ကျင်းပသော
ကျွန်တော်ဒေါက်တာအောင်ကျော်ဝင်း၏ ရွှေရတုမွေးနေ့ အထိမ်းအမှတ် ရှင်သာမဏေအပါး(၁၀၀၀) ရှင်ပြု
ရေစက်ချအလှူတော်မင်္ဂလာပွဲတွင် အလှူ့ရှင်မိသားစုတို့အား သာသနာ့နုဂ္ဂဟစတုပစ္စယဒါယကာ အဖြစ်ချီးမြှင့်ပေးသော
ရွှေကျင် နိကာယဓိပတိ ဥက္ကဋ္ဌမဟာနာယက ဓမ္မသေနာပတိ ရွှေကျင်နိကာယဗဟိုဌာနဆရာတော်ဘုရားကြီး၊
ဩဝါဒတရားတော်များချီးမြှင့်ပေးသောဝိဇ္ဇောတာရုံဆရာတော်ဘုရားကြီး၊ သူဌေးတန်းဆရာတော်ဘုရားကြီး၊ စည်ရှင်ဆရာတော်ဘုရားကြီး၊
ဝိဇ္ဇာလင်္ကာရဆရာတော်ဘုရားကြီး၊ အဝေရာရာမဆရာတော်ဘုရားကြီး၊ မစိုးရိမ်တိုက်သစ်ဆရာတော်ဘုရားကြီးတို့မှ
ရေစက်ချအနုမောဒနာတရားတော်ချီးမြှင့်ပေးသောပါမောက္ခချုပ်ဆရာတော်ဘုရားကြီး၊
အလှူတော်မင်္ဂလာ တလျှောက်တွင် ဩဝါဒတရားများကို ချီးမြှင့်ခြင်း၊ ရှင်သာမဏေအပါး(၁၀၀၀)အားပဗ္ဗဇ္ဇအမွေရှင်သာမဏေပြုခြင်း၊
ရှင်သာမဏေများအားဦးဆောင်၍ ကိုယ်တော်တိုင်ကြွရောက်ပြီး တန်းဆွမ်းအလှူခံခြင်း၊ အလှူ့ရှင်မိသားစု၊
ဝေယျာဝစ္စကုသိုလ် ဆောင်ရွက်ပေးသော ဓမ္မဒူတ မိဘ တူစုံ မောင်မယ်များ၊
ရွှေနန်းတော်စိန်ရွှေရတနာဆိုင်၊ Forever Gems By ရွှေနန်းတော်၊ Jewel Collection Manufacturing Co.,Ltd ၊ United GP Development Co.,Ltd ၊
68 Residence တို့မှ ဝန်ထမ်းမိသားစုတို့အား
ဩဝါဒတရားများနှင့်တရားအမေးအဖြေချီးမြှင့်ပေးသောဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်ဦးစီးပဓာနဆရာတော်ဒေါက်တာအရှင်ဆေကိန္ဒ၊
ရှင်သာမဏေအပါး(၁၀၀၀) ပြည့်မီအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ
ဘုန်းတော်ကြီးသင်ပညာရေးကျောင်း(၂၅)ကျောင်းမှ ဆရာတော်ကြီးများနှင့်ကျောင်းအကျိုးတော်ဆောင်များ၊
ရှင်သာမဏေအပါး(၁၀၀၀) ရှင်ပြုပွဲကြီးအတွက် အစစအရာရာကိုယ်တိုင်ကိုယ်ကျ ကြပ်မတ်ဆောင်ရွက်ပေးသော မိခင်ကြီးဒေါ်ခင်မြမြ၊
အခမ်းအနားသို့ လူကိုယ်တိုင်ကြွရောက်ပြီး ချီးမြှင့်ပေးသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှနာယကဘဘဦးတင်ဦးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊
တိုင်းဒေသကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ UMFCCI မှ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊
အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှနာယကဆရာမကြီးများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊
မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စီးပွားရေးနယ်ပယ်အသီးသီးမှလုပ်ငန်းရှင်ကြီးများ၊
ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်) မှ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊
တရုတ်ကုန်သည်ကြီးများအသင်းမှဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စဥ့်အိုးတန်း ခိန့်ဟုတ်ဘုရားကျောင်း ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊
ဘုန်းကြီးလမ်းရှိ ဟွမ်အမျိုးအနွယ် အသင်းမှဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်ဆေးတက္ကသိုလ်(၁)မှ ပါမောက္ခချုပ် ဒုတိယပါမောက္ခချုပ်နှင့်
ပါမောက္ခဆရာကြီး ဆရာမကြီးများ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခဆရာကြီး ဆရာမကြီးများ၊
ရှင်သန်ရေးကူညီမှုအသင်းမှဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဇီဝိတဒါနသံဃာ့ဆေးရုံ၊ ဘိုးဘွားရိပ်သာ၊ မျက်မမြင်ကျောင်း၊ နားမကြားကျောင်း၊
စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် ချောင်းမြီးတိုရွာမှ အလှူငွေလက်ခံပေးပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးသော ဆရာတော်ဘုရားကြီးနှင့်တကွ
သက်ဆိုင်ရာအသင်းအဖွဲ့များ၏ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အထက(၁)ဒဂုံမှကျောင်းနေဘက်သူငယ်ချင်းများ၊
ဆေးတက္ကသိုလ်များမှ ကျောင်းနေဘက်သူငယ်ချင်းများ၊ MBA မှ ကျောင်းနေဘက်သူငယ်ချင်းများ၊ MBE မှဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊
လေးကျွန်းသူအဖွဲ့မှ ညီအမများ၊ ဝိသာခါအဖွဲ့မှ ညီအမများ၊ Happy Friday မှ မိတ်ဆွေများ၊ ISY မှကျောင်းသားကျောင်းသူများ၊
ဝေယျာဝစ္စကုသိုလ် ဆောင်ရွက်ပေးသော ဓမ္မဒူတဆေကိန္ဒာရာမကျောင်းတိုက်မှ ဆရာတော်၏ ဒါယကာ၊ ဒါယိကာမ အဖွဲ့ဝင်များ၊
ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်း ဓနုဖြူ ဇလွန်၊ ကျိုက်လတ် မြို့နယ်တို့မှ မိတ်ဆွေများ၊ 7 Days ဂျာနယ်၊
Popular ဂျာနယ်၊ MRTV-4 ၊ Sky Net တို့မှတာဝန်ရှိပုဂ္ဂိုလ်များ၊ Social Media များဖြစ်သည့် Facebook, Viber, Skype, Whats App,
တို့မှ မွေးနေ့ဆုတောင်းပေးသော သူငယ်ချင်းမိတ်ဆွေများ၊ မွေးနေ့ပွဲကိုကိုယ်တိုင်မကြွရောက်နိုင်သော်လည်းမွေးနေ့ကိတ်များ ပန်းစည်းများ၊
လက်ဆောင်များပေးပို့သော မိတ်ဆွေသူငယ်ချင်းများ၊ ဖိတ်စာကို လှပခန့်ထည်အောင် ဒီဇိုင်းအသစ်ကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ပေးသော
Dagon ပုံနှိပ်တိုက်မှမိသားစုဝင်များ၊ ဓါတ်ပုံ Video စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မြင့်မြတ်စေတနာပရဟိတအသင်း(မှော်ဘီ)၊
ရွှေနန်းတော်စိန်ရွှေရတနာဆိုင်မိသားစု၏ Customer များ၊ ဝေယျာဝစ္စကုသိုလ်များကို အစမှအဆုံးတိုင်ဆောင်ရွက်ပေးသော
ရွှေနန်းတော်စိန်ရွှေရတနာဆိုင်၊ Forever Gems By ရွှေနန်းတော်၊ Jewel Collection Manufacturing Co.,Ltd ၊ United GP Development Co.,Ltd ၊
68 Residence တို့မှ ဝန်ထမ်းမိသားစုများတို့နှင့် တကွကျေးဇူးတင်ထိုက်သူ ပုဂ္ဂိုလ်အားလုံးတို့အား ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့်
အခမ်းအနားအစီအစဥ်တလျှောက်လုံးတွင် အဆင်မပြေမှုများ လိုအပ်ချက်များရှိပါကလည်း
မေတ္တာကိုရှေ့ထား နားလည်ခွင့်လွှတ်ပေးကြပါရန် ပန်ကြားအပ်ပါသည်။

**အလှူ့ဒါယကာ ဒေါက်တာအောင်ကျော်ဝင်း + အလှူ့ဒါယိကာမဒေါက်တာသက်သက်စိုင်**

**သမီးသက်ရတနာကျော်ဝင်း**

**ရွှေနန်းတော်စိန်ရွှေရတနာဆိုင်မိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ်ဝင်းမြင့် (ကာကွယ်ရေးဝန်ကြီးဌာန)
ကြည်း-၁၈၃၆၉၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆)
**အသက်(၅၆)နှစ်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အမှတ် ၃၀၉၈၊ ခတ္တာ (၈)လမ်း၊ ရာဇသင်္ဂဟအိမ်ရာ၊ အမှတ်(၂)နေ ဒေါ်သင်းသင်းသန်း၏ ခင်ပွန်းဖြစ်သူ ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ၂၀-၃-၂၀၁၆ရက်(တနင်္ဂနွေနေ့) ည ၁၀း၁၅နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြင့်လှိုင် (ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်ခင်သန့်စင်**

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ်ဝင်းမြင့် (ကာကွယ်ရေးဝန်ကြီးဌာန)
**အသက်(၅၆)နှစ်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အမှတ် ၃၀၉၈၊ ခတ္တာ(၈)လမ်း၊ ရာဇသင်္ဂဟအိမ်ရာ၊ အမှတ်(၂)နေ ဒေါ်သင်းသင်းသန်း၏ခင်ပွန်း ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ၂၀-၃-၂၀၁၆ရက် ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်မြင့်မြင့်သန်း**
**ဝန်ထမ်းမိသားစု**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ်ဝင်းမြင့် (ကာကွယ်ရေးဝန်ကြီးဌာန)
ကြည်း-၁၈၃၆၉၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆)
**အသက်(၅၆)နှစ်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အမှတ် ၃၀၉၈၊ ခတ္တာ (၈)လမ်း၊ ရာဇသင်္ဂဟအိမ်ရာ၊ အမှတ်(၂)နေ ဒေါ်သင်းသင်းသန်း၏ ခင်ပွန်းဖြစ်သူ ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ၂၀-၃-၂၀၁၆ရက်(တနင်္ဂနွေနေ့) ည ၁၀း၁၅နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်ဝန်ထမ်းမိသားစုများ**
**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ်ဝင်းမြင့် (ကာကွယ်ရေးဝန်ကြီးဌာန)
**အသက်(၅၆)နှစ်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အမှတ် ၃၀၉၈၊ ခတ္တာ (၈)လမ်း၊ ရာဇသင်္ဂဟအိမ်ရာ၊ အမှတ်(၂)နေ ဒေါ်သင်းသင်းသန်း၏ ခင်ပွန်းဖြစ်သူ ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ၂၀-၃-၂၀၁၆ရက် ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ဇော်မြင့်-ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြတ်မြတ်အုန်းခင်**
**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမိသားစု**

---

ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ်ဝင်းမြင့် (ကာကွယ်ရေးဝန်ကြီးဌာန)
**အသက်(၅၆)နှစ်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အမှတ် ၃၀၉၈၊ ခတ္တာ (၈)လမ်း၊ ရာဇသင်္ဂဟအိမ်ရာ၊ အမှတ်(၂)နေ ဒေါ်သင်းသင်းသန်း၏ခင်ပွန်း ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ၂၀-၃-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်-ဒေါ်ဝေဝေ မိသားစု**
**ပို့ဆောင်ရေးဝန်ကြီးဌာန**

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ်ဝင်းမြင့် (ကာကွယ်ရေးဝန်ကြီးဌာန)
ကြည်း-၁၈၃၆၉၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆)
**အသက်(၅၆)နှစ်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အမှတ် ၃၀၉၈၊ ခတ္တာ (၈)လမ်း၊ ရာဇသင်္ဂဟအိမ်ရာ၊ အမှတ်(၂)နေ ဒေါ်သင်းသင်းသန်း၏ခင်ပွန်း ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ၂၀-၃-၂၀၁၆ရက်(တနင်္ဂနွေနေ့)ည ၁၀း၁၅နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်ဝန်ထမ်းမိသားစုများ**
**အားကစားဝန်ကြီးဌာန**

---

## ဦးဝင်းအောင် အသက်(၇၅)နှစ်
**'ဗန္ဓာ'ကဖီး မြောင်းတကာ**

ရန်ကုန်တိုင်းဒေသကြီး၊ စဥ့်ငူရပ်ကွက်နေ (ဦးမောင်မောင်-ဒေါ်အုန်းမြိုင်) 'ဝင်း'ရွှေပန်းထိမ်တို့၏သား၊ ရန်ကုန်မြို့၊ မှော်ဘီမြို့နယ်၊ချော်ကုန်းကျေးရွာနေ (ဦးကျော်စိန်-ဒေါ်စိန်ခ)တို့၏သားသမက်၊ မှော်ဘီမြို့နယ်၊ မြောင်းတကာရွာဈေးပိုင်းနေ ဦးငွေဦး-ဒေါ်တင်တင်လှ၊ဦးအောင်ကျော်မြင့်-ဒေါ်သီသီဝင်း၊ ဦးမောင်ငွေး-ဒေါ်စီစီသင်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ (ဒေါ်တင်လှ)၏ ခင်ပွန်းသည် ၂၂-၃-၂၀၁၆ရက် နံနက် ၀၀း၁၁နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၃-၂၀၁၆ရက် မွန်းလွဲ ၁၂း၁၀နာရီတွင် မြောင်းတကာသုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## မောင်ဉာဏ်ထွန်း
**ရောဝတီဘဏ်လီမိတက်**
**ရန်ကုန်(၂၈)နှင်းဆီကုန်းဘဏ်ခွဲ**
**အသက်(၂၆)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈) ရပ်ကွက်၊ စည်ပင်ဝန်ထမ်းအိမ်ရာဝင်း၊ တိုက်(၁၁/ဘီ)၊အခန်း ၄၀၃နေ(ဦးဝင်းမြင့်)-ဒေါ်အေးသိန်း၊(ဦးအောင်သိန်း)-ဒေါ်သန်းကြည်တို့၏မြေး၊ ဦးမျိုးဝင်း-ဒေါ်တင်တင်သန်း(YCDC)တို့၏သား၊ ဦးစောဝင်း-ဒေါ်တင်တင်ဝင်း၊ ဦးစိန်ဝင်း-ဒေါ်သီသီထွန်းတို့၏တူ၊ မောင်အောင်ကျော်သူ(ဂူးဂူး)၏ အစ်ကိုကြီးသည် ၂၂-၃-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၃-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးဘကြည် အသက်(၇၆)နှစ်
**(ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ ခရိုက်သစ်ကျေးရွာ)**

မွန်ပြည်နယ်၊ဘီလူးကျွန်း၊ချောင်းဆုံမြို့နယ်၊ ခရိုက်သစ်ကျေးရွာနေ(ဦးတု-ဒေါ်ငြိမ်းရင်)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာ ၂ လမ်း၊ အမှတ် (၄၆/ခ)နေ ဒေါ်သိန်းသိန်း၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးထွန်းလူ-ဒေါ်ဥမ္မာမြင့်၊ ဒေါ်စိမ်းသူ၊ ဗိုလ်မှူးအောင်ဟိန်း-ဒေါ်သီရိခိုင်တို့၏ ချစ်လှစွာသောဖခင်၊ မထက်ထက်ထွန်း၏အဘိုးသည် ၂၂-၃-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၃-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၆နာရီမှ ၈နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးချုပ်ဝင်းမြင့်
**(ကာကွယ်ရေးဝန်ကြီးဌာန)**
**အသက်(၅၆)နှစ်**

မန္တလေးမြို့၊ ဆိုင်တန်းရပ်နေ ဦးသိန်းလွင်-(ဒေါ်နှင်း)တို့၏သားငယ်၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နေ (ဦးသန်းမောင်)-ဒေါ်အမာကြည်တို့၏သားသမက်၊ ဦးရဲမြင့်(AMAS)-ဒေါ်မာမာအေး၊ ဦးစိုးမြင့်တို့၏ညီ၊ ဦးတင်ငွေး-ဒေါ်ငွေးတင်နွယ်၊ (ဦးသောင်းနိုင်ငွေး)၊ ဦးအေးကျော်-ဒေါ်အေးအေးသန်း၊ ဦးဇော်လွင်-ဒေါ်ဝင်းသီတာတို့၏အစ်ကို၊ ဒေါ်တင်မာမာသန်း၊ ဦးစိုးမင်းသန်းတို့၏မောင်/ညီ၊ နေပြည်တော်နေ ဒေါ်သင်းသင်းသန်း၏ခင်ပွန်း၊ မောင်ရဲမင်းဦး၊ မခွန်းဆင့်သာတို့၏ဖခင် ဗိုလ်မှူးချုပ်ဝင်းမြင့် (ကာကွယ်ရေးဝန်ကြီးဌာန)သည် ၂၀-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည ၁၀း၁၅နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၆ရက် နံနက် ၁၁နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) နေပြည်တော်မှ တပ်မတော်မီးသင်္ဂြိုဟ်စက်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၂၆-၃-၂၀၁၆ရက် (စနေနေ့)တွင် နေပြည်တော်၊ ဥတ္တရသီရိမြို့၊ အမှတ် ၃၀၉၈၊ ခတ္တာ ၈လမ်း၊ ရာဇသင်္ဂဟအိမ်ရာ၊ အမှတ်(၂) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ်ဝင်းမြင့် (ကာကွယ်ရေးဝန်ကြီးဌာန)
ကြည်း-၁၈၃၆၉၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆)
**အသက်(၅၆)နှစ်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အမှတ် ၃၀၉၈၊ ခတ္တာ (၈)လမ်း၊ ရာဇသင်္ဂဟအိမ်ရာ၊ အမှတ်(၂)နေ ဒေါ်သင်းသင်းသန်း၏ ခင်ပွန်းဖြစ်သူ ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ၂၀-၃-၂၀၁၆ရက်(တနင်္ဂနွေနေ့) ည ၁၀း၁၅နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့်ဝန်ထမ်းများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယိကာမကြီး
## ဒေါ်သန်း(မအူပင်) အသက်(၁၀၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မင်းခေါင် ၂လမ်း၊ အမှတ်(၃၅၉/က)နေ (ဦးဖိုတ်-ဒေါ်ကြွားမယ်)တို့၏သမီး၊ (ဦးသိန်းနု)၏ဇနီး၊ ဦးလှမြင့်-ဒေါ်ခင်သိန်း၊ (ဦးခင်မောင်-ဒေါ်တင်)တို့၏အစ်မ၊ ဦးလှဝေ (အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ငြိမ်း)-ဒေါ်ခင်ခင်သိန်း၊ ဦးလှစိုး(ပြည်တွင်းရေကြောင်း-ငြိမ်း)-ဒေါ်တင်တင်ဝေတို့၏မိခင်၊ ဦးမောင်မောင်ခိုင်-ဒေါ်ကြည်ကြည်အေး၊ ဒေါ်မိမိခိုင်(ဆသရ)၊ ဒေါ်နုနုခိုင် I'tl EMS၊ ဦးဝင်းမော်(CP Ltd)-ဒေါ်ချိုချိုခိုင်(ကထိက၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးလှငွေး-ဒေါ်စံပယ်၊ ဦးလှထွဋ်၊ ဦးထွန်းအောင်ကျော်တို့၏အဘွား၊ မမြတ်သန္တာထက်၊ မမိုးသက်နှင်း၊ မောင်မင်းဝေယံအောင်တို့၏အဘွားသည် ၂၁-၃-၂၀၁၆ရက် ည ၈း၅၅နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံခွန်တိုင်၊ မုခ်ဦးဒါယိကာမကြီး
## ဒေါ်ခင် အသက်(၈၉)နှစ်
**(စန်းငွေးပုံနှိပ်တိုက်၊ စန်းငွေးမိုတယ်၊ ညောင်လေးပင်)**

ပဲခူးတိုင်းဒေသကြီး၊ ပဲနွယ်ကုန်းမြို့နေ (ဦးပြန့်လျော်-ဒေါ်အင်နား)တို့၏သမီး၊ ညောင်လေးပင်မြို့၊ မြို့မ(၃)ရပ်ကွက်၊ ဈေးအနောက်လမ်းနေ ဦးမောင်မောင်မြင့်-ဒေါ်ခင်ဝေ၊ ဒေါ်ခင်ခင်မြင့်၊ ဒေါ်စီစီမြင့်၊ ဒေါ်အေးအေး၊ ဒေါက်တာစန်းငွေး-ဒေါက်တာသန္တာလှိုင်တို့၏မိခင်၊ မကြော့ကြော့စံ B.E(IST)(ရတနာပုံဆိုက်ဘာစီးတီးတက္ကသိုလ်)၊ မောင်ကောင်းမြတ် 4th Year (B.D.S)တို့၏ဘွားဘွား၊ (ဦးစိန်ထိုင်)၏ဇနီးသည် ၂၁-၃-၂၀၁၆ရက်(တနင်္လာနေ့)ညနေ ၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၃-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ညောင်လေးပင်မြို့၊ မြို့မ(၃)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ စန်းငွေးမိုတယ်မှတရုတ်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၇-၃-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသောင်းစိန် (မုံရွာ)
**အသက်(၈၄)နှစ်**

မုံရွာမြို့နေ (ဦးဘ-ဒေါ်ငွေမြိုင်)တို့၏သား၊ ရန်ကုန်မြို့နေ(ဦးညွန့်လှိုင်-ဒေါ်ကျင်အိုင်)တို့၏ သားသမက်၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဠ)ရပ်ကွက်၊ အိန္ဒြာ ၈လမ်း၊ အမှတ် ၁၁၃၁နေ ဒေါ်စန်းစန်းမြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးကောင်းမြတ်ညွန့်(စိုက်ပျိုးရေးဦးစီးဌာန) - ဒေါ်အိရွှေဝါစိန်၊ ဦးစောရန်နောင်စိန် (ပြည်တွင်းရေကြောင်း)-ဒေါ်ဆန်းမြင့်ခိုင်တို့၏ဖခင်၊ မောင်ဟိန်းခန့်နောင်၏ အဘိုးသည် ၂၁-၃-၂၀၁၆ရက် (တနင်္လာနေ့)တွင် နေပြည်တော်(ခုတင်-၁၀၀၀) ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်ဝေ(ခ)ဝမ်အီကွေ
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ ကျောက်မြောင်းရပ်ကွက်၊ ရွှေဘိုလမ်း၊ အမှတ် ၁၂နေ ဒေါ်ရွှေယဉ်၏ခင်ပွန်း၊ ဦးတိုးလွင် (THUNDER LITE BATTERY)-ဒေါ်အေးအေးမြင့်၊ ဒေါ်မူမူသန်း၊ ဒေါ်မြစံပယ်၊ ဦးကျော်လွင် - ဒေါ်မျိုးမျိုးလွင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၁-၃-၂၀၁၆ရက် ည ၁၁း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၃-၂၀၁၆ရက် နံနက် ၉း၃၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်လှလှမြင့်
**ပ-၃၆၇၂ (ဦးစီးအရာရှိ)**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**(ရုံးချုပ်)(ငြိမ်း)**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ငုဝါလမ်း၊အမှတ်၉၅၊ခြောက်လွှာနေ (ဦးဘကျော် - ဒေါ်စန်းရီ)တို့၏ သမီး၊ ဒေါ်နုနုရီ၏အစ်မ၊ (ဦးစံခင်-ဒေါ်စိန်ထွေး)တို့၏သမီးချွေးမ၊ ဒုတိယရဲမှူးမောင်မောင်(ငြိမ်း) [စာရေးသူ-မောင်မောင်(ယထ)]၏ ချစ်လှစွာသော ဇနီး၊ ရဲအုပ်သန်းထွန်း(ငြိမ်း)၊ (တပ်ကြပ်ကြီး သိန်းဇော်ဦး)-ဒေါ်ဝါဝါလွင်တို့၏အဒေါ်၊ (ဒေါ်လေးမွန်)-ဦးဇော်လင်း၊ (ဦးမြတ်သာ)-ဒေါ်သန်းသန်းမော်၊(ဦးထွန်းသာ)-ဒေါ်မြတ်မြတ်ကြူ၊ ဦးသန်းကြွယ်ထွေး-ဒေါ်ထွေးမွန်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မငုဝါအောင် - တကက စိုင်းအောင်လင်း (အထူးမှူးယစ်)၊ ကိုစိုးမိုးအောင်-မသစ်သစ်လွင် (ယူနိုက်တက်အမရာဘဏ်)၊ ကိုသော်ဇင်အောင်၊ကိုကိုနိုင်၊ မစုသက်မွန်၊ မစုသဲမွန်၊ ကိုထိန်လင်းအောင်၊ ကိုခိုင်ဇော်လွင်-မဖြူဖြူလွင်၊ မချိုးမျက်သွယ်ထွန်း-ကိုသန်းဇော်ဦး၊မယမုံမျက်သွယ်ထွန်း၊မောင်ဝေယံထွန်းတို့၏အဘွား၊ မသူနေယွန်း၊ မောင်သုတသော်ဇင်တို့၏ ဘွားဘွားကြီးသည် ၂၁-၃-၂၀၁၆ရက် ည ၁၀း၅၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြည်ညွန့် အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ရွှေတောင်ကြား(၁)ရပ်ကွက်၊ အင်းလျားမြိုင်လမ်း၊ အမှတ် ၅၁နေ (ဦးဘရင်-ဒေါ်မြအေး)တို့၏သမီး၊ (ဦးဇေယျ)၏ဇနီး၊ ဦးတင်အောင် - ဒေါ်ခင်ခင်စိန်၊ ဦးမြဝင်း-ဒေါ်အေးမြင့်၊ (ဦးသိန်းမြင့်ထွန်း-ဒေါ်ခင်ဝင်းစိန်)၊ ဦးသန်းအောင် - ဒေါ်မြင့်မြင့်ကြည်၊ ဦးခင်ကျော်-ဒေါ်မာမာအေး၊ ဦးကြည်ဝင်း-ဒေါ်မြင့်မြင့်ရီ၊ (ဦးထင်ကျော်)-ဒေါ်သင်းသင်း၊ ဦးကျော်ကျော်-ဒေါ်ဘုတ်ဘုတ်တို့၏မိခင်၊ မြေး ၂၀၊ မြစ် ၁၇ ယောက်တို့၏အဘွားသည် ၂၂-၃-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၀၀း၅၅ နာရီတွင် နှင်းဆီကုန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးစိန်ဝင်း အသက်(၈၆)နှစ်
**အကြီးတန်းအုပ်ချုပ်ရေးအရာရှိ(ငြိမ်း)**
**အထွေထွေစီမံခန့်ခွဲရေးဌာန(ရန်ကုန်)**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)**

မတ္တရာမြို့နေ ဦးလေးတာ-ဒေါ်ဆွမ်းပို့တို့၏သား၊ ပြင်ဦးလွင်မြို့နေ ဦးဘဝင်း-ဒေါ်ကွန့်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အရှေ့ရန်ကင်း၊ တိုက် ၂၁၉၊ အခန်း ၂၈နေ ဒေါ်တင်တင်ဝင်း၏ခင်ပွန်း၊ ဦးတင်မောင်မောင်ဝင်း(E/E,APL Shipping Co.,Ltd. S'Pore) - ဒေါ်မေမေသန်း (FM Bagan)၊ ဒေါ်တင်မမဝင်း၊ [ဦးမျိုးညွန့်(3rd Mate F.G)]-ဒေါ်တင်လှလှဝင်း၊ [ဦးငွေးလွင် (East Wind Shipping)] - ဒေါ်သီတာဝင်း(မီးမီး)တို့၏ချစ်စွာသောဖခင်၊ မောင်နေလင်းထွန်း-မဆုလဲ့ဖြူ(Idea Gems Art & Frame)၊ မောင်အောင်ကောင်းမြတ်(Grade-11, အထက-၂၊ ကမာရွတ်)၊ မောင်ကျော်နန္ဒ(Grade-10, အထက-၁၊ ရန်ကင်း)၊ မောင်အောင်မျိုးသူ (Grade-9, TTC, ပြည်လမ်း)တို့၏ အဘိုးသည် ၂၂-၃-၂၀၁၆ရက် (အင်္ဂါနေ့)နံနက် ၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဂီတစာဆို ဦးသစ်အောင် (ခ)ဦးခင်မောင်ဝင်း
**(ငွေစာရင်းမင်းကြီးရုံး၊ ငြိမ်း)**
**အသက်(၈၄)နှစ်**

မွန်ပြည်နယ်၊ မုဒုံမြို့၊ ဒုံကနီရပ်၊ အမှတ် ၆၊ မြစန္ဒာလမ်းနေ (ဦးချစ်အောင်-ဒေါ်ဆာရာ)တို့၏သား၊ ဦးမျိုးဝေ(ငွေစာရင်းမင်းကြီးရုံး၊ ငြိမ်း)၏ညီ၊ ဒေါ်မြင့်မြင့်ဝေ၏အစ်ကို၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ စံပယ်ခြံ (၁)လမ်း၊ အမှတ် ၉၂/ကနေ (ဦးထွန်းလှ)-ဒေါ်မြင့်သက်ဦး၊ (ဦးထွန်းထွန်း)-ဒေါ်ချိုမာဦး၊ဦးသိန်းအောင်-ဒေါ်ညိုညိုမြင့် (ခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ မြောက်ပိုင်း)၊ ဦးစန်းဝင်း - ဒေါ်တင်တင်လှဲ့၊ ဦးထွန်းဇော်လတ် - ဒေါ်တင်တင်နွဲ့ (လူမှုဝန်ထမ်းဦးစီးဌာန)၊ ဦးရဲဝင်းအောင် (MTSH-UMSCCI) တို့၏ဖခင်၊ မြေး၁၁ယောက်၊မြစ်၁၂ယောက်တို့၏အဘိုး၊ (ဒေါ်ခင်မြဝေ)၏ခင်ပွန်းသည် ၁၈-၃-၂၀၁၆ရက် (သောကြာနေ့)ည ၁၀နာရီတွင်အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၉-၃-၂၀၁၆ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တသြဘာသာနန္ဒ
**သာသနဓဇဓမ္မာစရိယ-ကမ္မဋ္ဌာနာစရိယ**
**ဆုတောင်းပြည့်ကျောင်းတိုက် နာယကအဖွဲ့ဝင်**
**မင်္ဂလာတောင်ညွန့်မြို့နယ်ဝိနည်းဓိုရ်၊ သန္ဓေပင်တောရဓမ္မရိပ်သာ**
**သက်တော်(၆၅)နှစ်၊ သိက္ခာတော်(၄၅)ဝါ**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဆုတောင်းပြည့်ကျောင်းတိုက် နာယကအဖွဲ့ဝင်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဝိနည်းဓိုရ်၊ သန္ဓေပင်တောရဓမ္မရိပ်သာ ကမ္မဋ္ဌာနာစရိယဖြစ်တော်မူသော ပဲခူးတိုင်းဒေသကြီး၊ ယင်းတိုက်မှော်ကျေးရွာအုပ်စု၊ မအူပင်ကွေ့ကျေးရွာ၊ ခမည်းတော်ဦးကျော်ဖေ-မယ်တော် ဒေါ်အုန်းကြင်တို့၏သားတော် ဘဒ္ဒန္တသြဘာသာနန္ဒ မဟာထေရ်မြတ်သည်(၁၃၇၇ ခုနှစ် တပေါင်းလဆန်း ၄ရက်) ၁၂-၃-၂၀၁၆ရက်(စနေနေ့) နံနက် ၅း၂၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၇ခုနှစ် တန်ခူးလဆန်း ၃ရက်) ၁၀-၄-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင် ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ မအူပင်ကွေ့ကျေးရွာ၊ သန္ဓေပင်တောရဓမ္မရိပ်သာ၌ အန္တိမဈာပနပူဇာသဘင်ကို စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှတပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကော်မတီ
သန္ဓေပင်တောရဓမ္မရိပ်သာ၊ သဲကုန်းမြို့နယ်၊ မအူပင်ကွေ့ကျေးရွာ

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဂျိုးဖြူသာသနာပြုဆရာတော်
## ဘဒ္ဒန္တအဂ္ဂသာရ (အဖေကြီး ဦးအေးဖေ)
**M.A, B.L မြန်မာစာပါမောက္ခ(ငြိမ်း)**
**သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၁၃)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ သက္ကဝတီမြို့၊ ချင်းကုန်းကျေးရွာ မြနန်းဘုံစံကျောင်း၌ သီတင်းသုံးတော်မူသော ဆရာတော် ဘဒ္ဒန္တအဂ္ဂသာရသည် (၁၃၇၇ခုနှစ် တပေါင်းလဆန်း၁၃ရက်) ၂၁-၃-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၄ရက်) ၂၇-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် တိုက်ကြီးမြို့နယ် ဂျိုးဖြူတောင်၌ အန္တိမအဂ္ဂိဈာပနသဘင် ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးကော်မတီ၊ ဂျိုးဖြူတောင်

---

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဆရာကြီး ဦးအောင်သန်း အသက်(၈၀)
**(အထပြ၊ ငြိမ်း)၊ (ဗိုလ်တထောင်၊ ကျောက်ဆည်၊ ပုသိမ်ကြီးကျောင်း၊ အထက-၁၃၊ မန္တလေး)**

မန္တလေးမြို့၊ ၆၃×၆၄လမ်းကြား၊ ၃၃×၃၄လမ်းကြား၊ မြရတနာလမ်းသွယ်နေ (ဦးဘရီ-ဒေါ်မမကြီး)တို့၏သား၊ ဦးလှသိန်း၊ ဦးကျော်မြင့်တို့၏ညီ၊ မောင်ကိုကိုဦး-မစိမ်းလဲ့အောင်၊မောင်ကျော်ကိုကိုဦး-မနှင်းနွဲ့အောင်တို့၏ဖခင်၊ မအိမ့်ခေတ်စံ၊ မမေမဒီကို၊ မဝိုင်းယုယ၊ မခင်သဒ္ဒါတို့၏အဘိုး၊ ဒေါ်သန်းသန်းငွေး(အလက-၁၀၊ မန္တလေး၊ ငြိမ်း)၏ခင်ပွန်းသည် ၂၂-၃-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၃-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ် ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ရွှေ(သဃ်န်းကျွန်း) အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဋ္ဌိလ (၃)လမ်း၊ ၁၆/၁ရပ်ကွက်၊ အမှတ် ၈၀၆နေ (ဦးသောင်း-ဒေါ်မြငြိမ်း)၊ (ဦးကျော်လှိုင်-ဒေါ်အုန်းမြင့်)တို့၏သား၊ (ဦးဖိုးခွေး-ဒေါ်တင်နု)တို့၏သားသမက်၊ ဒေါ်ကျင်ရွှေ၏ခင်ပွန်း၊ ကိုဝင်းလွင်ဦး-မခိုင်ခိုင်မြင့်၊ ကိုအောင်မျိုးမြင့်-မမင်းမင်းသက်(ခေတ္တ-သြစတြေးလျ)၊ ကိုကျော်မျိုးလွင်(ခေတ္တ-စင်ကာပူ)၊ ကိုနေလင်း-မသင်းသင်းရွှေတို့၏ချစ်လှစွာသောဖခင်၊ ဦးအောင်ငွေ-ဒေါ်လှလှကျင်၊ ဦးတင်ဝင်း (မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူး၊ ငြိမ်း)-ဒေါ်ခင်မြဝေ၊ (ဦးကြည်ကို-ဒေါ်အေးသန်း)၊ ဦးခင်မောင်ဝင်း-ဒေါ်မြင့်မြင့်အေး၊ ဦးတင်လတ် (Technical Superintendent M.T.M Management PTE LTD)-ဒေါ်ရီရီဝင်း(ခေတ္တ-စင်ကာပူ)၊ ဦးမြင့်အောင်-ဒေါ်ဝါဝါခိုင်၊ ဦးလှမျိုးမြင့် (NorStar Crew Management Co.,Ltd.)-ဒေါ်သီတာမျိုး၊ ဦးအေးဇင်-ဒေါ်နီလာ၊ ဦးကျော်ကျော်-ဒေါ်စန်းညွန့်ဝေတို့၏အစ်ကို၊မြေးသုံးယောက်တို့၏အဘိုးသည် ၂၀-၃-၂၀၁၆ရက်(တနင်္ဂနွေနေ့)ညနေ ၄း၃၀နာရီတွင် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၆ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၃-၂၀၁၆ရက်(စနေနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်နိုခန့်မန်
**အသက်(၆၃)နှစ်**

ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်၊ ဂဲလ်မွာလ်ကျေးရွာနေ (ဦးပေါင်ကျန့်ထန်-ဒေါ်ကျင်းခေါ်နို)တို့၏သမီး၊ ဒေါ်နိုခန့်မန်၊ ဒေါ်မန်လမ့်ဝုန်း-ဦးလက်ကျင့်ခုပ် (ပညာရေးမှူး၊ ငြိမ်း)၊ ဦးကျင့်ဂိုပေါင်-ဆရာမ ညောင်ဆွန်းကျိန် (လယ်ပြ)၊ မောင်လျှန်ကျင့်ထန်၊ ဒေါ်အိုက်လမ့်ကျိန်-ဦးဆန်းထွန်း၊ ဒေါ်နွမ်းလမ့်ကျိန်-ဦးခမ်ခင်းမုန်(USA)၊ မောင်မန်အင်းပေါင်(USA)တို့၏အစ်မ၊ ဦးခမ်ဒိုထန် (မင်္ဂလာဒုံတပ်မတော်ဆေးရုံ၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးဟောက်လျှန်ခုပ်-ဒေါ်နိုလမ့်နွမ်း၊ မောင်ဟောက်လျှန်မုန်၊ မောင်ထန်ဆွန်းလျှန်၊ ဒေါ်ညောင်လမ့်ကျိန် - ဦးကျော်စန်းလွင်၊ ဒေါ်နိုဆွန်းညောင်-ဦးဝေယံတို့၏မိခင်၊ မောင်ထန်မွန်းခိုင်၊ မမန်ခန့်နွမ်း၊ မောင်ထန်ရှင်းခွာလ်၊ မမန်ရှင်းကျိန်၊ ကျိန်ရှင်းမွန်၊ မန်မွန်းကျိန်တို့၏အဘွားသည် ၂၁-၃-၂၀၁၆ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၃-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ (ဆူးလေ၊ လှိုင်သာယာနှင့် နေအိမ်တို့မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသိန်းထွန်း
**(ဦးသိန်းထွန်းနှင့်မောင်နှမများ ကုန်ခြောက်ဆိုင်)**
**B.Ag. (1973-1978)**
**အသက်(၆၄)နှစ်**

မြောင်းမြမြို့၊ ၄လမ်း၊ အမှတ် ၅၀နေ (ဦးလှရွှေ)-ဒေါ်သန်းရီတို့၏သား၊ မြောင်းမြမြို့၊ ၇လမ်း၊ အမှတ် ၁၄နေ (ဦးမြမောင်-ဒေါ်နီ)တို့၏ သားသမက်၊ မြောင်းမြမြို့၊ နတ်စင်လမ်း၊ အမှတ် ၆ နေ ဒေါ်နီနီဝင်း(မြောင်းမြ ဂုန်နီစက်ရုံခွဲမှူး၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးအောင်သန်း)-ဒေါ်အေးမိ၊ ဒေါ်အေးဝင်း၊ ဦးချိုထွန်း၊ ဦးဇော်ထွန်း(MMA ဘုရင့်နောင်) - ဒေါ်စုလေးမေ၊ ဒေါ်မြင့်မြင့်အေး၊ ဦးကျော်ဇေယျ (မြေစာရင်း)-ဒေါ်အေးအေးခိုင်တို့၏ အစ်ကို၊ ဒေါက်တာကျော်လင်းထွန်း (လက်ထောက် ဆရာဝန်-ခွဲစိတ်၊ မြောက်ဥက္ကလာပ ကုသရေးနှင့် သင်ကြားရေးဆေးရုံကြီး)၊ ဒေါက်တာကျော်သက်နိုင် (လက်ထောက်ဆရာဝန် Y.S.H)တို့၏ ချစ်လှစွာသောဖခင်၊ တူ/တူမ ငါးယောက်တို့၏ဦးလေးသည် ၂၂-၃-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၃း၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၂၄-၃-၂၀၁၆ ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် မြောင်းမြမြို့ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု



ဥတ္တရသီရိမြို့နယ်၌ စက်စက်ယိုဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးထားသည့် နဂါးမောက်စိုက်ခင်းကို တွေ့ရစဉ်။

# တောင်သူဦးကြီးတို့ဘဝကို အကျိုးပြုစေမည့် စိုက်ပျိုးသီးနှံအာမခံစနစ် ပေါ်ပေါက်လာတော့မည်

**တွေ့ဆုံမေးမြန်း-တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-နိုင်လင်းကြည်(ကြေးမုံ)**

**နေပြည်တော် မတ် ၂၂**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံလူဦးရေ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေတောင်သူလယ်သမားများ ဖြစ်ကြသည်။ နှစ်စဉ် နှစ်တိုင်း ရာသီဥတုဖောက်ပြန်မှုများ၊ သဘာဝဘေးများနှင့် သီးနှံဖျက်ပိုးမွှားများသည် လယ်ယာလုပ်ငန်း လုပ်ကိုင်ကြသည့် တောင်သူဦးကြီးတို့အတွက် အဓိကစိန်ခေါ်မှုတစ်ရပ်အဖြစ် ရင်ဆိုင်ဖြေရှင်းနေကြရသည်။

တောင်သူလယ်သမားများအနေဖြင့် တစ်ခါတစ်ရံ ရာသီဥတုဖောက်ပြန်မှုနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် စိုက်ပျိုးသီးနှံများမှ အမြတ်အစွန်းမရသည့်အပြင် ပျက်စီးဆုံးရှုံးမှုကြောင့် အရင်းအနှီးနှင့်လုပ်အားများပါ ဆုံးရှုံးနစ်နာရသည်အထိ ဆိုးကျိုးများကို တွေ့ကြုံခံစားကြရသည်။

စိုက်ပျိုးရေးလုပ်ငန်းများတွင် သီးနှံများမှာ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးမှုများ ဖြစ်သွားသော်လည်း လယ်သမားတို့အတွက် ထိခိုက်မှုအနည်းဆုံးလျော့ပါးသက်သာစေမည့် အကျိုးခံစားခွင့်

စာမျက်နှာ ၉ ကော်လံ ၁ ❍

# ခေတ်မီဘက်စုံသုံး ဆိပ်ခံတံတားနှင့် အဆောက်အအုံများတည်ဆောက်မည်

**သတင်း-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် မတ် ၂၂**

မြန်မာ့ဆိပ်ကမ်းများကို အဆင့်မြှင့်တင်မှုများပြုလုပ်လျက်ရှိရာ အချို့ဆိပ်ကမ်းများအား နိုင်ငံတကာသင်္ဘောကြီးများ ဝင်ထွက်ဆိုက်ကပ်နိုင်သည်အထိ ဆောင်ရွက်သွားရန် စီစဉ်ထားသည်။ ထိုသို့ ဆိပ်ကမ်းအဆင့်မြှင့်တင်မှု၊ အသစ်တည်ဆောက်မှုများပြုလုပ်ရာတွင် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် ဗိုလ်တထောင်ဘုရားနှင့် ဗိုလ်အောင်ကျော်ဆိပ်ခံတံတားအကြား သိမ်ဖြူကမ်းနားဒေသတွင် ခေတ်မီဘက်စုံသုံး ဆိပ်ခံတံတားနှင့် ဆိပ်ကမ်းသိမ်ဖြူကမ်းနားဒေသတွင် ခေတ်မီဘက်စုံသုံး ဆိပ်ခံတံတားနှင့် ဆိပ်ကမ်း အထောက်အကူပြု အဆောက်အအုံများကို တည်ဆောက်တော့မည်ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ❖



ကုန်တင်သင်္ဘောကြီးများ ဆိုက်ကပ်သည့် ရန်ကုန်ဆိပ်ကမ်းကို တွေ့ရစဉ်။

## နိုင်ငံတော်အကြီးအကဲတာဝန် လွှဲပြောင်းရေး အခမ်းအနားကျင်းပရေးနှင့် အသွင်ကူးပြောင်းမှုချောမွေ့ရေး ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

စာမျက်နှာ » ၅

## အရေးအတွက် စွမ်းဆောင်နိုင်မှုဟန်ချက်ညီညီ

စာမျက်နှာ » ၆

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် မိန့်ကြားခြင်းမပြုသောအကြောင်းအရာများအား မြန်မာသံတော်ဆင့်ဂျာနယ်မှ မှားယွင်းသတင်းဖော်ပြခြင်းနှင့်ပတ်သက်၍ မီဒီယာကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသို့ အကြောင်းကြားထားရှိ

စာမျက်နှာ » ၈

## ရန်ကင်းကလေးဆေးရုံတွင် ဦးနှောက်အမြှေးရောင်သံသယရှိ ကလေးငယ် ၂၀ ရောဂါပိုးမတွေ့၍ ဆေးရုံမှပြန်ဆင်း

စာမျက်နှာ » ၁၄






မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။